
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သူရှိုသက်ကိုမေ

ရေသူမရဲ့လမြင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၀၀၈ ၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၆၁၀၀၈

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးတိုးဝင်း (နေလရောင်အော့ဖ်ဆက်) (၀၂၄၃၁)

အမှတ် (၉၆/ခ)၊ (၁၁)လမ်း ရန်ကုန်မြို့

ထုတ်ဝေသူ - ဦးတိုးဝင်း (မြဲ ၈၉၃) ရန်ကိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

လရောင်က တဖြည်းတဖြည်း မြင့်တက်လာပါရော...။

မြစ်ပြင်ကို ဖြတ်တိုက်လာတဲ့ လေပြည်ကြောင့်... အေးမြနေတာပါပဲလေ။ လှလိုက်တဲ့ ဝန်းကျင်...။ လရောင်မြင့်လေ... ရေပြင်က တဖိတ်ဖိတ်လက်လာသလိုနှင့် ကြည့်လို့ကောင်းလာပါတယ်။

" ငါတို့ နေရာလေးက လှတယ်မဟုတ်လား... လပြည့်..."

" ဟုတ်တယ် လှတယ်..."

" မင်းတို့ရဲ့ ရန်ကုန်မြို့ကြီးလောက်တော့ မီးရောင်စုံအလှမရှိဘူးပေါ့... ဒါပေမယ့် လရောင်ရဲ့ အလှရှိပါတယ်..."

သူငယ်ချင်းသုံးယောက် ရေဆင်းတံတားလေးပေါ်မှာ ထိုင်နေမိကြတာပါ...။ ဒီနေ့ပဲ ဖိုးဝင်းမောင်နဲ့ ကျော်ထွန်းတို့ မြို့ကလေးကို လပြည့်လိုက်လည်ခဲ့တာပါ...။

" ဒါက ချောင်းပေါ့နော် "

" ဟုတ်တယ်... ချောင်းထဲက ထွက်ရင် မြစ်ကျယ်ကြီးရောက်မယ်လေ... မင်းကို နောက်တစ်ရက်ရက် လှေနဲ့လိုက်ပို့ဆေးမယ်..."

လပြည့်အတွက်ကတော့ မြင်သမျှ အထူးအဆန်းနှင့် နှစ်သက်စရာတွေချည်းပါပဲ...။

" ဟိုးရှေ့က ကမ်းမှာရော... လူနေအိမ်တွေ ရှိလား..."

www.burmeseclassic.com

" ရှိတော့ ရှိတယ် "

" ရှိတော့ ရှိတယ် ဘာဖြစ်လဲ..."

" မြို့ကွက်က ဒီဘက်ကမ်းမှာပဲ ရှိတာ... ဟိုဘက်ကမ်းမှာတော့ အိမ်သုံးလေးငါးအိမ်ပဲ ရှိတာ..."

" ဖိုးဝင်းမောင်တို့ပါလား... မင်းတို့ဘာထိုင်လုပ်နေကြလဲ..."

" ဦးလေးကျော်သောင်း ဘယ်လဲ... ငါးသွားဖမ်းမှာလား..."

" ဒါပေါ့ကွ... မင်းတို့ကတော့... ရေသူမကိုများ တွေ့ရမလား... စောင့်ကြည့်နေတာ မဟုတ်လား... ကြည့်လည်း လုပ်နော်... ရေသူမက ကြိုက်သွားမှ..."

ဦးလေးကြီးက ပြောပြီး တဟားဟား ရယ်လို့ ထွက်သွားပါပြီ။

" သူဘာပြောတာလဲ... ဖိုးဝင်းမောင် ရေသူမဆိုတာ ဘာလဲ..."

" မင်း ဟိုရွာမှာ ရေဆင်းတံတားတွေလား "

ချောင်းက အတန်ငယ်ကျယ်တာမို့ တစ်ဘက်ကမ်းကို မပီဝိုး တဝါးသာ မြင်ရပါတယ်။ ဒါတောင် လရောင်အတော်လင်း နေတာမို့ပါ...။ လမိုက်ညဆို မြင်ရမှာ မဟုတ်ပါဘူး...။

" အဲဒီ ရေဆင်းတံတားပေါ်ကို ရေသူမ လာတာ တွေ့ချင်တဲ့သူတွေ သွားသွားစောင့်ကြည့်ပေမယ့် မတွေ့ရဘူး... မတွေ့ချင်တဲ့ လူကျတော့လည်း ရေသူမက အေးအေးဆေးဆေးကို ထိုင်ကြည့်နေတာတဲ့..."

" ရေသူမ... အလကားပါ... ငါမယုံဘူး... ရေသူမဆိုတာ ရှိမှမရှိတာ..."



" မင်းအဲလိုတော့ မပြောနဲ့... ရေသူမကို မြင်ဖူးတဲ့ လူတွေထဲမှာ ငါ့အစ်ကိုဝမ်းကွဲ ကိုတင်မောင်ဦးလည်းပါတယ်... သူက အဲဒီနေ့ ဟိုဘက်ရွာက သူငယ်ချင်းဆီက အပြန်... လပြည့်ညပဲ... ညည့်နက်လွန်းလို့ ဒီဘက်တစ်နာရီပါးတောင် ရောက်နေပြီ... တစ်ယောက်တည်း လှေကလေးနဲ့ လှော်ပြီး ပြန်လာတာ... အဲဒီ ရေဆင်းတံတားကို လှမ်းအကြေ့ ရေထဲမှာ အကောင် တစ်ကောင် ကူးနေပါတယ်လို့ အကြည့် ရေသူမက ရေထဲက ဘွားခနဲ ရေဆင်းတံတားပေါ် တက်ထိုင်လိုက်တာ... ပြီးတော့ အမြီးနဲ့ ရေတွေကို ရိုက်ထုတ်နေသေးတာ... ဆံပင်ကြီးက အရှည်ကြီးကို သူ့ရဲ့ ရင်သားတွေကို ဆံပင်ရှည်ကြီး နှစ်ဘက်ခွဲပြီး ဖုံးထားတယ်တဲ့..."

ဆံပင်ကြီးက တစ်ကိုယ်လုံး... ဖုံးပြီး အင်မတန်လှတဲ့ ရေသူမတဲ့လေ...။

" အစ်ကိုတင်မောင်ဦးခမျာ ရေသူမကို စွဲလန်းပြီး တွေ့ချင်ဇောနဲ့ နေ့တိုင်း နေ့တိုင်း ညလယ်ဆို ရေဆင်းတံတားကို လာလာကြည့်တာ... မတွေ့ရလို့ နောက်မှ လူကြီးတွေ မနည်းဖျောင့်ဖျ ယူရတယ် "

" သူမျက်စိမှားတာ နေမှာပါ... ငါမယုံဘူး..."

ရေသူမတဲ့...။ မဖြစ်နိုင်။ ရေသူမဟာ ပုံပြင် သို့မဟုတ် ဒဏ္ဍာရီထဲမှာပဲ ရှိမယ်။ အပြင်မှာ ရှိကိုမရှိနိုင်။

" ဦးတင်အုန်းလည်း မြင်ဖူးတယ်... ဦးတင်အုန်း ပြောတာလည်း ကိုတင်မောင်ဦး ပြောတဲ့အတိုင်းပဲ..."

" ဦးတင်အုန်းကြီးကတော့ အမြဲမူးနေတဲ့လူပါ..."

" မူးနေရင် သစ်ပင်ကြီး ကြည့်ပြီး သရဲ မပြာလိုပြော..."

www.burmeseclassic.com



ပြောတတ်ကြတာပါကွာ…"

အတော်ကြီး မိုးချုပ်မှ အိမ်ဆီ ပြန်လျှောက်လာခဲ့ကြပါတယ်။ သူ့ကို့က ဘာပြောပြော လပြည့်ကတော့ ရေသူမရှိတယ်ဆိုတာ ယုံကြည်မှု မရှိပါဘူး။

အိမ်ကြီး အကြီးကြီးမှာ ဖိုးဝင်းမောင်နဲ့ သူ့ကြီးကြီး ကြီးမြတို့ပဲ ရှိတာပါ…။ ကျော်ထွန်းတို့အိမ်ကတော့ နှစ်ခြံကျော်လောက်မှာ ရှိပါတယ်။ ကြီးမြက ဟင်းချက်ကောင်းသလို စေတနာကလည်း ကောင်းနဲ့ တစ်ခါတလေမှ လာလည်တဲ့ လပြည့်အတွက်ဆို ငါးပုဇွန်နဲ့ ပတ်သက်သောဟင်းတွေ အမျိုးမျိုး ချက်ကျွေးရှာပါတယ်။

" မနက်စောစောမှာ မောင်လပြည့် စားရအောင်… ဆီထမင်းလေးနဲ့ ငါးခြောက်ကြော်ရယ်… ငါးသလောက်ဥကြော်ရယ် ပြင်ထားပေးတယ်… အဝသာစား…"

" ကြီးမြ… လပြည့်ကို ကျွန်တော် ချောင်းထဲ လှေနဲ့ လိုက်ပြမလို့…"

" ဟဲ့ မောင်လပြည့်က ရေကူးတတ်ရဲ့လား… ဂရုစိုက်ပါ…"

" ကျွန်တော် ရေကူးတတ်ပါတယ်…"

" ဒါဆို ကောင်းတာပေါ့… သွားလေ… ဟိုးမြစ်ကျယ်ထဲ ထိတော့ လျှောက်မလှော်နဲ့… ချောင်းကုန်တာနဲ့ ပြန်လာခဲ့ "

" ဟုတ်ကဲ့ပါ… မိုးရိပ်တွေလည်း ရှိတော့… ကမ်းကပ် လှော်ပါမယ်…"

ကျော်ထွန်း မအားတာနဲ့ လိုက်မလာပါဘူး။ ကျော်ထွန်းမှာက အမေအိုရှိပြီး အဖေလည်း မရှိတာမို့ သူ့မှာ အိမ်ရဲ့ စီးပွားရေးလည်း ရှာရသေးတယ်လေ။



" မြင်မြင်သမျှ စိမ်းစိုလှပနေသလိုပါပဲ…"

လပြည့်အတွက်တော့ စိမ်းသောဝန်းကျင်က လှပသစ်ဆန်း နေတာ နှစ်သက်စရာပါ…။

" ရေသူမ လာလာထိုင်တာ ဒီရေဆင်း တံတားလား ဖိုးဝင်းမောင် "

" ဟုတ်တယ်…"

" အနားကပ် လှော်ရင်ရမလား "

" အပြန်ကျမှ အဲဒီဘက် ကပ်လှော်ပေးမယ်…"

ရေသူမကို တွေ့ရသည် ဆိုသော ရေဆင်းတံတားကလည်း ဘာမှမထူးဆန်းသော သစ်သားတံတားတစ်ခုပါပဲ။ ဒါပေမယ့် တံတားက အတော်နိမ့်ပါတယ်…။ တံတားပေါ်မှာ ထိုင်ကြည့်ချင် မိတယ်…။

" ကိုတင်မောင်ဦးက ရေသူမကို တွေ့တဲ့ညက လပြည့်ည ဟုတ်လား "

" ပြောတာပဲ… တချို့ကဆို ရေသူမကို ကြိုက်ပြီး… ကိုတင်မောင်ဦး စိတ်မနှံ့တော့လို့ ပြောချင်ရာပြောတာယ် ပြောနေကြ တော့…"

" ငါတော့ မယုံပါဘူး… ရေသူမဆိုတာမှ မရှိတာ…"

" ငါလည်း မတွေ့ဖူးပါဘူး… ဒါကြောင့်လည်း… တွေ့ချင်စိတ်လည်း မရှိပါဘူး…"

" ငါတော့ တွေ့ချင်တယ်…"

" ဟင်… မင်းကတွေ့ချင်တယ် ဟုတ်လား… လပြည့် "

" ဒါပေါ့… မရှိဘူးလို့ ထင်ခဲ့တာ… ရှိရင် တွေ့ရမှာပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တယ်…"

လှေကလေးက ချောင်းထဲမှ တရွေ့ရွေ့ ထွက်လာပါပြီ။ လပြည့်အတွက်ကတော့ ခရီးဝေးကလည်း တစ်ခါမှ မထွက်ဖူးသလို… ရေလမ်းကိုလည်း ရောက်မှမရောက်ဘူးတာပဲ…။

" မြစ်ထဲကနေ ဟိုးဘက်ထွက်ရင် ဘယ်ရောက်မလဲ "

" ပင်လယ်ထိ ရောက်မှာပေါ့… လပြည့်ရဲ့ "

" ဒီမြစ်ထဲမှာ မိကျောင်းမရှိဘူးလား "

လပြည့်အမေးကြောင့် ဖိုးဝင်းမောင် ရယ်ပါတယ်။ ပြီးတော့မှ ငါတို့ဘက်ထိ မိကျောင်း ဝင်လေ့မရှိပါဘူး…။ မိကျောင်းက ဟိုး ဘိုကလေးတို့ လပွတ္တာတို့ဘက်တွေမှာ ဝင်တတ်တယ် ပြောတာပဲ… ငါတို့ဆီမှာကတော့ မိကျောင်းရောက်မလာပါဘူးတဲ့။

" မင်းကကြောက်လို့လား "

" အသေအချာပေါ့… ရုပ်ရှင်တွေကြည့်ပြီး မိကျောင်းတို့ ငါးမန်းတို့တော့ ကြောက်တယ်… အခုလို လှေစီးသွားရင် အမြီးနဲ့ ရိုက်ချလိုက်ရော… ပြီးမှကိုက်တာ… ငါက ရေကူးတတ်တယ် ဆိုရုံဆိုတော့… တွေးရုံနဲ့ ကြောက်တယ်…"

" တွေးကြောက်မနေနဲ့… ဘာမိကျောင်းမှ မရှိဘူး… မင်းကို ငါးပူတင်းတွတ်ရုံပဲ…"

ပြောပြီးတော့ ဖိုးဝင်းမောင်က ရယ်တော့တာ…။ မြစ်ပြင် ကျယ်ကြီးရောက်တော့ ဆက်မလှော်တော့ပဲ ချောင်းအထွက် ဘေး ကမ်းစပ်မှာ လှေကိုရပ်ထားလိုက်တယ်…။

" လှလိုက်တာ… ကောင်းကင်ကြီးရယ်… ရေပြင်ရယ်… လေကလေးတိုက်လို့… မိုးရိပ်ရှိပေမယ့် အများကြီး လင်းတယ်…"



" ပြန်ကြရအောင် "

ချောင်းထဲ ပြန်ကွေ့လှော်ခဲ့တယ်။ ရေတွေက ပြည့်လျှံ နေတာပါလား…။

" ဖိုးဝင်းမောင်… ဟိုဟာက ရေသူမထိုင်တဲ့ တံတားနော်…"

" အင်းလေ… အဲဒါက ဘာဖြစ်လဲ "

" ဒီဘက်မှာ ချောင်းရိုးကလေး ရှိတယ်… အဲဒီ ချောင်းရိုး လေးထဲ ဝင်ကြည့်ရအောင်…"

" ဟာ… မဝင်ပါနဲ့… အဲဒီဘက်မှာ ခြံကြီးတွေ ရှိတယ်… ကွမ်းသီးခြံတွေ… ငါတို့တော့ တစ်ခါမှ မသွားဘူး… ကွမ်းသီးခြံက ဦးလေးစောတို့တောင်မှ ကွမ်းခြံကိစ္စ တခြားကိစ္စ ရှိရင် ငါတို့ဘက် ကူးလာတာ… ဟိုဘက် သိပ်မသွားကြဘူး…"

" သွားတော့ရော ဘာဖြစ်လဲ "

" မသွားကြဘူး… ဘာလို့ဆိုတော့ အဲဒီခြံတွေရဲ့နောက်မှာ သချိုင်းပျက်လည်း ရှိတယ်… ကွင်းပြင်တွေလည်း ရှိတယ်တဲ့ "

" ရေသူမဟာ အဲဒီခြံတွေဘက်က လာတာလား "

" ဟာ… ရေသူမပါဆို ရေထဲမှာနေတာပေါ့… ပင်လယ်က နေ မြစ်ထဲလာတာ… မြစ်ထဲကနေ ချောင်းကိုလာတာ ငါတို့ကသာ ရေသူမ ပြောနေတာ ကြီးမြကဖြင့်…"

ကြီးမြက ဘာဖြစ်လဲဆိုတော့…

ကြီးမြက အဲဒါရေသူမ မဟုတ်ဘူး… သချိုင်းပျက်ထဲက လာတဲ့ နာနာဘာဝတဲ့…။

" သရဲမက ဆံပင်ကြီး ဖားလျားချပြီး ရေဆင်းတံတားမှာ ထိုင် ငါးရှာစားနေတာကို ကိုတင်မောင်ဦး အမြင်မှားတာလို့ ကြီးမြက

www.burmeseclassic.com



ပြောတယ်…”

“ သရဲမဆို ပိုတောင် ကြည့်ချင်လာပြီ ”

ဖိုးဝင်းမောင်ကတော့ မကဲ့နဲ့ လပြည့်။ မင်းကို ဒီဆေါ်လာတာ ငါ့မှာတာဝန်ရှိတယ်… မင်းအန္တရာယ် တစ်ခုခုဖြစ်မှာ ငါစိတ်ပူရတယ်တဲ့… ဘာမှမဖြစ်သေးဘူးလို့ ပြောလိုက်တယ်…။

⁂ ⁂

“ ဖိုးဝင်းမောင်ကို ကြီးမြ မအူပင်ဘက်ခိုင်းမလို့… ဒီနေ့တော့ မောင်လပြည့် ပျင်းနေတော့မှာ…”

ကြီးမြ ချက်ကျွေးတဲ့ မုန့်ဟင်းခါးက အရမ်းကောင်းတာပါလား။ ဒီမှာက ငါးပေါတယ်ဆိုတော့ ဟင်းရည်ထဲမှာ ငါးတွေဆို အဖတ်လိုက်ပါနေတာ။

“ ကြီးမြ… ဒီကောင့်ကို အိမ်မှာပဲထား… ဘယ်မှမလွှတ်နဲ့…”

“ မင်းကလည်းကွာ… ငါ ကလေးမှ မဟုတ်တာ…”

“ ကလေးဆို ဘာအရေးလဲ… မင်းကို ငါကုန်းပိုး ခေါ်သွားတော့မှာပေါ့…”

“ ငါ ဝေးဝေးလံလံ ဘယ်မှမသွားဘူး… လှေလည်းမစီးဘူး စိတ်ချ… ဒီဘက် ကမ်းစပ်တစ်လျှောက်ရယ်… ပွဲတောင်ဆိပ်ဘက်ရယ်ကိုပဲ လျှောက်ကြည့်မှာ… လမ်းလျှောက်ကြည့်မှာပါ… စိတ်ချပါ…”

“ မိုးနဲ့လေနဲ့ ဘယ်မှမလွှတ်ပါဘူး… စိတ်ချသွား ”

ဖိုးဝင်းမောင်ကို ကြည့်ရတာ ကြီးမြခိုင်းတဲ့ အိမ်က အလုပ်ကိစ္စမို့သာ…။ လပြည့်ကိုထားခဲ့ပြီး သွားချင်ပုံမရပါဘူး။ ဖိုးဝင်းမောင်နှင့် အတူ ပွဲတောင်ဆိပ်ဘက် လျှောက်ခဲ့တယ်…

“ မင်းတစ်ယောက်တည်း လှေမစီးရဘူး… ဟိုဘက်ကမ်းကိုဆို ယောင်လို့တောင် မကူးရဘူး ”

www.burmeseclassic.com

www.burmeseclassic.com



" ဖိုးဝင်းမောင်... မင်းဒီလောက် စိတ်မပူပါနဲ့... ငါ လှေမစီးဘူး... ဟိုဘက်ကမ်းမကူးဘူး... ကတိပေးတယ် "

" ကတိဆိုရင်တော့ စိတ်ချပြီ..."

ပွဲတော်ဆိပ်ရောက်လာပြီလေ...။ ပွဲတော်ဆိပ်မှာ ရှိတဲ့ ညောင်မုတ်ဆိပ်ပင်ကြီးကိုတော့ လပြည့်သဘောကျပါတယ်...။ ဒါပေမယ့် ရေဘက်ကို ယိုင်လွန်းနေပြီ... ညောင်ပင်ရဲ့ အမြစ်တွေဆို ရေထဲထောင် ဝင်နေပြီလေ...။ ကြာရင်တော့ ရေရှိန်နဲ့ ပြိုလဲသွားမယ် ထင်ပါရဲ့...။

" ပွဲတော်လာနေပြီ... ငါသွားမယ်... ညနေပြန် ရောက်လာမှာ... ဒီနားဟိုနား လျှောက်ကြည့်ပြီး အိမ်ပြန်တော့ "

" အေးပါကွာ... စိတ်ချပါ..."

" ဟာ... ဦးလေးစော... ဒါ ကျွန်တော့်သူငယ်ချင်း မြို့ကခေါ်လာတာ... သူ့ကို ဟိုးနားဒီနား လိုက်ပြပြီး အိမ်ပြန်ပို့ ပေးလိုက်ပါ "

ဖိုးဝင်းမောင်တို့များ လပြည့်အပေါ် ဒီလောက်တောင် စိတ်ပူရသလား...။

လပြည့်ဆိုတာ ဒီလောက်ကြီးလည်း မရဲတင်းလှပါဘူး... ကိုယ့်အသက်အန္တရာယ်တော့ ဂရုစိုက်ရှောင်မှာပါ...။

" မင်းက ဖိုးဝင်းမောင် သူငယ်ချင်းလား "

" ဟုတ်ပါတယ် ကျွန်တော့်နာမည် လပြည့်ပါ..."

" လပြည့် တယ်ဟုတ်ပါလား... မင်းနာမည်က သဘောကျစရာပါပဲ "

" ဦးလေးက ဦးလေးစောနော် "



" ငါ့နာမည် စောဝင်းပါ..."

" ဦးလေးစောကရော... ဘယ်နေရာမှာ နေလဲ... ဖိုးဝင်း မောင်တို့နဲ့ နီးလား..."

စကားပြောရင်း လျှောက်လာခဲ့ပါတယ်။ တစ်ရက်တော့ ဖိုးဝင်းမောင်ကို ဟိုးဘက်မြို့စွန်ရပ်ကွက်က ဘုရားကြီးဆီ ပို့နိုင်းပေါ့တဲ့။

" မင်း ဒီမှာနေဦးမှာလား "

" နေဦးမှာပါ... အိမ်မှာ ကျွန်တော်မရှိလေ... ဒေါ်လေးက အကြိုက်ပေါ့..."

" ဟော... ဘာဖြစ်လို့လဲ..."

လပြည့် ဖေဖေနဲ့မေမေက လပြည့်တက္ကသိုလ်တက်နေတုန်း နှစ်နှစ်ခြားပြီး ဆုံးသွားကြရော။ ဖေဖေ့ညီ ဦးလေးက ခေါ်ထားပေမယ့် ဦးလေးရဲ့ဇနီး ဒေါ်လေးကတော့ သူ့သားသမီး သုံးယောက်လည်း ရှိတော့ လူပိုဖြစ်လာတဲ့ လပြည့်ကို မနှစ်သက်လှပါဘူး။ လပြည့်ရဲ့ အမွေတွေကိုလည်း မြင်မှာပေါ့လေ။

" ဘွဲ့ရပြီး အလုပ်လည်း မရှိသေးတော့ အိမ်မှာနေရတာ နိစ္စဓူဝ အငြိုငြင်ခံရလွန်းတာ သိတဲ့ သူငယ်ချင်း ဖိုးဝင်းမောင်က အလည်ခေါ်လာတာပါ... ဖိုးဝင်းမောင်ကျတော့လည်း မိဘမရှိပေမယ့် သိပ်ချစ်တတ်တဲ့ ကြီးမြရှိတော့ ကျွန်တော့်ထက် ကံကောင်းတာပေါ့ ဦးလေးရဲ့ "

ဦးလေးစောက ခေါင်းတညိတ်ညိတ် နားထောင်လာ ပါတယ်... ဘဝဆိုတာ ဒီလိုပါပဲ လပြည့်ရယ်... မင်းကို ဦးလေးစော စာနာပါတယ်... ဘာလို့ဆိုတော့ ငါတို့လည်း မင်းလိုဘဝနဲ့ နေခဲ့ဖူး လို့ပါတဲ့... ဦးလေးစောရဲ့ မိဘတွေဆုံးတော့... ဦးလေးစောနဲ့

www.burmeseclassic.com

www.burmeseclassic.com



ညီလေးတစ်ယောက် ကျန်ခဲ့တာ... အရိုက်ကြမ်း အဆူကြမ်းသော အဒေါ်အရင်းနဲ့ နေရတော့ လပြည့်ကို စာနာပါတယ်တဲ့။

" မမြက ကြင်နာတတ်ပါတယ်... ဖိုးဝင်းမောင်ကိုလည်း ချစ်တော့ မင်းကိုလည်း ချစ်မှာပါ..."

" ဟုတ်ပါတယ်... ကြီးမြက ကျွန်တော့်ကို ဖိုးဝင်းမောင်ကို ချစ်သလို ချစ်တာပါ..."

ဦးလေးစောနှင့် စကားတပြောပြော လျှောက်လာတာ... အိမ်ကိုတောင် လှမ်းမြင်နေရပါပြီ။

" မင်းသွားတော့လေ..."

" ဦးလေးစောကရော "

" ငါက ဟိုဘက်ကမ်းကူးမှာ... ငါက ဟိုဘက်ကမ်းမှာ နေတာ "

" ဟိုဘက်ကမ်း "

ဦးလေးစောက ဟိုဘက်ကမ်းမှာ နေတယ်ဆိုပါလား...။ ဒီအခါမှာ... ရေသူမဆိုတဲ့ ဝေါဟာရလေးဟာ ရုတ်တရက် ချက်ချင်း ဆိုသလို လပြည့်ခေါင်းထဲကို ရောက်လာခဲ့ပါတယ်။

" ဒါဆို ဦးလေးစော ဘယ်လိုလာခဲ့သလဲ "

" လှေနဲ့လာတာပေါ့..."

" လှေနဲ့... တစ်ရက်တော့ ဦးလေးစောတို့အိမ်ကို လပြည့် လိုက်လည်ချင်တယ် "

" အိမ်ကို... လိုက်လည်ချင်တယ်..."

" ဟုတ်ကဲ့ "

" ဟာ... ဒါတော့ မဖြစ်ဘူး... ဒါတော့ မဖြစ်ဘူး—



ငါသွားပြီ "

ဟောဗျ...

ဘယ်လိုဖြစ်ရပါလိမ့်။ လိုက်လည်ချင်တယ်လေး ပြောမိပါတယ်... ဒါတော့ မဖြစ်ဘူး... ဒါတော့ မဖြစ်ဘူး ဆိုပြီး... သုတ်ခြေတင်လို့ လျှောက်သွားပါရောလား။ ဘာလို့လဲ... ဘာလို့ သူတို့အိမ်ကို လိုက်မလည်စေချင်ရတာပါလိမ့်...။

လူ့စိတ်ဆိုတာကလည်း ခက်သားလား။ မလာပါနဲ့ဆိုမှ ပိုပြီး လာချင်သလိုပါပဲ။ ဖိုးဝင်းမောင်ကိုတော့ မေးကြည့်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

လပြည့်စိတ်က ခပ်မြန်မြန်ရယ်...

ညနေရောက်လာမည့် ဖိုးဝင်းမောင်ကို မစောင့်နိုင်နေ့လည်ခင်း လပြည့်စားဆို ကြီးမြက ပုစွန်ခြောက်နိုင်းခြင်းနဲ့ လက်ဖက်သုတ်ကို ရေနွေးကြမ်းနဲ့ လာချပေးတော့ မေးမိပြီ...

" ကြီးမြ... ဟိုဘက်ကမ်းက... ဦးလေးစောကို သိပါတယ်နော် "

" ဟဲ့... ဘာမသိစရာရှိလဲ... စောဝင်းကို ပြောတာမဟုတ်လား..."

" ဟုတ်ကဲ့ "

ဖိုးဝင်းမောင်က ပွဲတောင်ဆိပ်ကအပြန် အတူ ထည့်ပေးလို့ စကားပြောလာကြရင်းမှ... ဟိုဘက်ကမ်းမှာ နေတယ်ဆိုတော့ လိုက်လည်ချင်တယ် ပြောမိပါတယ်။

" ပြေးလိုက်တာ ကြီးမြရာ... ကျွန်တော်က ဖွတ်အတင်းမလိုက်ပါဘူး "

လပြည့်အပြောကြောင့်... ကြီးမြရယ်လိုက်တာ။ ကြီးမြရယ်ရင်း ရွှေသွားလေးတစ်ချောင်းက ကျိုးပြီး ချစ်စရာလေးလိုပါပဲ... လပြည့်အပေါ်မှာ ဖိုးဝင်းမောင်ကို ချစ်သလို ချစ်တာမို့လည်း အပြန်အလှန်မေတ္တာဝင်ပါရဲ့လေ...။



" စောဝင်းတို့က ဒီလိုပါပဲ... သူ့ညီ လူဆိုးကြောင့် ဘယ်သူ့မှ အိမ်လည် မခေါ်ဘူး..."

" သူ့ညီ လူဆိုး..."

" ဟုတ်တယ်... စောဝင်းညီက အရမ်းဆိုးခဲ့တာ သားရဲ့... ဟိုတုန်းက လူမိုက်ဖော်... အရက်သောက် ဖဲရိုက် မိန်းမရှုပ် အကုန်ဆိုးတာ... ရိုက်မှုဖြစ်ပြီး ထောင်လည်း ကျဖူးတယ်... အခုလည်း မလိမ္မာလှပါဘူး... နေချင်သလိုနေ ပေတေတေပေါ့... အမြဲလို မူးနေတော့... တွေ့သမျှ ရန်သူထင်တာ... စောဝင်း တစ်ယောက်ပဲ ကောင်းတယ် ထင်တယ်လေ... အစ်ကိုကိုပဲ ချစ်တယ်... ချစ်ပေမယ့် စကားတော့ နားမထောင်ပါဘူး... ခုနောက်ပိုင်း အသက်တွေ ကြီးလာတော့ ဒီဘက်ကမ်းလည်း မလာပါဘူး... သူတို့ဘက်မှာပဲနေတာ..."

" ဒါကြောင့်လား..."

ခုမှသဘောပေါက်ရတယ်...

ဒါကြောင့် လာလည်ချင်တယ် ဆိုတာနဲ့... ဦးလေးစော တစ်ယောက် မဖြစ်ဘူး မဖြစ်ဘူးဆို လစ်ပြေးတာကိုး...။

" တင်မောင်ဦးတစ်ယောက် အဲဒီဘက် အကူးကောင်းတာ ဆာမင်းနဲ့တွေ့လို့ အရိုက်ခံရပါရော... မသေကောင်း မပျောက်ကောင်းလေ..."

" ကိုရွှင်မောင်ဦး..."

" ဖိုးဝင်းမောင် မပြောဘူးလား... တင်မောင်ဦးက ညလယ်ကြီးမှာ မကောင်းဆိုးဝါးတွေ့ပြီး စိတ်က မှုမမှန်ချင်တော့ ဟိုဘက်ကမ်းသွားတာလေ..."

" ကိုတင်မောင်ဦးက ရေသူမ တွေ့တာဆို ကြီးမြ "

www.burmeseclassic.com

www.burmeseclassic.com



" ရေသူမဆိုတာရှိလို့လားကွယ်... ရှိမှမရှိတာ... ကြည့်ရတာ... နာနာဘာဝမကောင်းဆိုးဝါးကို အမြင်လွဲတွေ့တာပါ... အဲဒီ နောက်ပိုင်း တင်မောင်ဦးလည်း ဘာအလုပ်မှကို မလုပ်ပဲ... ကြောင်တောင်တောင်နဲ့ နေတာပဲ သားရဲ့... အိမ်က လစ်ရင်လစ်သလို လှေတစ်စီးနဲ့ ရေသူမအရှာထွက်တယ်တဲ့... ကံနိမ့်တုန်း မကောင်းတာတွေတာ နေမှာ... မင်းတို့လည်း ညည့်နက်အောင် မလည်နဲ့..."

" ကိုတင်မောင်ဦးနဲ့ တွေ့ချင်လိုက်တာ "

" သူထင်ရာလျှောက်ပြောနေတာပါ... မယုံစမ်းပါနဲ့..."

ကြီးမြကတော့ မယုံစမ်းပါနဲ့တဲ့...

လပြည့်ကတော့ ကိုတင်မောင်ဦး ပြောတာကို နားထောင်ကြည့်ချင်တာ...။

" ကြီးမြ... ဦးစောမင်းဆိုတဲ့ လူကြီးက ဒီဘက်တော့ ကူးမလာဘူးပေါ့..."

" မလာပါဘူး... လာလည်း မလာရဲတော့ပါဘူး... သူနှိပ်စက်ခဲ့တဲ့ လူတွေရော နည်းလား... အရက်သောက်ပြီး မူးနေမှာပေါ့... လက်ကလည်း အင်မတန် ယဉ်တာ... လက်သီးနဲ့ ထိုးရမလား... တုတ်နဲ့ရိုက်ရမလား... ဓားနဲ့ ခုတ်ရမလား... လျှင်မှ လျှင်ပါပဲ..."

" လက်ရှိ မိန်းမရော မရှိဘူးလား..."

" မိန်းမ... ယူခဲ့တဲ့ မိန်းမကတော့ သူ့သက်စေ့တောင် ကပ်မလား... အခုလက်ရှိတော့ မရှိဘူး "

" သားသမီးရော..."

" ဪ... ဖိုးလပြည့်လေး... ဘယ်လိုဖြစ်လို့ စောင်းချိ



သီအစ်ကိုကို သိပ်စိတ်ဝင်စားနေပါလိမ့်..."

ဒါကြောင့်မို့ ကြီးမြကိုလည်း ဆက်မမေးရဲတော့ပါပဲ... ဟိုဘက်ကမ်းကို ကူးကြည့်ချင်စိတ်သာ စိုးမိုးနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

" မင်း... ဒီ ရေဆင်းတံတားမှာ လာထိုင်တာ... ဘာလဲ ရေသူမ တွေ့ချင်လို့လား..."

ကျော်ထွန်းအမေးကြောင့် ဖိုးဝင်းမောင်ကပါ နဂိုရ်က လပြည့်တစ်ယောက် ပုံမှန်မဟုတ်ရတဲ့အထဲတွဲ... ကိုတင်မောင်ဦးက ရေသူမတွေ့ပြီးမှ ရူးတာ... လပြည့်ကတော့ ရေသူမ မတွေ့ခင်က ရူးနှင့်ပြီတဲ့။

" မဟုတ်ပါဘူး... ဒီနေရာလေးက အေးချမ်းလို့ပါ လေလေး က တဖြူးဖြူးနဲ့... မိုးမရွာလို့လည်း ပါပါတယ်... လပြည့်ညနဲ့ ထိုင်ချင်တယ်..."

" လပြည့်ည... ရေသူမက လပြည့်ညတိုင်း တွေ့တာ မဟုတ်ဘူးနော်..."

" ရေသူမကြောင့် မဟုတ်ပါဘူး ရေရယ် လရောင်ရယ် လေပြင်ညင်းရယ်... အရမ်းကို ကြည်နူးစရာ ကောင်းတာပါ လမြင့်လာလေ လှလာလေနေမှာ..."

သူတို့သုံးယောက် စကားထိုင်ပြောနေကြတာ... အိမ်ကြီး ပေါ်က ကြီးမြလှမ်းကြည့်တယ်လို့ ကျော်ထွန်းက ပြောပါတယ်။ ဖိုးဝင်းမောင်တို့ အိမ်ရှေ့နားတင်ဆိုတော့ ကြီးမြကလည်း ဘာမှ မပြောပါဘူး။

" ဦးလေးစောအကြောင်း ကြီးမြ ပြောပြမှ သိရတာ



ငါက သူ့အိမ် လိုက်လည်ချင်တယ်လို့ ပြောမိတယ်..."

" သူ့အိမ်လိုက်လည်ရင်တော့ ခေါင်းကွဲမှာ အသေအချာပါပဲ"

ကျော်ထွန်းကတောင်မှ ဦးစောမင်းကို သိပ်မမှတ်မိတော့ဘူးလို့ ပြောပါတယ်။

" ငါတို့ ခပ်ငယ်ငယ် သုံးလေးငါးတန်းတုန်းက ဒီဘက်ကမ်းကို ကူးသေးတယ်... မူးယိုင်နေတာပါ... နေ့စဉ်ရက်ဆက် ဒီလောက် သောက်တာတောင်မှ ခုထိသေတယ် မကြားပါဘူး..."

" ဟိုဘက်ကမ်းကူးရင် သူကရိုက်မှာလား..."

" ပြောလို့ရမလား... သူ့ခြံထဲဝင်ရင်တော့ ရန်ရှာချင် ရှာမှာပေါ့..."

" ဟိုကလေးတွေ မိုးချုပ်ပြီ ဝင်တော့ "

ကြီးမြ လှမ်းအော်တော့မှ အိမ်ဆီ ပြန်လာခဲ့ကြတယ်။ ကျော်ထွန်းက သူ့အိမ်ပြန်သွားတော့ ဖိုးဝင်းမောင်နဲ့ နှစ်ယောက်တည်း ပေါ့လေ...။ ကြီးမြက သားတို့နှစ်ယောက် ဗိုက်ဆာရင် ကော်ဖီဖျော် သောက်တဲ့...။ မုန့်ပုံးထဲမှာ... ကိတ်ခြောက်တွေလည်း ရှိတယ်တဲ့။

သူငယ်ချင်းနှစ်ယောက် တံခါးလေးဖွင့်လို့ အိမ်ရှေ့ခန်းထိုင်မိ ကြပြန်ပေါ့...။

ဟိုဘက်ကမ်းကို မပီပိုးတဝါး လှမ်းမြင်ရတယ်။ လမြင့်လာ ရင်တော့ ပိုပီပြင်လာမှာပါ။

" ရေသူမထိုင်တဲ့... ရေဆင်းတံတားကို ဒီပြတင်းက ကြည့်ရင် မြင်ရတယ်... ဖိုးဝင်းမောင် "

" သေချာမမြင်ရပါဘူး "

" မြင်တော့ မြင်ရပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



" မင်းကြည့်ချင်နေပြီလား..."

" အင်းလေ... ငါကြည့်ချင်တယ်... လပြည့်ညပဲ စောင့် မယ်... အခုတောင်မှ အတော်မြင်ရတဲ့ အလင်းရောင်ရှိတယ်... ငါ ဒီည စောင့်ကြည့်မယ် ခဏနေ ပိုလင်းလာမှာ "

" ဒါဆို... ဒီနားမှာ ခြင်ထောင်ထောင်မယ်... ငါကတော့ အိပ်မှာ... မင်းကတော့ ရေသူမ စောင့်ပေါ့ကွာ... ဟုတ်လား ကော်ဖီသောက်မလား... မသောက်ရင် ငါအိပ်မယ် "

" မသောက်တော့ဘူး... လာ အိပ်ရာခင်းကြရအောင်"

သူငယ်ချင်းနှစ်ယောက် ပြတင်းပေါက်အနားမှာ... အိပ်ရာခင်း ခြင်ထောင်ထောင်ကြတာပေါ့...။ နောက်ကို ဒီနေရာမှာပဲ အိပ်ရအောင် ဖိုးဝင်းမောင်... ငါမပြန်မချင်း... ညလယ်ဆို ရေသူမကို ကြည့်မယ် ပြောလိုက်တယ်...။

" လပြည့် "

" ဘာလဲ "

" တစ်ခုတော့ ကတိပေးဦး "

" ဘာလဲကွာ... မင်းကလည်း..."

" တစ်ခုခုကိုများ... မတော်တဆတွေ့ခဲ့ရင်... ငါမပါဘဲ မင်းတစ်ယောက်တည်း သွားမကြည့်ရဘူး... ဘယ်လိုလဲ "

" အေးပါ စိတ်ချ... ငါကတိပေးတယ် "

" ဒါဆို ငါတော့အိပ်ပြီ..."

ဖိုးဝင်းမောင်က ခြင်ထောင်သေချာချပြီး အိပ်တဲ့အခါ တော့... လပြည့်တစ်ယောက်တည်း ငေးရင်းကျန်ခဲ့တာပေါ့။ ခဏ တော့ မီးပိတ်ပစ်လိုက်တယ်... အိပ်ခန်းထဲက ကြီးမြရဲ့ ဟောက်သံ



ကြားရတာမို့ လပြည့် ပြုံးရပါတယ်။

မီးပိတ်လိုက်တော့ မျက်ဝန်းရှေ့ ရှိသမျှ ပိုလင်းလာခဲ့တာ ပေါ့လေ...။ ရေဆင်းတံတားလေးက အလင်းရောင်အောက်မှာ မြင်နေရ တာတော့... ဘာမှမရှိသလိုပါပဲ...။ လေလေးက တဖြူးဖြူးမို့ လှဲရင်း မျက်ဝန်းတွေက စဉ်းလာသလို... မှေးခနဲ အိပ်ပျော်သွားတယ်လေ...။

ခြင်ကိုက်တာမို့ လပြည့်လန့်နိုးလာတယ်။

သတိရလို့ နာရီကြည့်တော့ ညလယ် တစ်နာရီခွဲတောင် ကျော်နေပြီ...။ သတိရရခြင်း ရေဆင်းတံတားလေးရှိရာ လှမ်းကြည့် လိုက်တဲ့အခါ...။ လရောင်က လင်းနေပါတယ်... သေချာမြင်နေရ တာက ရေဆင်းတံတားပေါ်မှာ လူတစ်ယောက် ထိုင်နေတာပါ...

ဟုတ်ရဲ့လား...

ဟုတ်ရဲ့လားဆို ကြည့်နေမိတယ်...။

မလှုပ်မယှက် ထိုင်နေပုံရယ်... အတန်ငယ်လည်း လှမ်းတာမို့ လူတစ်ယောက်လို့ပဲ မြင်ရတာ... မပီပြင်ပါလား...။ ယောက်ျား မိန်းမတောင် ခွဲမရသေး။

" ဖိုးဝင်းမောင်... ဖိုးဝင်းမောင် "

ကြီးမြနိုးမှာလည်း စိုးရိမ်လို့ ဖိုးဝင်းမောင်ကို အသာလှုပ်နှိုးရတယ်။

" ဟင်... ဘာလဲ လပြည့် ဘာလဲ "

" တိုးတိုးပြောပါ... ကြီးမြ နိုးမယ် "

" ဘာလဲဟင် "

" ဟိုမှာကြည့်စမ်း... ဟိုမှာ သေချာကြည့် "

ဖိုးဝင်းမောင်ခမျာလည်း လပြည့်က သေချာကြည့်ဆို

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးပွတ်ပြီး ကြည့်ရပါတယ်။

" တွေ့လား ဖိုးဝင်းမောင် "

" အေး "

" ရေဆင်းတံတားမှာ လူတစ်ယောက် ထိုင်နေတယ်... အဲဒါ ရေသူမလား..."

" ငါလည်း ထိုင်နေတာပဲ မြင်တာ "

" သွားကြည့်ရအောင်... ငါတို့အိမ်က ရေဆင်းတံတားလောက်ထိ သွားကြည့်ရင် သေချာမြင်နိုင်တယ်..."

" ငါတော့ လန့်တယ် လပြည့်... ရေသူမ မဟုတ်ပဲ ကြီးမြပြောသလို သရဲမဆို "

" မင်းကလည်းကွာ မဟုတ်နိုင်တာ... လာပါ... မင်းပြောတော့ မင်းမပါရင် မသွားရဘူးဆို..."

" ကဲပါ... ဒါဆိုလည်း သွားကွာ... သွား... ကြီးမြတော့ မသိစေနဲ့ "

ဖိုးဝင်းမောင်ကို ခေါ်ပြီး အတူဆင်းလာခဲ့တယ်။ ရင်ထဲတော့ တထိတ်ထိတ်ပါပဲ။ ခြံထဲမှာလည်း လရောင်ကြောင့် လင်းထိန်နေတာ— ခပ်လှမ်းလှမ်းထိ အကုန်မြင်နေရတယ်လေ...။

သူတို့ ရေဆင်းတံတားပေါ်မှာလည်း ထင်ထင်ရှားရှား မထိုင်ရဲ... တော်ကြာ ဟိုဘက်က မြင်သွားနိုင်တယ်...။

" ဖိုးဝင်းမောင်... ဆံပင်အရှည်ကြီး ထင်တယ်..."

" အေး... ငါကြက်သီးထနေပြီ... လပြည့်..."

တံတားကြမ်းပြင်မှာ နှစ်ယောက်သား မှောက်လျက် လှဲရင်း ကြည့်နေတာ...။ ကျောပေးထိုင်နေပြီး ဆံပင်အရှည်ကြီးကိုတော့



လရောင်ကြောင့် ပီပြင်စွာ မြင်ရတယ်။

" ရေသူမပဲ ဖြစ်ဖြစ် သရဲမပဲဖြစ်ဖြစ်... ကိုတင်မောင်ဦး မြင်ရတာ ဒီမိန်းမပဲဖြစ်မယ် ဖိုးဝင်းမောင်..."

" ဟိုဘက်လှည့်နေတာ... ဆံပင်တွေကတော့ တကယ် အရှည်ကြီးပါလား..."

" လူပဲဖြစ်ရမယ် "

" လူ... လူ မိန်းမတစ်ယောက် အဲဒီဘက်ကမ်းမှာ ရှိလည်း မဖြစ်နိုင်ဘူး... ဆံပင်ဒီလောက်အရှည်ကြီးနဲ့ မိန်းမ အဲဒီဘက်ကမ်းမှာ တစ်ယောက်မှ မရှိဘူး..."

" ဒီဘက်လှည့်လာရင် ကောင်းမယ်... ကြည့်ရတာ ကိုတင်မောင်ဦးဟာ လှေနဲ့ ဟိုဘက်က ဝင်လို့ ဒီမိန်းမရဲ့ မျက်နှာကို မြင်ရတာ နေမှာ... ငါတို့ ဟိုဘက်ကို သွားရရင် ကောင်းမှာ..."

" စိတ်ကူးယဉ်မနေနဲ့ လပြည့်... ခုမှ မင်းလှေပေါ်ဆင်းရင် တွေ့ဖို့မလွယ်တော့ဘူး... ငါတို့ ဟိုအကွယ်က နေပြီး ရေထဲ ခဲပစ်ချရင်ကော..."

ဖိုးဝင်းမောင်အကြံ ကောင်းတယ်...။

ဒါကြောင့် သစ်ပင်တွေ ကွယ်နေတဲ့ နေရာမှာ ပုန်းကွယ်လိုက်ပြီး... ရေထဲခဲပစ်ချလိုက်တဲ့အခါ...။ ရုတ်တရက် လှည့်ကြည့်လာတဲ့ အခါမှာတော့...။

" ဟာ... အရမ်းလှတယ် "

ဒီလိုအချိန် မြင်ရတာရယ်... အတော်လေး လှမ်းနေတာရယ်... ဒီကြားထဲတောင် အလှကို မြင်ရတယ်လေ...။

" ပြန်... ပြန်ကြစို့ လပြည့်... ငါကြောက်လာပြီ..."

www.burmeseclassic.com



ဖိုးဝင်းမောင်ကတော့ ပြောမရပါပဲ… လှစ်ခနဲ ထွက်ပြေးတဲ့ အခါမှာ လှမ်းကြည့်နေတဲ့ အလှပိုင်ရှင်က ဝုန်းခနဲဆို ရေထဲကို ခုန်ချသွားပါလေရော…။

လပြည့် အံ့သြလွန်းလို့ အဲဒီ ရေဆင်းတံတားကို ငေးကြည့်နေ ဆဲ…။

အဲဒါ လူတစ်ယောက်သာဆို ရေဆင်းတံတားပေါ်ကနေ ထွက်ပြေးရမယ်…။ အခုတော့ ဒီအချိန်ကြီး ဘာလို့ ရေထဲခုန်ချ ရတာလဲ…။ ဒီလောက် ဆံပင်အရှည်ကြီးတွေက ရေထဲမှာ စိုမကုန် ဘူးလား…။ သူမဟာ ရေသူမမို့လို့သာ ရေထဲဆင်းသွားတာလား…။

❀ ❀

" ဒါဆို မင်းတို့နှစ်ယောက် ရေသူမကို တွေ့ရတာပေါ့ ဟုတ်လား… ဒီလိုမှန်းသိ ငါလည်း လာအိပ်ပါတယ်…"

ကျော်ထွန်းကို တိုးတိုးတိတ်တိတ် ပြောပြရတယ်…။

လူကြီးတွေကြားလို့မှ မဖြစ်တာ…။ အထူးသဖြင့် ကြီးမြသိလို့ လုံးဝမဖြစ်…။ ကြီးမြက ရေသူမလို့ ယုံတာမဟုတ်။ သရဲမလို့ချည်း ပြောနေတာ…။

" လပြည့်… မင်းဘယ်လိုထင်လဲ… ရေသူမလို့ ထင်လား"

" ပြောလို့တော့ မရဘူး… ဒါပေမယ့် မင်းတို့စဉ်းစား ကြည့်လေ… လူဆိုရင် ရေဆင်းတံတားပေါ် တက်ပြေးရမယ်… သရဲဆိုရင် ချက်ချင်း ကိုယ်ယောင်ဖျောက်ရမယ်… အခုတော့ ဘာလို့ ရေထဲခုန်ချရတာလဲ… ရေထဲကို လူတစ်ယောက် ခုန်ချလိုက်သလိုကို ဝုန်းဆို ဆင်းသွားတာ… ခြေထောက်ပိုင်းက ရေယက်ကို သေချာလည်း တွေ့ရတာ မဟုတ်ဘူး… အတော်လှမ်းလှမ်းက ကြည့်တာတောင် မျက်နှာက အတော်အဆင်ပြေတယ်… သရဲလို ကြောက်စရာ ရုပ်လည်း မဟုတ်ဘူး "

" တော်ပါတော့ လပြည့်ရာ… မင်းသာ စိတ်ဝင်စားနေတာ… ငါဖြင့်… ရင်တွေတုန်ပြီး လန့်တာ မပြေသေးဘူး…"

ဖိုးဝင်းမောင်များ ကြောက်တတ်လိုက်တာလွန်ရော။ သူ

www.burmeseclassic.com

www.burmeseclassic.com



အကြောက်ကောင်းပြီး ထွက်ပြေးလို့... ရေသူမလည်း လန့်ပြီး ရေထဲဆင်းသွားတာ။

" သရဲတော့ မဟုတ်ဘူး..."

" ဘာလို့လဲ "

" သရဲက ရေထဲ ဘယ်ခုန်ဆင်းမလဲ... ပျောက်သွားတာမျိုးပဲ ဖြစ်မှာပေါ့..."

" ပြောနိုင်လို့လား... သရဲလည်း ရေနစ်သေတဲ့ သရဲတို့... ရေကြောင့်သေရတဲ့သရဲတို့ ရေထဲမှာ နေချင်နေမယ်... မင်းပြောနိုင်လား... သရဲအကြောင်း ပြိတ္တာအကြောင်း ငါတို့ သေချာမသိပါဘူး..."

" အင်း... ဟုတ်တယ်... ဖိုးဝင်းမောင် ပြောတာလည်း ဖြစ်နိုင်တယ်..."

လပြည့်တောင် ဇဝေဇဝါ ဖြစ်ရတယ်။

ဟုတ်နိုင်သလား...။

ရေထဲက သရဲမ ဖြစ်နိုင်သလား...။

မသိတော့ဘူးကွာ... မသိတော့ဘူး။ ဘာတွေမှန်းကို မသိတော့ဘူး... မေ့ပစ်လိုက် ဆိုတော့လည်း...

ဟင့်အင်း...

ဒါတော့ မရဘူး...

မမေ့နိုင်ဘူး... တိတိကျကျ သိရမှကို ဖြစ်လိမ့်မယ်။

" ထားလိုက်ကြပါစို့ လပြည့်ရာ "

" ဘာလို့ ထားရမှာလဲ... ငါကတော့ သရဲဆိုလည်း ငါ့ကို ခြောက်ပြမှ ယုံမယ်..."

" လပြည့်... အဲလို မလုပ်ပါနဲ့ "



" ငါကတော့ ကိုတင်မောင်ဦးကို ကိုယ်ချင်းစာနေပြီ..."

" ဒါဆို မင်းလည်း ကိုတင်မောင်ဦးလို ရူးနေပြီပေါ့ "

" ထင်တာပဲ "

ဖိုးဝင်းမောင်ကတော့ လပြည့်ကို ပြောမိတာ... မှားပါတယ်တဲ့။ အခု ရေသူမကို တွေ့ရပြီဆိုတော့ ထပ်တလဲ တွေ့ချင်နေပါပြီ။

" ရေသူမက လပြည့်ညမှ လာတာတဲ့လား..."

" ဘယ်ပြောနိုင်ပါမလဲ... တစ်ခုရှိတာက လပြည့်ရက်တွေက လင်းတယ်လေ... ဒီတော့... လပြည့်ရက်ဆို သေချာမြင်ရတာနေမှာ... မှောင်နေတော့ ရေသူမထိုင်နေရင် မမြင်ရတာ နေမှာ... သူလာချင်တဲ့နေ့ လာတာနေမှာ "

" ဒီရေအတက်နဲ့မျှား ပါလာတာလား "

" လပြည့်နဲ့ ကျော်ထွန်း... မင်းတို့ ခေါင်းရှုပ်ခံ စဉ်းစားမနေနဲ့... ငါတို့က လူတွေ... သူက ရေသူမလား သရဲလား... ဒီတော့ ဘဝခြင်းတွေ တခြားစီ... စွဲလန်းမနေနဲ့... စွဲလန်းရင် အလုပ်ပျက်ရုံပဲ... လပြည့်... ငါမပါပဲတော့ မင်း အဲဒီဘက် မသွားရဘူးနော် "

" အင်းပါကွာ..."

ဖိုးဝင်းမောင်ကတော့ စွဲလန်းမနေနဲ့တဲ့...

မရတော့ဘူး... ခုမှလာမပြောနဲ့... စိတ်က သိပ်သိချင်စိတ် ပြင်းပြနေပြီ။

" လပြည့်ကျော် တစ်ရက်လည်း လင်းတာပဲ... လာမလား မသိဘူး "

" ညက သန့်ထားတော့ လာချင်မှ လာမှာပေါ့ကွ..."

www.burmeseclassic.com

www.burmeseclassic.com



" လာ လာ မလာလာ ဒီည စောစောအိပ်ရမယ်... လပြည့်... အခန်းထဲ ပြန်ဝင်အိပ်ကြစို့ "

" ဟင့်အင်း... ငါ အပြင်မှာပဲ အိပ်မယ်... ရေသူမကို တွေ့ရင်လည်း ကြည့်မှာပါ... မင်းလိုက်ပို့ချင်ပို့ မပို့ချင်နေ... မပို့ရင် ငါ့ဘာသာ သွားမယ်..."

" လပြည့်... မင်းကိုငါခေါ်လာတာ မင်းဟာ ငါ့အချစ်ဆုံး သူငယ်ချင်း... မင်းတစ်ခုခု အဖြစ်မခံနိုင်ဘူး..."

" ဘာဖြစ်စရာရှိလဲ... ရေသူမ သို့မဟုတ် သရဲ တစ်ခုခု သေချာသိရရင် တော်ပြီ "

" သရဲဆို မင်းကိုကြောက်စရာ ရုပ်ပြလိုက်ပါပြီတဲ့... မင်းလန့်ပြီး ရူးရင် သေရင် ငါဘယ်လိုမှ ဖြေနိုင်မှာ မဟုတ်ဘူး... ငါ တားရလိမ့်မယ်..."

" ငါဒီလောက် သွေးမကြောင်ပါဘူး "

" ပြောနိုင်လား... လူဆိုတာ ကိုယ့်ကိုယ်ကို သတ္တိရှိတယ်... ထင်နေမယ့် တကယ်ရင်ဆိုင်ရမှ လန့်ပြီး ဖျားသေတဲ့ လူမျိုးတွေလည်း ရှိတယ် "

ဖိုးဝင်းမောင် ဘယ်လိုစိတ်ပူတတ်နေပါလိမ့်။ ဒါကြောင့် ငြင်းမနေတော့ပါပဲ... ငါ့ကို ဘုရားပို့မယ်ဆို သွားရအောင်လို့ ပြောလိုက်ပါတယ်။ အချစ်ခင်ဆုံး သူငယ်ချင်းတွေပဲ... ပြောမရဆိုမရ ခေါင်းမာလေ့ရှိတဲ့ လပြည့်ရဲ့ အကျင့်ကို ဖိုးဝင်းမောင် မသိပဲနေမလား။

" ငါမသိပဲ ဘာမှမလုပ်ရဘူး လပြည့် "

" ဒါဆို ငါလုပ်ချင်တာ မင်းလိုက်လုပ်ပေးပေါ့..."

" ဖိုးဝင်းမောင်... ငါလည်း လပြည့်ကို ကူညီမှာပါ... မင်းထင်သလောက်လည်း လပြည့် မရူးပါဘူး "



ကျော်ထွန်းက လပြည့်ဘက်မှ ကူပြောပေးပါတယ်။ လပြည့်ကို ပြောမရမှန်းသိလို့ ထင်ပါရဲ့ ဖိုးဝင်းမောင်လည်း ငြိမ်နေပါပြီ။

သေချာသိချင်တယ် ရေသူမလေးရေ...။

❀ ❀

www.burmeseclassic.com

ကျော်ထွန်းပါ အတူလာအိပ်ပါတယ်။

ဒီတစ်ညတော့ လှေနှင့်သွားကြည့်ချင်တယ်လို့ ပြောပြီး ရေကို လှော်တက်နဲ့ ခပ်တဲ့အသံကို တတ်နိုင်သရွေ့ ထိန်းလှော် မရဘူးလား ဖိုးဝင်းမောင်ဆိုတော့... ရေသူမ ထိုင်နေမှ လှေပေါ်ဆ ရင် ရေဆင်းတံတားပေါ်ရောက်တာနဲ့... သိပ်မဝေးတော့ တွေ့သွား မယ်တဲ့...။

" ကိုတင်မောင်ဦးက ဘယ်လို အနီးကပ်တွေ့လိုက်ပါလိမ့်

" သူက လှေလှော်ပြန်လာတာ... ရေသူမက ရေဆ တံတားပေါ်မှာ ထိုင်နေတာတဲ့ "

" သူ့ကိုမြင်တော့ ညကလို ရေထဲ ခုန်မချဘူးလား

" ခုန်ချတာပေါ့... ဒါပေမယ့် ရေကူးပြီး ခပ်လှမ်း အရောက် မျက်နှာကို ရေထဲမှာ သေချာတွေ့လိုက်တာတဲ့... ရေ ထွက်သွားတာကို အနီးကပ်မြင်ရတာ... သိပ်လှတယ်... သိပ်လှတ အဲလိုပြောတာပဲ..."

" ဒါဆို အဲဒီအချိန်မတိုင်ခင် မြစ်ဝကာက်က လှော်ရမယ်

" ကြီးမြက လွှတ်ပါလိမ့်မယ်... မင်းညက တွေ့တဲ့အ မတိုင်ခင်ဆို... ဆယ့်တစ်နာရီလောက် ဒီကထွက်ပြီး မြစ်ဘက် အေးလေးလှော်... ပြန်လာရင် တွေ့ချင်လည်း တွေ့မယ်... မ



လည်း မတွေ့ဘူး..."

" မင်းပြောတာ အားရှိစရာပါလား... တွေ့ချင်မှ တွေ့မယ်..."

" ကိုတင်မောင်ဦးခများ နေ့တိုင်းသွားတာတောင် မတွေ့တော့ဘူးလို့ ပြောတာကိုး..."

ဒီလိုကျတော့လည်း... အားလျော့စရာပါလား။ ဒီနေ့ နောက်ထပ်တွေ့ဖို့ လွယ်ပါတော့မလား...။ သက်ပြင်းတွေ ရှိုက်မိပါပေါ့...။

ရေသူမလေးရေ...။

မင်းကို အနီးကပ်တွေ့တဲ့ ကိုတင်မောင်ဦး... နောက်ထပ် တွေ့ချင်တာ လွန်လွန်းတယ်လို့ လပြည့်တော့ မထင်တော့ပါဘူး။

" တွေ့တွေ့ မတွေ့တွေ့ကွာ... ငါသွားချင်တယ် "

" မသွားလို့ မရဘူးလား "

" မရဘူး "

" ရေဆင်းတံတားနားကနေပဲ စောင့်ပါလား... လှေနဲ့ဆိုတော့ တစ်ခုခု မှောက်ပြသွားရင်... မင်းကို စိတ်ပူတယ်... ကျော်ထွန်းနဲ့ ငါက ရေကောင်းကောင်းကူးတတ်တယ်..."

" ငါ့မှာ ဂျာကင်ရှိပါတယ်... ပြီးတော့ ငါရေကူးတတ်တာပဲ"

" ရေကူးတတ်ပေမယ့် ရုတ်တရက်ဆိုတော့..."

ဖိုးဝင်းမောင်ကတော့ လပြည့်အပေါ် စိတ်ပူလွန်း သလိုပါပဲ လား။ လပြည့်ကတော့ ရေကူးတတ်တာဆို စိတ်မပူလှပါဘူး။

" ကဲ... ဒီလို လုပ်ရအောင်... မင်းတို့ နှစ်ယောက်သွား ငါဝင်ပါမယ်... လှေကို ငါတို့အိမ်က ရေဆင်းတံတားမှာ ခပ်ထား မယ်... ဖိုးဝင်းမောင်တို့ ရေဆင်းတံတားဆို သိပ်နီးတော့ တွေ့မှ

www.burmeseclassic.com



လှေထဲဆင်းရင် သိမယ်… ငါတို့အိမ် ရေဆင်းတံတားက ဆင်းရ အောင်…”

“ အေး… ဒါလည်း မဆိုးဘူး ”

“ ကြိုမထွက်ဘူး… ရေသူမကို မနေ့ကလို တွေ့ပြီဆိုမှ…”

သူငယ်ချင်းသုံးယောက် တိုင်ပင်ပြီး ထုံးစံအတိုင်း အိမ်ရှေ့မှာ ခြင်ထောင်ကြီးထောင် အိပ်ဖို့ ပြင်ကြတာ။

“ ဟဲ့ အစောကြီး အိပ်ဖို့ ပြင်နေတာလား… ကြီးမြက သားတို့သုံးယောက်အတွက် ပေါင်မုန့်ကြက်ဥလေး ကြော်ပေးနေတာ”

“ မအိပ်သေးပါဘူး ကြီးမြရဲ့ အိပ်ချင်တဲ့အချိန် အလွယ် တကူ အိပ်လို့ရအောင် ခြင်ထောင်ထောင်တာပါ… စိတ်ထဲမှာ သိပ်အိုက်တယ် ထင်ရင်တော့ ရေဆင်းတံတားပေါ် ဆင်းထိုင်မယ်…”

လပြည့်ကိုတော့ ညှိသည်မို့ရော… ဖိုးဝင်းမောင်ကို အလိုလိုက်သလိုရောမို့ ကြီးမြမဆူရှာပါဘူး…။

“ လှေနဲ့တော့ ဟိုဘက်ကမ်း မကူးကြနဲ့… ကြားလား ဖိုးဝင်းမောင် ”

“ ဟုတ်ကဲ့ ကြီးမြ ”

ကြီးမြက လပြည့်တို့ထက်တောင် လျှင်ပါသေးလား။ ဟိုဘက်ကူးသွားမှာကို စိတ်ပူပုံရပါတယ်။

“ ဟိုဘက်ကမ်း မကူးပါဘူး ကြီးမြ ”

“ အေး… အေး… ခဏနေရင် ကြီးမြ ဘုရားရှိခိုးပြီး အိပ်မယ်…”

ကြီးမြ ယူလာတဲ့ ပေါင်မုန့်ကြက်ဥကြော်တွေ စားရင်း ကျော်ထွန်းကတော့ တဝါးဝါးသမ်းပါတယ်…။



သည်ပုံဆို ညလယ်ထနိုင်ပါ့မလားဆိုတော့… ရတယ်တဲ့ နိုးသာနိုးတဲ့။

“ ငါလည်း အိပ်မှာနော်… မင်းအဆက်ကို မင်းစောင့် ”

ဖိုးဝင်းမောင် အပြောကြောင့် ရယ်ရပါသေးတယ်။ ရေသူမက လပြည့်ရဲ့ အဆက်ဆိုပါလား။

“ မလုပ်ပါနဲ့… ငါနဲ့ ကိုတင်မောင်ဦး လက်သီးထိုးနေရမယ်”

“ ကိုတင်မောင်ဦးက မင်းလောက် မချောဘူးလေကွာ…”

“ မနက်ဖြန် မုန့်ကျွေးဆို ကျွေးပါမယ်…”

ဖိုးဝင်းမောင်နဲ့ လပြည့်စကားပြောနေတုန်း… ကျော်ထွန်းက တော့ ကောင်းကောင်း အိပ်နေတော့တာပါ…။ ဖိုးဝင်းမောင်ကတော့ ဒီနေ့ ဝတ္ထုစာအုပ် အထူကြီး တစ်ခုနဲ့… မအိပ်ဘူးလို့ ပြောပါတယ်…

“ လပြည့် မင်းအိပ်လိုက်… ငါစောင့်မယ် ”

“ ငါ့ဘာသာ စောင့်ပါရစေ… မင်းကို မယုံကြည်ပါဘူး… တော်ကြာ မင်းအိပ်ပျော်သွားလို့ ငါတို့ လွဲနေပါမယ်…”

“ ဒီလောက်တောင်ပဲလား လပြည့်ရာ ”

စိတ်ဝင်စားခြင်းတွေကြောင့် မျက်ဝန်းတွေကလည်း ကျယ်နေ တယ် ထင်ပါရဲ့။ ဖိုးဝင်းမောင်ကလည်း စာထဲ စိတ်ဝင်စားနေလေရဲ့…။ ည၉က တစ်စစ နက်လာခဲ့ပါပြီ။

လရောင်ကြောင့် ပတ်ဝန်းကျင်လည်း ပီပြင်လာပါရော…။ ရေသူမ ရှိရှိ မရှိရှိ… လရောင်မှာ ရေဆင်းတံတားလေးပေါ် ထိုင်ချင် လိုက်တာ။

“ ဖိုးဝင်းမောင်… ရေဆင်းတံတားပေါ်မှာ ကျွခင်းပြီး အိပ်ရအောင် ”

www.burmeseclassic.com

www.burmeseclassic.com



" ဖျာခင်းပြီး အိပ်မယ်..."

" အေး..."

" ဒါဆို ကျော်ထွန်းကရော "

" ထားခဲ့..."

အိပ်နေတဲ့လူကို မနိုးတော့ပါဘူး...။

ဖိုးဝင်းမောင်နဲ့ နှစ်ယောက် ရေဆင်းတံတားပေါ် ရောက်ခဲ့ကြပြီ..။.

ဖျာခင်းပြီးကို အိပ်ကြတာ...။

ခြင်နည်းနည်း ကိုက်ပေမယ့်... နေလို့တော့ ရပါတယ်။ ဖိုးဝင်းမောင်ကတော့ ပက်လက်လေးနဲ့ ရင်ဘတ်ပေါ် လက်ကလေးတင်ပြီး ကောင်းကင်ကြီးကို ကြည့်ရတာ အသက်ရှူရ ကောင်းလိုက်တာတဲ့။

လပြည့်ခများတော့ မှောက်လျက်ကလေးနဲ့ တစ်ဘက်ကမ်းခပ်ဝေးဝေးဆောင်းဆောင်းမှာ ရှိနေတဲ့ ရေဆင်းတံတားလေးကို မျက်ဝန်းမခွာရဲ...။

ရေသံကို ကြားနေရတယ်...

ပထမတော့ ရေသံအပေါ်မှာ ထူးခြားတဲ့ ခံစားချက် မရှိသေးပါပဲ... ဒါပေမယ့်။

" ဖိုးဝင်းမောင်... ရေသံကြားလား "

" ရေသံ..."

ဖိုးဝင်းမောင်နဲ့ နှစ်ယောက် သချာနားစွင့်ရင်း ဂရုစိုက်နေကြတဲ့အခါမှာ။

" တစ်ယောက်ယောက်က ရေကူးနေတာ ထင်တယ် "



" ဟုတ်တယ် ရေကူးနေတာ... ရေကူးတာမှ ငြင်ငြင်သာသာကူးတာ မဟုတ်တော့ဘူး... ပျော်ပျော်ရွှင်ရွှင် ကူးတဲ့ ရေခတ်တဲ့အသံမျိုး "

ရေသံက အတော့်ကို ဆူညံနေပါတယ်...

သူငယ်ချင်းနှစ်ယောက် မျက်တောင်တောင်မှ မခတ်ရဲလောက်အောင် စိုက်ကြည့်နေကြရတယ်။ ဒီအခိုက် ရေထဲကနေ ဝုန်းခနဲဆို ရေဆင်းတံတားပေါ်ကို ခုန်တက်လာတဲ့အခါမှာ...။

" ဟာ... ဟာ..."

ဖိုးဝင်းမောင် ပါးစပ်ကို လှမ်းပိတ်ရပြီ...

ဒီကောင်အသံကျယ်ကြီးနဲ့ အော်ရင်...။

ရေသူမ ရေထဲ ပြန်ခုန်ချသွားနိုင်တာပေါ့။

ရေဆင်းတံတားပေါ်မှာ ဒီတစ်ခါတော့ ခပ်ဆောင်းဆောင်းလေးထိုင်နေပါတယ်... ရေစက်တွေကြောင့်လား လရောင်မှာ ဖိတ်ဖိတ်လက်နေသလိုလို...။

" ဒါဟာ ဆံပင်အစစ်တွေလိုပါပဲ... ငါတို့ဘာလုပ်မလဲ ဖိုးဝင်းမောင်..."

" ကျော်ထွန်းတို့ လေ့ဆိပ်ထိ သွားမယ်ဆို မဒီဘူး... ငါတို့ မတ်တတ်ရပ်လိုက်ရင်ကို ရေထဲခုန်ချမှာ "

ဒါလည်းဟုတ်တယ်။ ဖိုးဝင်းမောင်ကတော့ ဒီအတိုင်းကြည့်နေပါကွာတဲ့...။ ဒီအတိုင်းကြည့်ရတာ စိတ်မှာ အားမလိုအားမရနိုင်လိုက်တာ...။

" ဘာသံလဲ လပြည့် "

" သီချင်းသံ "

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံ အေးအေးလေးကို ကြားရတယ်...။

ဒါ ဘာသီချင်းလဲ ဖိုးဝင်းမောင်... ဒီ သံစဉ်အလိုက် ငါသိသလိုပဲ ဆိုတော့... စိုးစန္ဒာထွန်းသီချင်းတဲ့။

" ရေသူမက စိုးစန္ဒာထွန်း သီချင်းရပါ့မလား "

" ဟုတ်တယ်... သူဟာ လူလား..."

" သရဲတော့ သီချင်းမဆိုဘူး "

ကြည့်နေရင်း အတွေးတွေ များပါ့... ရေသူမလေးရယ်... ခဏနေတော့ ဟိုဘက်ကမ်းက ဆူဆူညံညံအသံတွေ ကြားရ... ရေသူမလေးက ရေထဲခုန်ချပျောက်ကွယ်သွားပါပြီ...။ လပြည့်မှာ နောက်ထပ်တွေ့ရပါဦးမလားဆို... ရင်တွေမောလို့ ကျန်ရစ်ရပါရော... ရေသူမလေး ဆိုသွားတဲ့ သီချင်းသံကိုသာ ခပ်တိုးတိုးညည်း ကြည့်မိပါပြီ။

✽ ✽

သစ္စာဖောက်တွေ...

သစ္စာဖောက်တွေဆိုပြီး ကျော်ထွန်းက လပြည့်တို့ နှစ်ယောက်ကို မျက်စောင်းတခဲခဲ။ ကျော်ထွန်းပုံစံကြည့်ရင်း ရယ်ကြရတယ်... မင်းကို ပြန်ခေါ်လို့မရတဲ့ အခြေအနေမို့ပါလို့ ပြောရတာပေါ့...။

" မုန့်ဟင်းခါးကလည်း ကောင်းလိုက်တာ "

" လပြည့်တော့ ငါတို့ဆီက မုန့်ဟင်းခါး စွဲနေပြီ..."

" ဒါဆိုလည်း ဦးလေးနုရဲ့ သမီး ခင်ချောနဲ့ပဲ ပေးစားလိုက်"

ဒီမုန့်ဟင်းခါးကို ရောက်တဲ့နေ့တည်းက စားတာ...။ တကယ် သဘောကျလို့ပါ... ဟင်းရေကျဲလေးမှာ ငါးတွေနဲ့မို့ ချိုနေတာပါပဲ...။

" ဦးလေးစော... မုန့်ဟင်းခါး စားပါဦး..."

ဖိုးဝင်းမောင် လှမ်းခေါ်မှ မြင်တယ်...

ဦးစောဝင်းဆိုတဲ့ လူကြီးပါလား။ ဟိုဘက်ကမ်း လိုက်ချင်တယ်လို့များ ခုနေပြောရင် ဆိုင်ထဲတောင် မဝင်ပဲ ထွက်ပြေးမလားမသိ။ လပြည့်တို့ ဘေးခုံမှာ ထိုင်လိုက်တယ်။

" ကိုစောဝင်း... ထုံးစံအတိုင်းလား "

" အေး..."

" ရှင် ရန်ကုန်မသွားပြန်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



" မသွားနိုင်ပါဘူးဟာ... စောမင်း နေမကောင်းလို့ "

" ရှင့်မလည်း... ဒီဝင့်က မကျွတ်နိုင်ဘူးနော်... ရှင့်ညီလို လူဆိုးလူမိုက်က သေမသေနိုင်ဘူး..."

" ဒါပေါ့ မယ်ခင်ရယ်... သူ့ကံပေါ့ "

" သူ ကံကောင်းနေသရွေ့ ရှင် ကံမကောင်းဘူးပေါ့ "

" ဒါကတော့ ညီအစ်ကိုအရင်းကြီးလေဟာ... ငါကမှ ပစ်မထားနိုင်ပဲကိုး..."

ဦးလေးစောက မုန့်ဟင်းခါးကို အမြန်စားပြီး ဘယ်သူမှ တောင် နှုတ်မဆက်ပဲ ထွက်သွားပြန်ပါပြီ...။ သူ့ကြည့်ရတာ သုတ်သုတ်ပျာပျာနဲ့ပါလား။

" ဒေါ်ကြီးခင်... ဦးလေးစော မိန်းမ ဆုံးတာ ကြာပြီလား... ကျွန်တော်တို့ သိပ်တောင်မမြင်ဖူးဘူး "

" ဟယ်... ကျော်ထွန်းရယ်... စောဝင်းက လူပျိုကြီးပါ... စောမင်းသာ လူမိုက်... မိန်းမ အများကြီး ယူခဲ့ပြီး ခုလက်ရှိတော့ တစ်ယောက်မှ မရှိတာ..."

" သားသမီးမရှိတော့လည်း ဦးလေးစောကပဲ ကြည့်ရှု မှာပေါ့ "

" ဒါပေါ့ဟဲ့... စောမင်းက စောဝင်းစကားတော့ နားထောင် တယ်... ရှေတင် နားထောင်တယ် ပြောတာပါ... အစ်ကိုရှေတော့ ယုန်လေးလိုပေါ့... အစ်ကိုလည်း ကွယ်ရော ဝံပုလွေက ဝံပုလွေပါပဲ..."

မုန့်စားမယ့်လူတွေများလာလို့ စကားပြတ်သွားတယ်... မုန့်စားပြီး ပြန်ထွက်လာကြတော့... ဟိုဘက်ကမ်းအကြောင်းပဲ ပြော နေကြရော...။ ကျော်ထွန်းနဲ့ မိုးဝင်းမောင်တောင် တစ်ခါမှ မရောက်ဖူး



ဘူးတဲ့။

" အရင် မြို့က လူနည်းပြီး ရွာသာသာပဲရှိတုန်းက သချိုင်းဟာ ဟိုဘက်မှာဆိုတော့ လူကြီးတွေကတော့ ရောက်ဖူးကြ တယ်တဲ့... ဒီဘက်မှာပဲ နေနေကြတော့... ဟိုဘက်နဲ့ အဆက်ပြတ် တုန်ပြီ... ဦးလေးစောတို့လို အိမ်လေးငါးလုံးပဲ ရှိတော့တာ..."

" ငါ ဟိုဘက်ကမ်း သွားချင်တယ် "

" လပြည့်တော့ ဦးစောမင်း ဓားချက်နဲ့ သေချင်ပြီ ဆင်တယ်... မသွားရဘူး "

" ရေသူမဟာ အဲဒီဘက်ကမ်းမှာ နေတာပဲ ဖြစ်ရမယ် "

သီးချင်းဆိုသံ ကြားရပြီးပြီ။ လူလို့ပဲ စိတ်မှာထင်နေတယ်။ မိုးဝင်းမောင်ကတော့ နာနာဘာဝတွေဟာ လူတွေကို လှည့်စားတတ် တယ်လို့လည်း ပြောပါသေးတယ်။

" ငါတို့မြို့က လည်စရာလည်း သိပ်မရှိပါဘူး လပြည့်ရောက် ခင်း ရန်ကုန် ဘယ်နေ့ ပြန်မလဲ "

မိုးဝင်းမောင်ဆီမှ ဒီလိုစကားကြားရတာ... စိတ်ထဲ နင့်သွား သလိုပါပဲ... ဒါဟာ လပြည့်ကို ပြန်တော့လို့ ပြောတာနဲ့ အတူတူပဲ မဟုတ်လား။

" ငါပြန်မှာပါ..."

" လပြည့်..."

စိတ်မကောင်းဘူး။ အိမ်မှာဆိုလည်း လပြည့်လို လိုမရှိကြသလိုပါပဲ။ ဒီရောက်နေပြန်တော့လည်း... မိုးဝင်းမောင်ဟာ လပြည့်ကို အချစ်ခင်ဆုံးနဲ့ နားအလည်ဆုံး သူငယ်ချင်းလို့ စိတ်မှာ ယူထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



“ မင်း စိတ်ဆိုးလား… ငါတစ်ခုခုအတွက် စိတ်တွေလေးနေသလိုမို့ပါ… မင်းတစ်ခုခုဖြစ်တော့မှာလို ခံစားရတယ်… မင်းကို ငါချစ်လို့ ပြန်စေချင်တာ… ငါနဲ့အတူနေရင်း ငါက မတားမိလို့ မင်း တစ်ခုခုဖြစ်မှာ ငါကြောက်နေလို့ပါ… မင်းကို ငါနဲ့နေမယ်ဆို တစ်သက်လုံးလည်း ခေါ်ထားလို့ရတယ်… ဒါပေမယ့်…”

“ ဖိုးဝင်းမောင်ကလည်းကွာ… လပြည့်စိတ်မကောင်းဖြစ်အောင်… မင်းကလည်း လပြည့်ကို စိုးရိမ်လို့ ဖြစ်ရတယ်ဆိုတာ သိပါတယ်… တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ ဖြစ်ကြရတာ…”

ကျော်ထွန်း ဝင်ပြောပေးပါတယ်။

လပြည့်ကတော့… စဉ်းစားရပြီ… ရန်ကုန် ပြန်မလား… ဒီမှာဆက်နေမလား။ ဆက်နေမယ်ဆိုပြန်ရင်လည်း… ဖိုးဝင်းမောင် စိတ်မကောင်း ဖြစ်အောင် လုပ်လို့ မကောင်းတော့ဘူး…။ ရေသူမနဲ့ ပတ်သက်ရင် ဖိုးဝင်းမောင်တို့က သိပ်အစွဲအလန်းမရှိ။ လပြည့်ကသာ သေချာတိကျ သိချင်နေတာ။

လပြည့်ပခုံးကို ဖိုးဝင်းမောင်က လာဖက်လိုက်ပြီး မင်းကို ကိုတင်မောင်ဦးလို အဖြစ်မခံနိုင်ဘူးတဲ့…။

“ မင်းစေတနာကို ငါနားလည်ပါတယ် ဖိုးဝင်းမောင်… ငါ့ရဲ့ ဇွတ်တရွတ် စိတ်တွေကြောင့် မင်းအနှောင့်အယှက် ဖြစ်ရတာ စိတ်မကောင်းပါဘူး…”

“ အနှောင့်အယှက် မဟုတ်ဘူး လပြည့်… မင်းတစ်ခုခု ဖြစ်မှာ ငါစိတ်ပူတာ…”

“ ဖိုးဝင်းမောင်ကလည်း ပူစရာမရှိ မပူနဲ့… လူတွေဟာ သူ့ကံအတိုင်း လာပြီးသား… မသေရမယ့်လူဆိုတာ ရိုက်သတ်လည်း



မသေဘူး… သေချင်ရင် မင်းတားမှ မဟုတ်ဘူး… ဘယ်သူမှ တားမရဘူး… လပြည့်ကို ပူမနေနဲ့…”

ကျော်ထွန်းကတော့ ပြတ်သားပါတယ်… ဖိုးဝင်းမောင်ကလည်း ကျော်ထွန်းပြောလိုက်မှ ငြိမ်သွားတာ။

“ မင်းကိုအတူရှိစေချင်တာပါ… တစ်သက်လုံးအတူ နေချင်တာ လပြည့်… သူငယ်ချင်းဆိုပေမယ့်… မင်းရယ် ငါရယ်… ကျော်ထွန်းရယ်ဟာ ညီအစ်ကိုတွေလိုပါပဲ ”

“ မင်းစေတနာ သိပ်သိတာပေါ့… ဖိုးဝင်းမောင်ရယ်… ငါလည်း ဒီလိုပါပဲ… စိတ်ချပါ… မင်းမသိပဲ ငါဘာမှ မလုပ်ဘူး…”

သူငယ်ချင်းသုံးယောက် ခုမှ ပြန်ပြုံးနိုင်တော့တာ…။ ပွဲတောင်ဆိပ်ထိ လမ်းလျှောက်လာခဲ့ကြတယ်…။

“ တစ်ရက်တော့ မအူပင် လိုက်ပို့ဦးမယ်…”

“ လပြည့်က မအူပင်ထက် ဟိုဘက်ကမ်းကို… ပိုသွားချင်တာ…”

ကျော်ထွန်း အပြောကြောင့် ရယ်ကြရတယ်။

တကယ်လည်း ဟုတ်ပါတယ်… ဟိုဘက်ကမ်းကိုဆို သိပ်သွားချင်တာပေါ့…။

“ ဟိုဘက်ကမ်းသွားချင်တာများ… အလွယ်လေး ”

ရုတ်တရက် ဖိုးဝင်းမောင် လွှတ်ခနဲ ပြောပြီးမှ လပြည့်ကို ကြည့်ပြီး ပါးစပ်ပိတ်သွားပါတယ်။

“ ပြောစမ်းပါ ဖိုးဝင်းမောင်ရဲ့…”

“ အဘသြနဲ့ လိုက်သွားရင် ရတယ် ”

“ အဘသြ… ဟာ တော်တယ်… ဖိုးဝင်းမောင်ရာ…

www.burmeseclassic.com

www.burmeseclassic.com



မင်းတော်တယ်… ငါတောင် သတိမရဘူး မေ့နေတာ…”

ဟိုဘက်ကမ်း သွားဖို့တဲ့။

ဘာလို့ စိတ်မှာ ဝမ်းသာသွားရပါလိမ့်။ သွားကိုသွားချင်တာ ရေသူမလေးနဲ့ တွေ့ချင်ရင် ဟိုဘက်ကမ်းကို အရင် ကူးသင့်တယ် မဟုတ်လား…။

❀ ❀

ညောင်မှတ်ဆိတ်ပင်ကြီးရဲ့ အမြစ်ကြီးတွေက မိုးမောက်နေတာ ပါပဲလား…။ ပါးပျဉ်းအမြစ်တွေလည်း တွဲရွဲကျလို့… တကယ့်ကို သက်တမ်းအတော်ရင့်နေလောက်ပါပြီ…။ ဒီဘက်ပိုင်းမှာ… ဒီလို ညောင်မှတ်ဆိပ်ပင်တွေ များလွန်းပါလား။

“ ဟိုဘက်ကမ်းမှာလည်း အများကြီးရှိတယ်… ညောင်မှတ်ဆိတ် အစေးတွေက သစ်ပင်အောက်ထိုင်နေရင်တောင် စွန်းကုန်တာ…”

“ မင်းက အရွက်တွေ သွား သွား ခြွေတာကိုး…”

“ ဟိုမှာ ဟိုမှာ… အဘသြ ”

သူတို့က အဘသြဆိုလို့ ကြည့်မိပါတယ်။

အဘိုးအိုအိုကြီး တစ်ယောက်ပါလား…။ အတော်ကြီး ပိန်တော့ လူက လုပ်လုပ်ကလေးနဲ့ ညှက်နေသလိုပါပဲ… ဖြူဖွေးတဲ့ ဆံပင်တွေကို ယောင်ထုံးသေးသေးလေး စုချည်ထားတယ်…။

လွယ်အိတ်ကြီး တစ်လုံးက ပွဖောင်းလို့ ဘာတွေထည့်ထားပါ လိမ့်။

“ အဘသြ ”

“ ဟင်… ဘယ်သူလဲ…”

မေးပြီးတော့ မျက်လုံးလေးကို ကုတ်ကြည့်နေသလိုပါပဲ… မြင်မှ မြင်ရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်ပါ... ဒေါ်မြမြတို့ ဖိုးဝင်းမောင် "

" ဩော်... ဝင်းမောင်လေးလား... ဘာလဲ "

" အဘသြ ဟိုဘက်ကမ်း ဘယ်တော့ပြန်မလဲ "

" မနက်ဖြန်မှပြန်မှာ... ဒီနေ့ မိန္တဲ့အိမ်မှာ မောင်ဇော်ကို ဆေးလာကုပေးတာ... တစ်ညနေပါဆိုလို့..."

" ဟိုဘက်ကမ်းကူးရင် လူတစ်ယောက် ခေါ်သွားပေးလို့ ရမလား "

" လူတစ်ယောက်... နေပါဦး... ဘာကိစ္စ လိုက်မှာတုန်း... "

" ကျွန်တော့်သူငယ်ချင်း... ရန်ကုန်က အလည်ရောက်လာတာ... ဟိုဘက်ကမ်းကိုလည်းချင်တာ... ဒါပေမယ့် ဦးစောမင်းလည်း ကြောက်ရသေးတယ်..."

" ဟိုဘက်ကမ်းမှာ ဘာများလေ့လာစရာရှိလို့လဲ... ဘာမှမရှိပါဘူး... ကွမ်းသီးခြံပဲ ရှိတာ... အုန်းပင်တွေ ရှိတယ် ဒါပါပဲ... ငါနေတဲ့ နေရာဆို သချိုင်းပျက်... ဘာရှိလို့လဲ... ဘာလဲ— တင်မောင်ဦး ပြောတာနဲ့ ရေသူမ လိုက်ကြည့်ချင်တာလား... ရေသူမ တော့ ငါမသိဘူး..."

အဘသြ စကားကြည့်ရတာလည်း... လိုက်စေချင်ပုံ မရပါ ဘူး။

တစ်ခါလောက်တော့ လိုက်ကြည့်ပါရစေ အဘရယ်။

ကျွန်တော့်ကို အဘခေါ်သွားပါလားလို့ပဲ တောင်းပန်မိတယ်။

" မမြက လွှတ်မလား "

" ပြောရင်တော့ ဘယ်လွှတ်မလဲ... အဘခေါ်ပါ အဘ... "

" မင်းတို့ လူငယ်တွေ ခက်တာပဲ... လုပ်ချင်ပြီဆို ပြောမရ



ဆိုမရ... ကောင်းပြီလေ... ငါ့မှာ အဖော်တော့ လိုပါတယ်... မနက်ဖြန် ငါတစ်ယောက်စာ ဆန်ဆီ မီးဖိုချောင်ပစ္စည်း နည်းနည်း ဝယ်ပြီး ပြန်မှာ... မင်းက ငါ့တောင်းကို ထမ်းပြီး လိုက်ပို့ပေါ့... မင်းလှေလှော်တတ်လား... အပြန်ကျ မင်းတစ်ယောက်တည်း လှော်ပြန်ရမှာ..."

" ငါ ရေဆင်းတံတားက စောင့်မယ် "

ဖိုးဝင်းမောင်က လှေနဲ့ စောင့်မတဲ့... မစောင့်နဲ့ဆို စိတ်ပူနေ မှာစိုးလို့ အေး... စောင့်လို့ပဲ ပြောလိုက်တယ်...

မနက်ဖြန်တော့ အဘသြနဲ့ လိုက်သွားရမယ်...

ထူးခြားချင် ထူးခြား...

မထူးခြားလည်းနေ။ လိုက်သွားမှပါ... ဦးလေးစောဆို မလိုက်ရဘူး... ခါးခါးသီးသီး ပြောနေတာ... နောက်တစ်ခေါက် ရောက်ဖို့ အခွင့်အလမ်း မရှိနိုင်။

" မနက် ကျော်ထွန်းတို့ ရေဆင်းတံတားက စောင့်မယ် အဘသြ "

" အေး..."

ဖိုးဝင်းမောင်တို့တံတားကဆင်းရင်... ကြီးမြ မြင်မှာ စိုးရတယ်...။ ဒါကြောင့် ကျော်ထွန်းတို့ဘက်က ဆင်းမယ်လေ...။ ကြီးမြတွေ့တော့လည်း မြစ်ဝဖက် လှေလှော်တယ် ပြောပေးမယ်လို့ ဖိုးဝင်းမောင် စိတ်ကူးနေပါပြီ။

" ငါ့ကို အလိုလိုက်တာ ကျေးဇူးပဲ ဖိုးဝင်းမောင် "

" ကျေးဇူးတင်ရင် မင်းကိုယ်မင်း ဂရုစိုက်ပါ..."

နက်ဖြန်အတွက် ကြိုတင်ရင်ထိတ်ရတယ်... အမြန်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်ချင်နေမိတယ်…။ အဘသြပြောတာတော့ ထူးထူးခြားခြားဘာမှမရှိဘူးတဲ့…။ အဲဒါကတော့ ရောက်ပြီးမှ သိရမှာပါပဲ…။

ဒီညတော့ အိပ်ရေး၀၀ အိပ်တာ ကောင်းမယ်…

ရေသူမလေးကို မတွေ့ရလည်း တစ်ညပဲ… မနက်ဖြန်မှ ဟိုဘက်ကမ်းမှာ ရှိနိုင် မရှိနိုင် လေ့လာရမှာ။

သတိဝီရိယတော့ ရှိမှ…

ဦးစောမင်းဆိုတဲ့ လူကြီးကလည်း ဘယ်လိုလူကြီးမှန်း မသိနိုင်ဘူးလေ…

ဖိုးဝင်းမောင်ကတော့ လပြည့် သိပ်သွားချင်နေတာရယ်… ကျွသိုလ်မှာတုန်းက သိုင်းသင်တန်းတက်ဖူးတာရယ်ကြောင့်သာ တ်ရတာ။ ငါဖြင့် လှေပေါ်က ရင်တုန်ရင်း စောင့်ရမှာတဲ့။ ပ်ထွန်းကတော့ လွှတ်လိုက်စမ်းပါ… ဟိုဘက်ကမ်းမှာ… ဘာမှ ှိဘူးသိသွားရင် နောက်တစ်ခါ ပူဆာမှာ မဟုတ်တော့ဘူးတဲ့။

" ကဲပါ… အဘသြလည်း လာနေပြီ… အဘသြကိုလည်း ရှစိုက်ဖို့မှာလိုက်ပါမယ် "

အဘသြက မြန်မာဆေးဆရာကြီးလို့ ဖိုးဝင်းမောင်က ပြောပါ ယ်… သရိုင်းပုက်ဆားမှာ မိတအမွေ ကွမ်းသီးခြံ တစ်ခြံရှိတာလေးနဲ့ ထဲတဲကလေးထိုးနေတာလို့ ပြောပါတယ်။

" သွားစို့… ရော… ဒီတောင်းကို မင်းထမ်းပြီး လိုက်ခဲ့… "

" အဘသြ… ကျွန်တော့်သူငယ်ချင်းကို… သေချာ ဂရုစိုက် က်ပါနော်… "

" စိတ်ချပါ… ငါဂရုစိုက်ပါမယ်… "

အဘသြနဲ့ လပြည့်ကို ရေသူမတွေ့ရသော တံတားလေးထိ ှနဲ့ လိုက်ပို့ပါတယ်။ ဖိုးဝင်းမောင် စိတ်ချ… ငါကိုယ်ငါ ဂရုစိုက် ်လို့ ပြောခဲ့ရတာပေါ့…။

အဘသြရဲ့ တောင်းကြီးကို ထမ်းပြီး နောက်က လိုက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်…။ ရင်ထဲ တထိတ်ထိတ်ပါပဲ…။ အဘသြရဲ့ တောင်းကြီးထမ်းပြီး လိုက်ရတာ… ဒါပေမယ့် ဆားဘီလည်း ကြည့်ရသေး။ နောက်က မျှား အန္တရာယ် ပေါ်လာမလားရယ်လို့လည်း ပြန်လှည့်ကြည့်ပြန်ရော…။

" လာလေ… ကောင်လေး… သစ်ပင်တွေက ဘာကြည့်စရာရှိလဲ…"

" ဟိုအိမ်… ဟိုအိမ် "

နှစ်ထပ်အိမ်ကလေးက ရှေ့ခပ်လှမ်းလှမ်းမှာ မြင်နေရတာကို…။ အဲဒါ စောဝင်းအိမ်လို့ အဘသြစကား ကြားရတယ်ဆိုရင် ဦးလေးစောအိမ်လို့ သိလိုက်ရပါပြီ…။

" အဘသြ… ဟင် "

" ဘာလဲ မောင်စောဝင်း "

" ဘာလို့ ဘာလို့ ဒီကောင်လေးခေါ်လာတာလဲ… မင်းဖိုးဝင်းမောင် သူငယ်ချင်း မဟုတ်လား… ဘာလို့လိုက်လာတာလဲ "

" ငါခေါ်လာတာပါ "

" အဘသြ ဘာလို့ခေါ်လာတာလဲ "

" တောင်းထမ်းနိုင်းမလို့လေ… ငါက ပခုံးနာနေတယ် ဒါကြောင့် သူ့ကို ထမ်းနိုင်းရင်း လှေနဲ့ပါ ပို့နိုင်းရတာ…"

" စောမင်းတွေ့ပါမယ် အဘသြရယ်…"

" တွေ့လည်း ငါ့ညှို့သည်… ရန်လုပ်ရဲလုပ်ကြည့်တွေ့လား တောင်ရေး…"

" မြန်မြန်ပို့နိုင်းလိုက်ပါ အဘသြ…"

" မင်းဘယ်လိုဖြစ်နေလဲ မောင်စောဝင်း "



" စိတ်ပူလို့ပေါ့ အဘသြရယ်…"

ဦးလေးစောကလည်းလေ… ဒီလောက် စိတ်ပူစရာလား… ဟုယာခပ်နေတာပါပဲ…။ အဘသြနောက်က လိုက်လာရင်းမှ ဦးစောမင်းက ဒီလောက် ကြောက်စရာကောင်းသလား အဘသြလို့ မေးမိပါပြီ။

" လူမိုက်ပါဆိုမှကွယ်… သူတစ်ပါးအသက်ကို အသက်သင်တာမှ မဟုတ်တာ… ဒါပေမယ့် အခု စောမင်းက အရက်ဒဏ်မိပြီး အရင်လောက် မသန်စွမ်းပါဘူး… ခက်တာက လက်ယဉ်ပြီး လက်မြန်နေပြီလေ… ဒီတော့ စိတ်မချရဘူးပေါ့…"

အဘသြရဲ့ ခြံက အတွင်းပိုင်း အတော်လျှောက်ရတာပါလား…။ ကွမ်းသီးပင်တန်းတွေအဆုံးမှာ သေးငယ်တဲ့ တဲကလေးပါ…။ တဲကလေးထဲမှာ ဆေးမြစ်တွေရော… ပုလင်းတွေရော စုံလို့ တစ်ယောက်တည်း နေတာတဲ့လေ…။ အေးချမ်းပေမယ့် ပျင်းစရာကြီးပါပဲ…။

" အဘသြ "

" မောင်စောဝင်း… မင်း ဘာလာလုပ်ပြန်သလဲ "

" ကျွန်တော် လှေဆိပ်ပြန်ပို့ပေးမလို့ပါ…"

" ငါ့ဘာသာ ပြန်ပို့မယ်… မင်းက ဘယ်လိုဖြစ်နေလဲ "

" စောမင်းက ကျွန်တော်ပြောမှ ရတယ်လေ…"

" မင်းညီ စောမင်းလောက်တော့ ငါက ပြန်ခုခံနိုင်တဲ့ ခွန်အားရှိပါသေးတယ်… ငါ့ညှို့သည် ငါပြန်ပို့ပါမယ်… မင်းပြန်ပါ…"

အဲလိုပြောတော့လည်း ဦးလေးစော လှစ်ခနဲ ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါပြီ။ အဘသြက ကဲ မောင်ရင်လေး... ပြန်ရအောင်... မင်း ဒီမှာကြာနေရင် လှေပေါ်က ကောင်တွေထက် စောဝင်းက ပိုစိတ်ပူနေပါမယ်... ကဲ ပြောစမ်းပါဦး ကိုအဂ္ဂလေး ဒီဘက်ကမ်း ဘာထူးဆန်းလို့လဲ... တဲ့လေ။

" အခုမှ ခဏလေး လာတော့လည်း ဘာမှသေချာနှံ့နှံ့စပ်စပ် မလည်နိုင်ဘူးပေါ့... ရပါတယ်... ကျွန်တော် ပြန်မှာပါ... တော်ကြာ ဖိုးဝင်းမောင်စိတ်ပူနေမှာ... "

အဘသြနဲ့ ထွက်လာတော့ ဦးလေးစောက ဟိုးရှေ့က လိုက်ကြည့်နေပါလား...။

ဦးလေးစောတို့ အိမ်ရှေ့မှာ ရေမြောင်းရှိတယ်... အတော်လေး နက်တာမို့ သစ်သားတံတား ထိုးထားပေမယ့် အတော်ယိုင်နေပါပြီ ဒီမြောင်းကနေ ခုနေ ချောင်းထဲကို သွားလို့ရသလား အဘသြဆိုတော့ ရတာပေါ့တဲ့...။

" ငါ့ကိုကူညီတာ ကျေးဇူးပဲ... ငါမပါပဲတော့ မလာခဲ့နဲ့ စောဝင်းက မြင်တဲ့အတိုင်း... သူလည်း အပြစ်မတင်ပါနဲ့... သူ့ရာဇဝတ်မှုဖြစ်မှာ စိုးရိမ်လို့ လိုက်ထိန်းနေရရှာတာပါ..."

" ဟုတ်ကဲ့... ကျွန်တော့်ကို အဘ ပြန်ပို့နေရပါပြီ..."

" ရတယ်... ရတယ် ငါတို့ဘက်မှာ စိတ်ဝင်စားစရာ မရှိပါဘူးကွာ..."

လှေဆိပ်ရောက်တော့ တံတားလေးပေါ်မှာ ရပ်ရင်း... ဒီနေရာမှာ ရေသူမ ထိုင်နေကျလို့ သတိရမိတယ်...။ ဖိုးဝင်းမောင်ကတော့ လပြည့်ကို မြင်မှ ပြုံးနိုင်ပုံရပါလား။

" သွားပြီ အဘသြ "



" အေး... သွား... တစ်ယောက်တည်း မလာခဲ့နဲ့ "

အဘသြ ချက်ချင်း ပြန်လှည့်သွားပြီ။ သူတို့လည်း လှေလှော်ပြီး ပြန်ခဲ့ကြတယ်။

" ညကျမှ မင်းအတွေအကြုံတွေ ရှင်းစမ်းပါဦး လပြည့်ရာ"

" အေး... မင်းလာခဲ့ "

ကျော်ထွန်းကို ခေါ်လိုက်တယ်...။ ညကျမှ သူငယ်ချင်း သုံးယောက် ပြန်ဆုံကြမယ်လေ။

❀ ❀

www.burmeseclassic.com

www.burmeseclassic.com

လှပသော လရောင်မှာ... ဒီအချိန်တော့ ရေသူမ လာလေ့မရှိဘူးလေ...။ ဖိုးဝင်းမောင်ကတော့ တွေပြီ မဟုတ်လား... ဘာမှမရှိဘူး မဟုတ်လားတဲ့။ ဟုတ်ပါတယ် ဘာမှတော့ မရှိပါဘူး။ ဒါပေမယ့်... ဦးလေးစောတို့ အိမ်ရှေက မြောင်းဟာ အတော်ကြီးနက်ပြီး ကူးလာရင် ချောင်းကိုရောက်နိုင်ကြောင်း ပြောပြမိပါတယ်။

" အဲဒါ ဘာဖြစ်လဲ "

" ရေသူမဟာ အဲဒီမြောင်းက ရေးကူးလာသလား..."

" ကြံဖန်ကွာ... ရေသူမက ဦးလေးစော အိမ်ရှေ့မြောင်းက ရေကူးရတယ်လို့ ဒါဆို ရေသူမကို ဦးလေးစော မွေးစားထားတာလား..."

ကျော်ထွန်း အပြောကြောင့် ရယ်ရတယ်...

ဦးလေးစောက... ရေသူမတော့ မွေးမမွေး မသိဘူး— ဦးစောမင်းကို မွေးထားရတာတော့ အင်မတန် စိတ်ပင်ပန်းတာပါဲ ကွာလို့ ပြောမိပါရော...။

" ဦးလေးစောက အဲလောက် စိတ်ပူပန်နေတာ... သူ့အိမ်မှာ ရေသူမ မွေးထားပြီ ထင်တယ်..."

" ဟုတ်နိုင်တယ်... ပြီးတော့ ညကျ လူခြေတိတ်ရင် ရေသူမကို ရေကူးချင် ကူးပါစေဆို လွှတ်ပေးတာနေမှာ..."



ဖိုးဝင်းမောင်နဲ့ ကျော်ထွန်း တစ်ယောက်တစ်မျိုး ပြောနေသမျှ...။

လပြည့်လည်း စဉ်းစားရပါပြီ...။

" ဖိုးဝင်းမောင်... မင်းမှတ်မိသလား... ရေသူမ သီချင်းဆိုနေတုန်း... အသံတစ်သံ ကြားရပြီး... ရေထဲပြန်ခုန်ချသွားတာလေ... ဒါဟာ ရေသူမကို ခေါ်တာများလား "

" အင်း... မပြောနိုင်ဘူး... ဒါပေမယ့်... ဦးလေးစောနဲ့ ငါတို့ခင်လာတာ ကြာပြီ... ဘယ်က ရေသူမ မွေးမှာလဲ..."

" တချို့က သရဲမွေးတယ်တဲ့... သရဲများလား "

" သရဲကတော့ မြောင်းထဲကနေ ချောင်းထဲထိ... ရေကူးမှာ မဟုတ်ပါဘူး..."

" ငါကတော့ လူလို့ပဲ ထင်တယ် "

" လူ... ဦးလေးစောက မိန်းမမရှိဘူး... သားသမီးလည်း မေး..."

" အင်း... မပြောတတ်ဘူး... နောက်တစ်ခါဆို ဖြစ်ချင်ရာဖြစ် ရေသူမ လာရင်... ငါကို အဲဒီဘက်ကမ်းပို့... ငါ လွတ်မထွက်အောင် တအား ဖက်ထားမယ်..."

" ရမယ်... လေ့လျှော်လာရင် ရေထဲခုန်ချမှာ... ကိုယ့်ထက် လျှင်တယ်မှတ်..."

" ငါတို့ ဦးလေးစောကြီးကို ရအောင် အစ်ထုတ်မယ် "

" ဘယ်လိုလုပ်မှာလဲ..."

လပြည့်စိတ်ကူးထားတာကတော့... ဦးလေးစောကို ခပ်တည်တည်နှင့် ရေသူမဟာ ဦးလေးစောတို့ မြောင်းထဲ ကူးသွားတယ်က

www.burmeseclassic.com

www.burmeseclassic.com



စပြီး ပြောကြည့်မယ်… ဦးလေးဆောရဲ့ တုံ့ပြန်မှုကို ကြည့်ရမယ်လေ။

" မင်းပြောတာ ကောင်းတယ်… ကြည့်ကြတာပေါ့…"

ဒီနေ့တော့… လရောင်လေးက အကာပဲ ရှိပါလား…

မိုးတိမ်တွေ ရောက်နေကြတယ်။

ဒါကြောင့် ဟိုဘက်ကမ်းကိုတောင် ရေးရေးပဲ မြင်ရပါလား

" ဒီညတော့ ရေသူမလည်း ရေးကူးမယ် မထင်ဘူး… မိုးရွာမယ့်ပုံပါပဲ…"

" ရေသူမဆိုရင်တော့ မိုးရွာလည်းရွာ… မိုးရွာလည်း အကြိုက်ပေါ့… သူက ရေထဲနေတာပဲဟာ…"

ဒါလည်း ဟုတ်တာပါပဲ…။

ကြီးမြက ဟိုကလေးတွေ မိုးတွေလာနေတာတောင် အဲ့ တဲတားပေါ် ဘာလုပ်နေတာလဲတဲ့…။ ဒီတော့မှ အိမ်ပေါ် ပြန်တက် ကြတာ။ ကျော်ထွန်းက ပြန်တော့မယ်ဆို ပြန်သွားပါပြီ။ ဖိုးဝင်းမောင်နဲ့ နှစ်ယောက် အိမ်ရှေ့မှာပဲ အိပ်ဖို့ ပြင်ကြပါတယ်။

" ကလေးတွေ အခန်းထဲ အိပ်ပါလား… အပြင်မှာ မအေးဘူးလား… မိုးရိပ်တွေ ရှိတယ်နော်…"

" ရပါတယ် ကြီးမြ… လေတိုက်လာရင်… တံခါးပိတ် မယ်…"

တစ်ရက်အထဲဝင်လိုက်… တစ်ရက်အပြင်ထွက်လိုက်… မ ရအောင် ဒီမှာပဲ အမြဲအိပ်စို့လို့ ဖိုးဝင်းမောင်ကို ပြောထားရတယ်…

မိုးတွေ ရွာလာပါရော။ အလင်းရောင်က မရှိသလော ဖြစ်သွားပြီ။ ဖိုးဝင်းမောင်က အိပ်ပါတော့ လပြည့်… ဒီနေ့ စိတ်ကြိုက် ဟိုဘက်ကမ်းလည်း ကူးရပြီတဲ့…



မှန်ပါတယ်…

ဒါကြောင့် ပြတင်းတံခါးကို ပိတ်လိုက်ပြီ…

ရေသူမလေး…ရေ…။ မင်းကိုတော့ ဒီနေ့စောင့်ကြည့်လည်း အလင်းရောင် မရှိလို့ တွေ့ရဖို့ မလွယ်တော့ပါဘူး။

အိပ်တော့မယ်…

ဒီမှာနေသရွေ့ လပြည့်အတွက် လပြည့်ညတွေ ရှိဦးမှာပါ… တွေ့နိုင်ဦးမယ် မျှော်လင့်ပါရဲ့…။

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးစော လာနေကျ ဆိုင်မှာ ပစ္စည်းဝယ်ရင်း သူတို့ စောင့်နေကြပါတယ်… ငါတို့စောင့်တဲ့နေ့မှ လာပါ့မလားလို့တောင် လပြည့်တွေးနေမိသေး…။ လာမှာပါ… ဦးလေးစောက အနည်းဆုံး တစ်ရက်ခြားလာပါတယ်… မနေ့က လာမှ မလာတာတဲ့…။

" မင်းတို့ ဘယ်သူ့စောင့်နေလဲ ဖိုးထင်မောင် "

" ဦးလေးစောကိုပါ ဒေါ်လေး "

" ဦးစောဝင်းက ဆေးဆိုင်မှာ… ဆေးဝယ်မလို့တဲ့ ဒီနေ့မှ ဆေးဆိုင်က နောက်ကျနေတယ်… မဖွင့်လို့ ဆေးဆိုင်ရှေ့ အုတ်လှေကားမှာ ထိုင်နေလေရဲ့… မညိုကအရင်ဆို စောစောဆိုင်ဖွင့်ပါတယ်… ညက သူ့သားအငယ်ကောင် စာမေးပွဲကြောင့် စာကျက်တာ စောင့်နေရလို့နေမှာ "

ဦးလေးစော ဘယ်မှာရှိတယ်ဆိုတာ သိတာနဲ့ သူတို့ သူငယ်ချင်းသုံးယောက် ထွက်လာခဲ့ကြပါတယ်။ ဆေးဆိုင်ရှေ့ လှေကားမှာ တကယ်ထိုင်နေတာပဲ…

" ဟာ… ဆေးဆိုင်မဖွင့်သေးပါလား… ဒေါ်ညို အိပ်ပုတ်နေပြီ ထင်တယ်… ဦးလေးစော ဆေးလာဝယ်သလား… "

" အေး… "

လပြည့်ကို ကြည့်လိုက်သေးတယ်… အဲဒါညနဲ့ ဟိုဘက် ကမ်း လိုက်လာလို့ မကြည်လင်ဘူး ထင်ပါရဲ့…။



" ဘယ်သူ ဘာဖြစ်လို့လဲ ဦးလေးစော… ဦးလေးစော မွေးထားတဲ့ ရေသူမ နေမကောင်းလို့လား "

ကျော်ထွန်းလည်း အဲလိုပြောရော။

" ဘာ… "

ထိုင်နေရာက ဝုန်းဆို ထလိုက်တာများ လပြည့်တို့တောင် လန့်ပြီး နောက်ဆုတ်သွားရပါတယ်။ ပြီးတော့မှ… မင်း… မင်း… မင်းဆိုပြီးတော့ လပြည့်ကို လက်ညှိုးကြီး ထိုးပြီး ကြည့်နေလိုက်တာ။ မျက်လုံးကြီးတွေလည်း ပြူးလို့။

" မင်းတရားခံပဲ… မင်းတရားခံပဲ… မင်းပြောတာ မဟုတ်လား… မင်း ဟိုဘက်ကမ်း လိုက်လာတည်းက ငါထင်တယ်… ပြော… မင်း ဘာမြင်ခဲ့လဲ… ပြော… "

ဦးလေးစော သည်မျှ ထိတ်လန့်သွားတာပါလား။

လပြည့်တောင် နားမလည်နိုင်အောင် ဖြစ်သွားပါတယ်။

" ဘာမှမမြင်ပါဘူး ဦးလေးရဲ့… ကျွန်တော်က ဦးလေးစော တို့ဘက်ကမ်းမှာ ဘာမှလည်း မရှိဘူးဆိုတော့… "

" တော်ပြီ နောက် ဘယ်တော့မှ ဟိုဘက်မလာခဲ့နဲ့ "

ဆေးဝယ်မယ်လည်း ပြောသေး…

ခုတော့ ဆေးမဝယ်ပါပဲ… ဒေါသတကြီး ထွက်သွားပါရောလား။ သူငယ်ချင်းသုံးယောက် မုန့်ဟင်းခါးဆိုင်မှာ ထိုင်ရင်း ဦးလေးစောအကြောင်း ပြောမိကြပါပြီ။

" ဦးလေးစောပုံစံက မဟုတ်ဘူး "

" အေး… အံ့ဩစရာပဲ… ဒါလေးပြောတာ ဒီလောက် ဒေါသတကြီး ဖြစ်စရာလား… "

www.burmeseclassic.com

www.burmeseclassic.com



" လပြည့်ကို မင်းဘာမြင်ခဲ့သလဲလို့ ချက်ချင်းကြီး ရှပ်ရဲ့ ကတည်းက... မဟုတ်မှလွဲ... သူ့အိမ်မှာ တကယ်ပဲ ရေသူမ မွေးထားလားမှ မသိတာ..."

" ရေသူမ မဟုတ်နိုင်ဘူး... လူဖြစ်ရမယ် "

" လူ... ဟာ... လူဆိုတော့ အဲဒီ မိန်းမရှိတယ်ပေါ့... ဦးလေးစောအိမ်မှာ ဒီလိုလှပပြီး... ဆံပင်အရှည်ကြီးနဲ့ ရေကူးတတ်တဲ့ မိန်းမရှိတယ်လို့ ဆိုတာလား "

" ဒါဟာ ခုလက်ရှိအတွေးအရ အဖြစ်နိုင်ဆုံးပဲ... မျက်စိနဲ့ မြင်ရတာမဟုတ်တော့ ပြောလို့တော့ ခက်သား "

" မျက်စိနဲ့ မြင်ရအောင် ကြားလား... နောက်ဘယ်တော့မှ ဟိုဘက်မလာခဲ့နဲ့တဲ့ "

" အေး... ဒေါသတကြီးနဲ့ကို ကြိမ်းတော့တာ..."

" သူ့အိမ်မှာ ရေသူမ ဟုတ်ဟုတ် မဟုတ်ဟုတ်... လူသိမခံချင်တာ တစ်ခုခု ရှိကို ရှိရမယ် "

" ဟုတ်တယ်..."

သူငယ်ချင်းသုံးယောက် အတွေးတွေမျှားနေကြပါပြီ။ ဦးလေးစောပုံစံကလည်း... အတွေးများချင်စရာကောင်းတယ် မဟုတ်လား... ဒီလောက် အမူအယာပျက်စရာလိုလို့လား...။

ဟုတ်တော့မဟုတ်နိုင်...။

" သူက ဟိုဘက်ကမ်းမလာစေချင်ဘူး... မတော်တဆများ ဦးစောမင်းကို သတ်ထားမလား "

" ဟာ... မဟုတ်နိုင်တာ..."

ဘယ့်နှယ် သူ့ဒီလောက်ချစ်တဲ့ သူ့ညီ သူသတ်ပါ့မလား



ကျော်ထွန်းတို့များ ပြောလိုက်ရင် လက်ကုန်...။

" ကျော်ထွန်းတော့ စုံထောက်ဝတ္ထုရေးတော့မယ် လပြည့်... ဦးစောမင်းကိုပဲ သတ်ထားရမယ်လို့..."

" ပြောနိုင်လား... ညီကို ချစ်တော့ ချစ်တာပေါ့... ဒါပေမယ့် လူဆိုးဆိုတော့ ပြောရင်း ဆိုရင်း လက်လွန်သွားတာမျိုးလေ... လူသတ်ပြီး တခြားလူသိမှာ ကြောက်နေတာလည်း ဖြစ်နိုင်တာပဲ"

ကျော်ထွန်းကလည်း သူ့အတွေးနှင့် သူပဲပေါ့...။

လပြည့်ကတော့ ဒီလိုမထင်...။ ဘယ်လိုကိစ္စတွေ ရှိတယ် တော့လည်း မပြောနိုင်။ ဦးလေးစောရဲ့ အထိတ်တလန့်ဖြစ်တဲ့ ပုံစံအရဆိုရင်... အကြောင်းတစ်ခုခုတော့ ရှိနိုင်ပါတယ်။

" ခက်တာက နေတော့ တစ်ဘက်ကမ်းမှာ... အဲဒီ တစ်ဘက် ကမ်းကလည်း... လာနေကျလူမဟုတ်ရင်တောင် လာဖို့မလွယ်... ကမ်းပေါ်တက်ရင်တောင် ဘာလဲလို့ ချက်ချင်း အမေးခံရမှာ... စုံစမ်းဖို့ မလွယ်ဘူး လပြည့် "

" ဟုတ်တယ် ဖိုးဝင်းမောင် "

" အကောင်းဆုံးက ဘာလဲသိလား "

" မသိဘူး "

" အကောင်းဆုံးက အားလုံးမေ့ထားလိုက်တာ အကောင်းဆုံး "

" လပြည့်မပြောနဲ့... ငါတောင်မှ ဦးလေးစော ပုံစံကြည့်ပြီး မေ့နိုင်ဘူးလေ "

ကျော်ထွန်းတောင်မှ အရမ်းတက်ကြွနေပါရောလား။

www.burmeseclassic.com

www.burmeseclassic.com

ငါ ဟိုနားဒီနား လိုတာလေးတွေ သွားဝယ်မယ်ဆိုပြီး ပြောတော့ ဖိုးဝင်းမောင်က လွှတ်ချင်ပုံမရပါဘူး။ ဒါပေမယ့် ကြီးမြရှေ့မှာမို့ ပြောချင်ပုံလည်း မရဘူးပေါ့။

" ဝယ်ချင်တာလေးတွေ ဝယ်ချင်တာကြောင့်ပါ... ငါဘယ် မသွားဘူး "

ဖိုးဝင်းမောင်ကို ပြောပြီး ထွက်လာခဲ့ပါတယ်။

ဟိုဘက်ကမ်းတော့ ဖိုးဝင်းမောင်တို့ မပြောပဲ... မပါ မကူးတော့ပါဘူး။ လျှောက်လာခဲ့ရင်း... မုန့်ဝယ်မယ် စိတ်ကူးမိတယ် ကြီးမြအတွက်လည်း အိုဗာတင်းလေး မိုင်လိုလေး ဝယ်ချင်မိတာ

" ကောင်လေး "

" ဟာ... အဘသြ... လာပါ အဘ... ကျွန်တော် မုန့်နဲ့ လက်ဖက်ရည် သောက်ရအောင်... "

အဘသြလက်ကို ဆွဲခေါ်မိပါပြီ။

လိုက်ချင်တယ်ဆို ခေါ်သွားပေးရာတယ် မဟုတ်လား

" အဘသြ "

" အေး... ပြော... "

" အဘတစ်ယောက်တည်း ချက်စားရတာပေါ့နော် "

" ငါက သက်သတ်လွတ်စားတာ ကြာပြီ... မင်းတို့အသ



သောက်တည်းက ပဲလေး အားလူးလေး ရှိရင် ဖြစ်တာပဲ... "

" ကျွန်တော်... ပဲနဲ့ အားလူး ဝယ်လှူပါရစေ "

" ငါတစ်ယောက်တည်းစာပါ... သိပ်မလိုပါဘူး... "

" အဘသြ ကွမ်းတော့ ကြိုက်တယ် "

" အေး... ကွမ်းကတော့ စားတယ်... "

" ကွမ်းလည်း လှူပါရစေ... "

" ငါ့ကို ဟိုလှူ ဒီလှူ လှူပြီး ဟိုဘက်တော့ မလိုက်နဲ့တော့... မောင်စောဝင်းက ငါ့ကို အပြစ်တင်တယ်... မတော် စောမင်းက မင်းကို ရန်ပြုရင် မကောင်းဘူးပေါ့... "

" ဦးစောမင်းကြီးက သက်ရှိထင်ရှား ရှိသေးတာလား... "

" ဟာ... ရှိတာပေါ့... အမြဲမူးနေတာ... အခု ပိုဆိုးလာပါပြီ... သိပ်လည်း အပြင်ဘက် မထွက်နိုင်ပါဘူး... သူ့အစ်ကိုက အရက်က အစ ဝယ်ပေးနေရတာပါ... အဲဒီနေ့က မင်းပြန်သွားပြီး ငါ အိမ်ပြန်လာတော့တောင် သူတို့အိမ်ရှေ့ မြောင်းက တံတားပေါ်လဲနေတာ... "

" အရက်ကို ဦးလေးစောက ဝယ်ပေးတာလား "

" ဒါပေါ့... သူ့ညီ အရက်စွဲနေတာ... စောဝင်းက သိတယ်လေ... ဒီတော့ သက်ဆိုးလေးရှည်အောင်တော့ အသက်ဆက်ပေးနေရတာပေါ့... "

ကျော်ထွန်းပြောသလို ဦးစောမင်းကြီးကို သတ်ထားလို့ဆိုတာက... လုံးဝမဖြစ်နိုင်တော့ပါဘူး။

" သူတို့အိမ်မှာ ညီအစ်ကို နှစ်ယောက်တည်းနေတာလား အဘသြ "

" အင်း... "

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးစောက တစ်မျိုးကြီးပါပဲ"

အဘသြကိုလည်း ဒုက္ခမပေးချင်တော့ပါဘူး။ သူ့ဆေး... လပြည့်ကို ခေါ်သွားရတာ... အပြောခံနေရပါဦးမယ်။

"မောင်စောဝင်း ဘာတွေဝယ်လာလဲ"

ပြောနေတုန်း... သေခဲဦးမယ်။

ဦးလေးစောပါလား။ တောင်းကြီးထမ်းလို့...။

"အစုံပါပဲ"

လပြည့်ကို ကြည့်တဲ့မျက်နှာက မနှစ်သက်တာ အသိသာကြီး ပါလား။ ဒါပေမယ့် အဘသြက လာဦးဆိုတော့လည်း မကြည်မလင် ကြားထဲ ဝင်လာပါတယ်။ တောင်းကြီးကို လပြည့်အားနား ချလိုက် အခါ အမှတ်မထင် ကြည့်မိတာ။ ဂျာနယ်လေးတွေနဲ့ မဂ္ဂဇင်းစာအု အဟောင်းလေးတွေပါလား...။ ဦးလေးစောက စာဖတ်တာ ဝါသနာ ပုံရပါတယ်။

"ဦးလေးစော မုန့်ဟင်းခါး စားမလား... လက်ဖက်ရည် သောက်မလား..."

"မုန့်ဟင်းခါး... ဒါပေမယ့် ငါ့ပိုက်ဆံနဲ့ ငါစားမယ်

"မောင်စောဝင်း... မင်း ဘယ့်နှယ် မာနတွေ ထားနေ သလဲ... ဖိုးဝင်းမောင်တို့ဆိုတာ သားသမီးလို နေကြတာပါကွာ မောင်လပြည့်ကျွေးတာ စားကောင်းပါတယ်..."

အဘသြပြောတော့ ငြိမ်နေတယ်။

"မင်း ရန်ကုန် မပြန်သေးဘူးလား"

"မင်းက ဘာဖြစ်တာလဲ မောင်စောဝင်းရယ်"

"ကျွန်တော့်အကြောင်း ဦးလေးစောကို ပြောဖူးသား ျွန်တော့်မှာ မိဘမရှိတော့ဘူး... ဦးလေးက ခေါ်ထားတယ်... ေလးမိန်းမက မကြည်ဖြူဘူး... ကျွန်တော့် မိဘအမွေတွေရှိတာပဲ... ကိုယ့်ဘာသာနေဆို ငြူစူလာတယ်... ငွေပဲရှိပြီး မေတ္တာမရှိဘူး... ကြောင့် ဖိုးဝင်းမောင်နဲ့က ညီအစ်ကိုလို ဖြစ်ပြီး လိုက်လာတာပါ... ျွန်တော် တစ်ရက်တော့ ပြန်မှာပေါ့... စီးပွားရေး လုပ်ရဦးမယ်လေ..."

"သွားမယ် အဘသြ"

လက်ဖက်ရည်တစ်ခွက်ကို အမြန်သောက်ပြီး လပြည့်ကို ောင် နှုတ်မဆက်ပဲ ထွက်သွားပါပြီ...။

"မောင်စောဝင်းလည်း မင်းကျမှ ဘာဖြစ်တယ် မသိပါဘူး... ောင်လပြည့်ရာ..."

"ဦးလေးစောတို့ ညီအစ်ကိုက ပညာတတ်တွေပေါ့နော် ဘသြ"

"ပညာတတ်... ဘာပညာတတ်ရမှာလဲ"

"စာတတ်တယ် ပြောတာပါ"

"စာ... ကြံကြံဖန်ဖန်... မောင်စောဝင်းက စာမတတ်ပါ ူး... သူတို့ စာသင်တဲ့အရွယ်က ဂျပန်ခေတ်ကြီးပဲ... ကလေးလေး ွေ ရှိဦးမှာ... စာဘယ်လိုသင်မလဲ... စောမင်းက သာဆိုးသေး... ်ရိုင်းရမ်းကားနေတဲ့ အရက်သမား စာတတ်မလား"

"ဒါဆို ဂျာနယ်တွေက ဘာလို့ယူလာသလဲ"

"သူတို့အိမ်မှာ အပေါက်တွေကာဖို့ ခင်းစရာရှိခင်းဖို့ မှာပေါ့... မင်းနဲ့ စကားကောင်းပါရဲ့... ပြီးတော့ မင်းဘဝအကြောင်း သား သိတော့ စာနာပါတယ်... ငါ့မှာလည်း အရင်က မင်းလို ယောက်ျားလေး တစ်ယောက်ရှိဖူးတယ်... သူ့ခမျာ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ရွှယ်မှာ ဆုံးတယ်... သားနဲ့ ချွေးမ ဆုံးတာကတော့ ကြာပြီ ငါလည်း အခုတစ်ယောက်တည်းပေါ့... ငါက မင်းကိုမြင်... ငါ့မြေးလေး သတိရတယ်... မင်းက ငါ့မြေးပုံစံလေး... ငါသွားမ...

အဘသြကလည်း ရင်ဖွင့်ရှာပါရော...။

ဒီအရွယ်ရောက်မှ တတ်ထားတဲ့ ဆေးပညာလေးနဲ့ လုပ်... စားပြီး တစ်ယောက်တည်း နေရရှာတာ... လပြည့် စာနာ... ပေမယ့်လည်း ဟိုဘက်ကမ်းမှာဆိုတော့ မကူညီနိုင်ဘူးပေါ့... ဒီဘက်ကမ်းမှာသာဆို ကူညီမိမှာ အသေအချာပါပဲ။

" ဂျာနယ်တွေက အိမ်အပေါက်တွေကာဖို့ ခင်းဖို့ဆို... ထား... မဂ္ဂဇင်းစာအုပ် သုံးလေးအုပ်လည်း တွေ့တယ်... စာ... တတ်တဲ့ လူတစ်ယောက် မရှိပါပဲနဲ့တော့ ဘယ်လိုမှ ဒီစာအုပ်... မသယ်ဘူး... ပြီးတော့ နောက်ထပ် အံ့သြစရာတစ်ခု တွေ့တယ်... အဲဒါက သနပ်ခါးတုံး တစ်တုံးပဲ "

သနပ်ခါးတုံးကိုတော့ ဖျတ်ခနဲ တွေ့လိုက်တာ...။ ကျော်... ကတော့ ဦးလေးစောကို နောက်ယောင်ခံမယ့် စုံထောက်ကြီး ဦးလ... ဖြစ်နေပါရောလားတဲ့။ စိတ်ဝင်စားတာ မှန်ပေမယ့် ဟိုဘက်က... မကူးရတော့ စုံစမ်းဖို့ မလွယ်လှပါဘူး...။

" အဘသြက သူ့မြေးနဲ့မင်း တူလို့ကိုး "

" ဟုတ်လား... သူ့မြေး မင်းတို့သိလား "

" သိတယ်... ငါတို့ထက် တစ်တန်းကြီးတယ်... ရှစ်တ... ရောက်မှ တိုက်ဖိုက်ဖြစ်တာ... ဆေးပညာလည်း ဗဟုသုတမရှိ... အစားတွေသွားစားတာ... အဲဒီမှာ ဆုံးတယ်... အဘသြခမျာ သာ... ချွေးမဆုံးတော့ မြေးလေးက ငါးနှစ်သားလောက်လေး ကျန်တာ...

" သနားမိတယ်... အဘသြ ဒီဘက်ကမ်းမှာ နေလည်း ...ာင်းသား... ငါကူညီပေးချင်တာ..."

" မင်းက အဘသြရဲ့ မွေးစားမြေး လုပ်လိုက်ပေါ့... ...ီးတော့ ဟိုဘက်လိုက်နေ..."

" ကျော်ထွန်း မဟုတ်တာတွေ လပြည့်ကို မြှောက်မပေးနဲ့..."

" ငါ့ဘဝလည်း မင်းတို့သိပါတယ်... ငါလိုတာ မေတ္တာပါ... ...င်းတို့ကိုလည်း မေတ္တာကြောင့် အတူလာနေတာ... အဘသြက ...မေတို့ ပေးတဲ့ မေတ္တာအတိုင်း ပေးရင်... ဟိုဘက်ကမ်းလည်း ...နေရဲတယ်..."

" မလုပ်ပါနဲ့... မင်းတစ်ခုခု ဖြစ်မှာ စိုးပါတယ်..."

" ငါကတော့လေ... စိတ်ရှိတိုင်းဆို... ဦးစောမင်းမကလို့ ...ာတွေ့တွေ့ ဦးလေးစော အိမ်ထဲ ဝင်ကြည့်ချင်တာ..."

" အဲဒါတွေကြောင့်လည်း မင်းကိုကြောက်တာ..."

သူတို့သုံးယောက် ကျော်ထွန်းရဲ့ ရေဆင်းတံတားမှာ ထိုင် ...ားပြောနေမိကြပါတယ်။

ချောင်းထဲမှာ လှေကလေးတွေက သွားနေလိုက်တာ။

" ကိုတင်မောင်ဦးကို တစ်ခါမှ မတွေ့ရဘူး... ငါတွေ့ဖူးချင် ...ယ်..."

" ဘာလုပ်မှာလဲ... သူ့ရဲ့ ရေသူမ ပုံပြင်တွေတော့ ကြားရ ...န်းလို့ ရိုးအီနေပြီ..."

" ဟိုမှာ ဦးလေးစော "

ဦးလေးစောက လှေကလေးလှော်ပြီး ဟိုဘက်ကမ်းပြန်တာ ...လား...။

www.burmeseclassic.com



" မင်းလက်တားလိုက်လေ... ကျွန်တော်လည်း လိုက်ခဲ့မယ် လို့..."

" လှော်တက်နဲ့ ရိုက်ခံရအောင်လား..."

သူတို့သုံးယောက် ရယ်မိကြပါပြီ။

" ဦးလေးစော "

လပြည့် အားပါးတရ အော်ခေါ်ပြီး လက်ဝှေ့ယမ်းပြမိပါ တယ်။ ဒါပေမယ့် ဘာမှမတုံ့ပြန်ပါဘူး...။

" မင်းအသံကြားရင်ကို သူ့ခမျာ ရင်တုန်နေပါဦးမယ် လပြည့်ရာ..."

" အဘသြကိုတောင် ငါ့ကိုခေါ်မလာပါနဲ့လို့ ပြောတယ်တဲ့"

" အဲဒီလောက် မေတ္တာရှိတာ..."

" ဦးစောမင်းကြောင့် ဒီလောက် စိတ်ပူစရာလိုလား..."

" အင်းလေ..."

သုံးယောက်လုံး ဒီအကြောင်းကို စိတ်ဝင်စားပေမယ့် ဖိုးဝင်းမောင်ကတော့ လပြည့်ပိုကဲလာမှာစိုးလို့ ထင်ပါရဲ့... သိပ် တက်တက်ကြွကြွ မဆွေးနွေးပါဘူး...။ ဒါပေမယ့် ဖိုးဝင်းမောင်လည်း စိတ်ကူးထဲတော့ အတွေးစတွေ ရောက်လောက်ပါပြီ။

" ငါရေကူးချင်တယ်..."

" မင်း... အဲလိုမလုပ်နဲ့... မင်းရေကူးတတ်ပေမယ့် ဒီကရေ အတက်အကျ ဒါတွေကို သိတာမဟုတ်ဘူး..."

" မြစ်တို့ ချောင်းတို့က ရေရှင်ပါ... ငါက ရေကူးကန်မှာ လည်း ကျွမ်းကျင်ခဲ့တာပါ..."

" ကိုယ့်အသက် သေရေးရှင်ရေးက လွဲပြီး မစွန့်စားချင်စမ်း ပါနဲ့ လပြည့်ရာ..."

" ငါတို့လှေစီးရအောင်... ဒီည လရောင်ရှိတယ်..."

ဖိုးဝင်းမောင်ကို ပြောရတာ ကြာတော့ အားနာသလို ဖြစ်လာ ပါတယ်။

သူကတော့ လပြည့်အတွက် စိတ်ပူရတာ...။ လပြည့်ကဖြင့် ဟိုပူဆာ ဒီပူဆာလို ဖြစ်နေခဲ့ပါတယ်။

" လပြည့် ရေကူးတတ်တာကို မင်း စိတ်ပူမနေပါနဲ့... ဖိုးဝင်းမောင် "

" အေးပါ... ပို့ပါမယ် "

သူငယ်ချင်းနှစ်ယောက်ကလည်း ခုဆို လပြည့်ဖြစ်ချင်ရာ ဖြစ်အောင် လုပ်ပေးနေရရှာပါလား။

www.burmeseclassic.com

www.burmeseclassic.com

မြစ်ပြင်ကျယ်ကို ခပ်လှမ်းလှမ်းမှာ လှပစွာ မြင်နေရပါတယ်။ မိုးရိပ်မရှိတာ တော်ပါသေးရဲ့…။ ဒါပေမယ့် လေတော့ တိုက်နေပါလား…။ ရေသူမကို တွေ့ရတဲ့ အချိန်နီးပါးမှာမှ ချောင်းထဲကို အတာတ်နိုင်ဆုံး တိတ်ဆိတ်စွာ လှော်ရင်း ဝင်လာခဲ့ကြတာ…။ ရင်ထဲ ထိတ်နေသလိုမို့ သူငယ်ချင်း သုံးယောက် စကားတောင် မပြောမိကြ…။

" တွေ့မယ်လို့ ထင်လား လပြည့် "

" ကျော်ထွန်းရာ မင်းအသံကြီး တိုးတိုးပြောပါ… ဒါတော့ ဘယ်သိမလဲ… ကိုတင်မောင်ဦး လနှီစောင့်လည်း တွေ့ချင်မှတွေ့တာ… တခြားလူတွေလည်း ငါးဖမ်းပိုက်ချသွားနေတာ… တွေ့ရခဲပါပဲ…"

ရေဆင်းတံတားလေးက လရောင်မှာ ဒီအတိုင်း ငြိမ်သက်လို့။

လှေကိုရပ်ပြီး သူတို့သုံးယောက်လည်း ကြည့်နေမိပါတယ်။ ရုတ်တရက် ရေသံကို ကြားရပြီး… မလှမ်းမကမ်းမှာ ရေကူးနေတာကို တွေ့ရပြီးတော့ ချက်ချင်းဆိုသလို ရေဆင်းတံတားပေါ် ခုန်တက်လိုက်တဲ့ အခါမှာတော့…။

" ဟာ…"

အနီးဆုံးနဲ့ အသေအချာကို မြင်ရတဲ့အခါမှာတော့ လပြည့်တို့ လန့်ပြီး မျက်တောင်မှ မခတ်မိတော့ပါဘူး…။

ရေသူမဆိုတဲ့ အသိနဲ့… ရေယက်တွေကို ကြည့်ဖို့ နေရေ



သာသာ…။ ရေသူမကလည်း သူတို့ကို တွေ့တယ်ဆိုရင်ပဲ… ရေထဲကို ခုန်းခနဲဆို ပြန်ပြီး အမြန်ဆုံးခုန်ချလိုက်တဲ့အခါမှာ။

" ဟိတ် ဟိတ်… ကျော်ထွန်း လှေကိုထိန်း… လှေကိုထိန်း"

လှေဘေးနားကနေ ရေထဲခုန်ချတော့ လှေလည်း လူးပြီး မှောက်သွားတော့တာ။ ကျော်ထွန်းနဲ့ ဖိုးဝင်းမောင်တော့ မသိ… လပြည့်ကတော့ ချက်ချင်း ရေသူမကူးသွားရာနောက် ရအောင် လိုက်တော့မယ်…။

ရေသူမက ကျယ်ဝန်းသော မြစ်ဘက်မကူးပါပဲ… ဘာလို့ အဲဒီ မြောင်းကလေးထဲ ဝင်ရတာလဲ….

ရေလှုပ်ခတ်ရာကို မျက်ခြေပြတ်မခံရအောင် လိုက်တော့မယ်… ဒါပေမယ့် ဒီဘက်ပိုင်းကို ကူးနေကျ အကျင့်ကမရှိ…။ ပြီးတော့ ကျွမ်းကျင်မှု မရှိတဲ့နေရာမှာဆိုတော့ ရေသံနောက် လိုက်ကူးရ တာပေါ့…။

ဒါပေမယ့် ကံကောင်းတယ်လို့ ပြောရမယ်…။

ရှေ့နားမှာ အလင်းရောင်လေးကို မြင်ရပါလား…။

အသာလေး ကူးလာခဲ့ရတာ…

သတိတော့ ထားမှပါ… ရေထဲမှာနေ… ရေထဲမှာ ပျော်မွေ့တဲ့ ရေသူမက နက်ပေမယ့် ကျဉ်းမြောင်းလာသော မြောင်းသာသာလေးမှာ နေပါ့မလား…။

" ညို… ညို… ညို "

ဒါဟာ လူတစ်ယောက်ရဲ့ အသံပါပဲ…။

ယောကျ်ားတစ်ယောက်ရဲ့ အသံ…။

" အမလေး…"

www.burmeseclassic.com

www.burmeseclassic.com



လပြည့်စိတ်ထဲ လန့်ပြီးတော့ကို အော်မိတာကတော့… သူ့ရှေ့ လက်တစ်ကမ်းသာသာ ရေထဲကနေ ကြည့်နေတဲ့လူ့ရဲ့ အနီးကပ် မြင်လိုက်ရပါရော…။

ရုတ်တရက် သူ့ဆီ ရောက်လာတဲ့ အသံ့ရယ်…။

" ခွပ် " ခနဲအသံရယ်။

ပြီးတော့ ချိုစောင်းက နာကျင်မှုရယ်…

မှောင်အတိကျသွားတဲ့အခါမှာတော့…။

နာကျင်နေတာကို သိတယ်…။ ဒါပေမယ့် ဘာကိုမှတော့ မလှုပ်ရှားနိုင်ပါလား…

" ညို့… ဒါ ဒါ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ…"

အသံတွေကို မပီမသ ကြားရပေမယ့် နာကျင်မှု မူးဝေနေမှုတွေနဲ့ မဟန်နိုင်…။

" မသိဘူး… မသိဘူး… သူ သူ ညို့နောက်က လိုက်လာလို့ အိမ်နားရောက်နေတာနဲ့ တုတ်နဲ့ရိုက်လိုက်တာ…"

တုတ်နဲ့ ရိုက်လိုက်တာတဲ့…

ဘယ်သူလဲ…။ ဘာကြောင့် လပြည့်ကို ရိုက်ရတာလဲ…။ ရေသူမရော… ရေသူမ ဘယ်ရောက်သွားလဲ…။ ရေတွေ ရွှဲနေတဲ့ ဆံနွယ်တွေရယ်… ပြီးတော့ ပြီးတော့ ပခုံးစွန်းက အသားလေးတွေ…။ ဝင်းမွတ်နေတဲ့ အလှမျိုးလား… အနီးကပ် မြင်လိုက်ရတာ ခဏလေး…။ ဒါပေမယ့် အဲဒီအသိတွေကို သေချာသတိမရအား… နာကျင်နေတယ်။

" ပြဿနာပါလား… နင်တို့တွေကွာ ငါ့ကို ပြဿနာပဲ ယူလာကြတယ်… ဘယ်ကလူလဲ…"

မူးဝေ နောက်ကျိကျိ နာကျင်စွာ ဆွဲခေါ်လိုက်တာလည်း



သိတယ်။

" သေ… သေသွားပြီလား "

" သွေးတွေ ထွက်နေပြီ… နင်ဟာလေ… ဟာ… ဟာ ဟိုကောင်လေး "

လူနှစ်ယောက် စကားပြောနေတယ်… ဘာတွေပြောနေကြတာလဲ။

" ဒီကောင်လေးကွာ… ငါတော့ သတိချင်လာပြီ… ဒီလောက် ပြောနေတဲ့ကြားက "

" ဘယ်သူလဲ… ဘယ်သူလဲ… အဲဒါ ဘယ်သူလဲ "

" ဘယ်သူလဲမေးမနေနဲ့… သွားစမ်း… အဝတ်လဲတော့ အအေးမိရင် ငါပဲစိတ်ညစ်ရတယ်… ငါဒီကောင်လေးကို ထမ်းခဲ့မယ်"

" အား… အား… နာလိုက်တာ ကျွန်တော်… ကျွန်တော် ဟင် "

မျက်ဝန်းတွေ ဖွင့်လိုက်တဲ့အခါမှာတော့… မျက်ဝန်းရှေ့မှာ ရေသူမက ရေတွေစိုနေတဲ့ ဆံနွယ်အရှည်ကြီးတွေနဲ့…။

" ဟင် "

မျက်ဝန်းတွေ ပွင့်လာတဲ့ လပြည့်ကို ကြည့်နေပြီးတော့မှ ဖျတ်ခနဲဆို လှည့်ထွက်ပြေးသွားပါတယ်။ ဆံပင်အရှည်ကြီးတွေက ရေတစက်စက်နဲ့ လှုပ်ရှားယိမ်းခါသွားသလို… ဒါဟာ ခြေထောက်တွေနဲ့ ပြေးတာပါ…။ ရေသူမဟာ လူပါလား။

" မင်း ဘာလာလုပ်ပြန်တာလဲ "

" ဦးလေးစော… အား… နာလိုက်တာ "

နာနေတဲ့ ချိုစောင်းကို လက်နဲ့ ဖိလိုက်တော့ စေးထန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



သွေးဝေ့ပါလား...။

" မင်းကို ငါဘာပြောထားလဲ "

" ကျွန်တော် ဒီဘက်ကမ်းကို တမင်ကူးလာတာ မဟုတ်ပါဘူး... ဖိုးဝင်းမောင်တို့နဲ့ လှေစီးပြန်လာတာ... သူက ဆေ့နားခုန်ချလို့ လှေမှောက်သွားတော့..."

" မင်းတို့လည်း တမင်အချိန်ယူ ချောင်းနေလို့ တွေ့တာပါ... ကြုံကြိုက်တယ်လို့ မညာပါနဲ့..."

" ဟုတ်ပါတယ်... ရေသူမရှိတယ်လို့ ကျော်ထွန်းတို့က ပြောသလို တစ်ညမှာ ရေဆင်းတံတားမှာ ထိုင်နေတာ တွေ့မိလို့ပါ..."

" အဲဒီကောင်မလေးရဲ့ ခြေထောက်တွေကို ရှိက်ချိုးထားမှပဲ... အိမ်ထဲနေမယ် ထင်တယ်... ပြောလို့ဆိုလို့ကို မရတာ... မင်း ထနိုင်လား "

" ဟုတ်ကဲ့ "

" မင်းကို ဆေးထည့်ပေးမယ်... လာ လိုက်ခဲ့..."

ရုတ်တရက်တော့ ခေါင်းမူးသွားသလိုပါပဲ... ဒါကြောင့် ဦးလေးစောက တွဲခေါ်ရတယ်...။ ဟိုနေ့က တွေ့ခဲ့တဲ့ ဦးလေးစောတို့ အိမ်ဆောင်က မြောင်းမှာပါလား... အိမ်ထဲကို နောက်ဘက်ကနေ ကွေ့ဝင်ခဲ့ကြတယ်။

" တော်သေးတယ်... ဒီအချိန် ဟိုငမူးက ဘယ်လိုနိုးနိုး မနိုးတော့လို့..."

" ဦးလေးစော ဒဏ်ရာမကြီးရင် ကျွန်တော် ပြန်မယ်... ကျော်ထွန်းနဲ့ ဖိုးဝင်းမောင်က ကျွန်တော် ရေနစ်သေပြီမှတ်ပြီး စိတ်ပူနေမှာ... သူတို့လည်း လှေမှောက်လို့ ရေထဲကျသွားတာ... ကျွန်တော်ကလည်း စိတ်ပူသေးတယ်..."



" သူတို့ကို ပူစရာမရှိဘူး... ဆေးထည့်ပေးရင်လည်း မင်းသူငယ်ချင်းတွေပဲ ရှိရင်တော်ရဲ့... တခြားလူတွေပါရှိရင် ငါ့အိမ် ရောက်ခဲ့တာ သိမယ်... မထည့်နဲ့တော့... ဒဏ်ရာက သိပ်မကြီး ပါဘူး... မနက်ဖြန်ကျ လိမ်းဆေး ငါလာပေးမယ်... လပြည့်..."

" ဟုတ်ကဲ့... ဟင် "

မျက်ဝန်းရှေ့မှာ တွေ့လိုက်ရပါပြီ။

မီးရောင်က မှိန်လိုက်တာမှ... ဘက်ထရီမီးချောင်း မှုန်မှုန်လေး... ဒါပေမယ့် လှပတဲ့ မျက်နှာကိုတော့ သေချာမြင်ရလို့ တမေ့တမော ကြည့်မိပါပြီ...။ ဆံပင်တွေ အရှည်ကြီးကို နတော့ ချည်ထားပုံရပါတယ်။

" နင်ဘာလာလုပ်လဲ... သွားစမ်း... ညို "

" ဟို ဟို... သူ့ကို ဆေးထည့်ပေးရမလားလို့ "

" မလိုဘူး... သွား... နင့်အခန်း နင်..."

ဦးလေးစော ဆူတော့ ပြန်ထွက်သွားပါပြီ။ လာ သွားစို့ဆို ဦးလေးစော အရင်ထွက်တော့ လပြည့်နောက်က လိုက်လာခဲ့တယ်။

" လပြည့် "

" ဗျာ "

" မင်းကို ငါ ယုံကြည်ပါရစေ... ညို့အကြောင်း မင်းကလွဲပြီး ဘယ်သူမှ မသိပါစေနဲ့...'

" ညို "

" အဲဒါ ငါ့တူမပါ... စောမင်းသမီး "

" ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



နာကျင်တဲ့ကြားက အံ့သြစွာနဲ့ နောက်မှ နေးတုံ့နေးတုံ့ လျှောက်လိုက်လာခဲ့မိတယ်...

" ဘယ်လိုလဲ... မင်းကိုငါ ယုံကြည်လို့ ဖြစ်မလား "

" ဟုတ်ကဲ့... စိတ်ချပါ... ကျွန်တော်ကလွဲပြီး..."

" ဖိုးဝင်းမောင်တို့ပါ မသိစေနဲ့... ပါးစပ်တစ်ပေါက်တောင် ပိတ်ရခက်တာ... နှစ်ပေါက်ဖြစ်ရင် ပိုပိတ်ရခက်မယ်..."

" ဟုတ်ကဲ့..."

" ရေဆင်းတံတားရှိရာ ရောက်ကာနီးထိ ဦးလေးစော လိုက်ပို့ပါတယ်...။ ညီလို့ တိုးတိုးလေး ရှတ်ကြည့်မိပါရော...။

❋ ❋

" အား... ဖြည်းဖြည်းလုပ်ပါ ဖိုးဝင်းမောင်... နာလိုက်တာ"

" မဖြည်းဘူး... မဖြည်းဘူး... မင်းကို ရေထဲရှာမရတော့ သေပြီဆို ငါငိုရတာနဲ့ ကာမိအောင် နာနာလေး ဆေးတွေ ဖိသိပ်ပစ်မယ်..."

ဖိုးဝင်းမောင်ကိုလည်း တကယ် သနားပါတယ်။ ကျော်ထွန်းနဲ့နှစ်ယောက် လပြည့်ရေနစ်ပြီဆို ရှာလိုက်ရတာ... မတွေ့တော့ အော်ငိုတာတဲ့...။ သူတို့ကိုတော့ ထိတ်လန့်ပြီး ရေကူးလိုက်တာ ဘာနဲ့ဆောင့်မိမှန်းကို မသိဘူး... ဒါကြောင့် မူးပြီး ခဏ နားနေရတယ်လို့ ပြောတာပေါ့...။

" ကြည့်ချင်ဦးလေ ရေသူမ... တွေ့ချင်ဦးလေ ရေသူမ... နောက် လုံးဝ မကြည့်ရဘူး..."

ဖိုးဝင်းမောင် ဆေးထည့်ပေးရင်း တတွတ်တွတ် ပြောမဆုံး။

" ငါ ရေကူးတတ်တာ မင်းသိရက်နဲ့ ဖိုးဝင်းမောင်ရာ... ခုဟာက နိုက်မိသွားလို့ မူးပြီး ငြိမ်နေရလို့ပါ "

" ဒီလောက် အကြာကြီး ပျောက်သွားတော့... နစ်ပြီ ထင်တာပေါ့ "

" ငါ မူးပြီး သတိလစ်သလိုကို ဖြစ်နေတာ... နာလည်းနာ... မူးလည်းမူးနဲ့ ငြိမ်ပြီး နေရလို့ပါ "

www.burmeseclassic.com

www.burmeseclassic.com



“ ကဲပါ… လပြည့်လည်း ဘာမှမှ မဖြစ်တော့တာ… ကြီးမြမေးလည်း လှေနဲ့ ရေထဲကျတယ်တို့ ရေသူမတို့ မပါဘေ့ လမ်းလျှောက်ရင်း ခလုတ်တိုက် ဆောင့်မိတာလို့ပြော… ငါလည်း ပြန်မယ် ”

ကျော်ထွန်းခမျာ ခုမှ ပြန်သွားရှာတယ်။

ကြီးမြ အိပ်ပျော်နေလို့ သူတို့ ဘာဖြစ်မှန်းတောင် မသိရှာပါဘူး…။ ဖိုးဝင်းမောင်က အနာကို ဆေးထည့်ပေးပြီး ကော်ဖီဖျော်… ဆေးတိုက်နဲ့ တကယ်ချစ်စရာကောင်းတဲ့ ညီအစ်ကိုလို သူငယ်ချင်းပါ…

ဒါပေမယ့် တစ်ခုတော့ စိတ်မကောင်းပါဘူး။

ညီ့ကို တွေ့ခဲ့ရတာ ဖိုးဝင်းမောင်ကို ပြောပြခွင့် မရှိဘူးလေ…

ညီ့ဆိုမှ…

ညီ…

မီးရောင်မှိန်မှိန်မှာတောင် တကယ်လှတဲ့ ညီ့ပါလား… မနက်ဖြန် တွေ့ရရင် တွေ့ချင်မိတယ်။

မဖြစ်နိုင်ဘူး သိတယ် ညီ…

ဦးလေးစောက ဘယ်လိုမှ တွေ့ခွင့်ပေးမှာ မဟုတ်ဘူး။

“ မင်းခေါင်းက ဘာနဲ့ဆောင့်မိတဲ့ ဒဏ်ရာလဲ ”

“ ချစ်မိတဲ့ ဒဏ်ရာလေ…”

“ ဘာ ”

“ ဩော်… ရေသူမကို ချစ်မိလို့ ရတဲ့ ဒဏ်ရာလို့ ပြောတာပါ…”

“ ငါ့ကို မှန်မှန်ပြော… လပြည့်… ရေသူမနောက်ကို မင်းလိုက်တာ မဟုတ်လား ”



“ အေး… လိုက်တာ… ဒါပေမယ့် ဆောင့်မိလို့ နာသွားတာမှာ လွတ်သွားတယ် ”

ဖိုးဝင်းမောင်ရဲ့ သက်ပြင်းရှိုက်သံကို ပီပီပြင်ပြင် ကြားရပါတယ်။

“ အဲဒါ မိန်းမတစ်ယောက် ဖြစ်မယ်… လူပဲဖြစ်မယ်…”

ဖိုးဝင်းမောင်ရဲ့ တစ်ခွန်းချင်း ပြောနေတဲ့ လေးလေးပင်ပင် လေသံကို လပြည့်ကြားရတယ်လေ။

“ မင်း ဘာလို့ အဲလို့ ထင်တာလဲ…”

“ လုံချည်ရင်လျားထားတာ… ဆံပင်တွေက အဲဒီအပေါ်မှာ ဖုံးနေလို့ ရုတ်တရက် လုံချည်ရင်လျားကို မမြင်ကြရတာ… ငါ အနီးကပ် မြင်လိုက်ရတယ် ”

အဲဒါ မိန်းမတစ်ယောက်ပဲ… ပြီးတော့အတော်လှတယ်… သေချာတစ်လုံးချင်း ပြောနေတဲ့ ဖိုးဝင်းမောင် အပြောတွေက မှန်နေတာပဲလေ…။ ပြန်ပြောပိုင်ခွင့် မရှိပေမယ့်… ညီ့ ဆိုတာ သိပ်လှတဲ့ မိန်းကလေးဆိုတာ လပြည့်က မျက်မြင်တွေ့ခဲ့ပါပြီ။

ခေါင်းက ဒဏ်ရာဆိုတာ ညီ့ပေးလိုက်တဲ့ အချစ်ဒဏ်ရာဆိုတာ လပြည့် တစ်ယောက်ပဲ သိတယ် မဟုတ်လား…။

“ မိန်းမဆို… ဘယ်က မိန်းမလဲ ”

“ ဟိုဘက်ကမ်းကပဲ ဖြစ်မယ် ”

“ ဟိုဘက်ကမ်းမှာ… လူနေအိမ်ခြေ ဘယ်နှစ်အိမ်ရှိမလဲ… ပြီးတော့ ဒီရေသူမဆိုတဲ့ မိန်းမဟာ… ငယ်တယ်… မင်းတို့ ငါတို့ထက်တောင် ငယ်လိမ့်မယ် ထင်တယ်… ကောင်မလေး တစ်ယောက်ပဲ… ဆံပင်သာ ရှည်လွန်းနေတာ မျက်နှာအနေအထားအရ ငယ်တယ်

www.burmeseclassic.com

www.burmeseclassic.com



လှတယ် "

ဖိုးဝင်းမောင်...

ဖိုးဝင်းမောင်...

အခုတော့လည်း ရေသူမလေး ညို့အကြောင်း သူက ပိုတွေးနေရှာပါရော...။

⁂ ⁂

ခေါင်းကဒဏ်ရာကြောင့် အဖျားသွေး နည်းနည်း ဝင်လာတယ်။ ဖိုးဝင်းမောင်က မအူပင်သွားရမှာကို ယထမတော့ လိုက်သွားဖို့ပါ... ဒါပေမယ့် ကြီးမြက ဖျားရင်မလိုက်နဲ့... ဆေးရုံမှာ ဆရာဦးကြည်သာရှိတယ်... ဆေးသွားထိုးဆိုလို့ မလိုက်ရတော့ဘူး...။

" ငါ ညမအိပ်ပါဘူး... ကြီးမြရဲ့ အလုပ်ပြောပြီးတာနဲ့ ပြန်လာမှာ... မင်း ဆေးထိုး ဆေးသောက်ပြီး အိမ်မှာပဲ နေနော်... ကြားလား..."

" စိတ်ချပါ... ငါဘယ်မှ မသွားပါဘူး..."

ညို့ ဘယ်သူလဲ...

ဘယ်မှာရှိလဲ သိသွားလို့ ထင်ပါရဲ့။ လပြည့်စိတ်က တော်ငြိမ်သွားပါတယ်။

ဖိုးဝင်းမောင်က ပဲ့တောင်ဆိပ်ဘက် ဆင်းသွားတော့... လပြည့်တစ်ယောက်တည်း ဆေးရုံလာလိုက်တာပေါ့...။ ဆေးထိုး ဆေးယူပြီး ပြန်လာခဲ့ရတယ်...။ မိုးကအုံ့နေပါလား။ ရွာဦးမယ် ထင်ပါရဲ့။ မိုးမမိအောင် အမြန်ပြန်ဖို့လည်း မမီတာမို့ ဆိုင်မှာပဲ ကော်ဖီနဲ့ ဆေးသောက်လိုက်မယ်ဆိုပြီး ဆိုင်ထဲဝင်လိုက်တယ်။

" ဟင်... ဦးလေးစော... ဘာလာဝယ်လဲ "

" လက်ဖက်ရည် ဝယ်မလို့ "

www.burmeseclassic.com

www.burmeseclassic.com



" လာပါ… ကျွန်တော်နဲ့ လာထိုင်ပါဦး… ကျွန်တော်… ဒဏ်ရာကြောင့် ဖျားတယ်… ဆေးရုံမှာ ဆေးထိုးပြီး အပြန် မိုးခိုရင်း… ဆေးဝင်သောက်တာ…"

ဦးလေးစောက လပြည့်ဆောင်မှာ ဝင်ထိုင်လိုက်တယ်။

" မင်း ကတိတည်ရဲ့လား…"

" တည်ပါတယ် "

ဦးလေးစောရဲ့ ဆောင်းထဲမှာ မဂ္ဂဇင်းစာအုပ် အဟောင်းတွေ… တွေ တွေ့တာမို့…။

" သူ စာတတ်တယ်လား "

လပြည့်အမေးကြောင့် ဦးလေးစော မဖြေချင်သလိုနဲ့ ဖြေတော့… ဖြေရှာသား။

" ဆယ်တန်းအောင်မှ ရောက်လာတာ "

" အရင်ကရော "

" မင်း စပ်စုလွန်းပြီ "

" ရင်ထဲမှာပဲ ထားပါမယ်… သိချင်တာလေးတော့ သိပါ… စေ… ပြောပါ… ဦးလေးစော…"

" ငါ့ညီက ရောက်လေရာ အိမ်ထောင်ပြုတဲ့ ကောင်မျိုးလေ… ဟိုးပင်လယ်ဝက ရွာမှာ… သူ့အမေနဲ့ အိမ်ထောင်ကျပြီး မွေးတာ… သူ့အမေအမျိုးတွေက ငွေရှိတယ်ပြောတာပဲ… ပုသိမ်မှာ ကျောင်းထား… ပေးသူတဲ့… ဆယ်တန်းဖြေပြီး အမေဆုံးတော့ အဖေကို တွေ့ချင်တယ်… ဆို လာရှာတာ… အမျိုးတွေကလည်း သူ့အမေလည်း ဆုံးတော့… တာဝန်မယူချင်တော့ဘူး ထင်ပါတယ်…"

" ဦးလေးစောရဲ့ ညီကရော သမီးကို ချစ်သလား "

" တိုးတိုးပြောစမ်း… မင်းအသံက ကျယ်လွန်းတယ် "

" ဟုတ်ကဲ့…"

ဦးစောမင်း အပြောအရတော့ သူ့မိန်းမဟာ အခု ညီ့လိုပဲ… …ပ်လှပြီး ရုပ်ချင်းတူသတဲ့… ဆံပင်ကောင်းတာကအစ တူတယ်တဲ့… …လ…

" ဒါပေမယ့် အမူးသမားကတော့ ဘာမှစိတ်မဝင်စားပါဘူး… …စိတ်ဝင်စားတာက အရက်ပါပဲ… မနက်ညှ အရက်ကိုပဲ ရေလို… …သောက်ချင်နေတာ သောက်ရရင် ပြီးနေတာ… ကြာကြာလည်း… …ခံတော့ပါဘူး… အဘသြ အပြောအရဆို ဒီကောင် လေးငါး… …ခြာက်လထက် ပိုမခံတော့ဘူးတဲ့…"

ဦးလေးစော အသံက စိတ်မကောင်းနေတဲ့ပုံပါ… ညီအစ်ကို… …ိုတဲ့ သံယောဇဉ်သွေးကြောင့်လည်း… ဘယ်လောက် ဒုက္ခပေးပေး… …သိခိုက် ကြေကွဲခြင်းတွေ ရှိနေမှာပဲပေါ့လေ။

" သူ့နာမည်က ညိုတဲ့လား "

" မင်းနဲ့ ဘာဆိုင်လဲ "

" ဦးလေးစောကလည်း…"

" မင်းမေ့ထားလိုက်ပါ…"

" မမေ့နိုင်ဘူး ဦးလေး "

" ဘာ…"

" ကျွန်တော် ညာမပြောချင်ပါဘူး ဦးလေးစော… ညို့ကို… …တွေ့ဖူးခဲ့ပြီ… မေ့လိုက်ဖို့တော့ မဖြစ်ပါဘူး…"

ဦးလေးစော စိတ်ဆိုးသွားပုံရပါတယ်။

ညာပြောရတာ မကောင်းပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိတဲ့အတိုင်းပဲ ပြောချင်ပါတယ်… ညီ့နှင့်ထပ် တွေ့… ပါတယ်… ညီက ဆယ်တန်းအောင်ပြီးပြီဆိုတော့… ပြောရဆိုရလည်း… သိပ်နားဝေးမယ့် မိန်းကလေးမျိုး ဟုတ်ဟန်မတူပါဘူး။

" ဦးလေးစော တောင်းထဲ ယူယူသွားတဲ့ ဂျာနယ်… မဂ္ဂဇင်းတွေက ညီဖတ်တာလား "

" အေး "

မိုးက အပြင်မှာ တစိမ့်စိမ့်ရွာနေတာပါလား။

" ညီ့ကို ဒီဘက် ရေဆင်းတံတားဘက် မထွက်ပါစေနဲ့… ဦးလေးစော… မတော်တဆ တစ်ယောက်ယောက်နဲ့ တိုးရင် မကောင်း… ပါဘူး…"

" မင်းက အခုမှ စိုးရိမ်ရတာ… ငါက စိတ်ပူစိုးရိမ်… ပြောပေါင်းများပြီ… အဲဒီကောင်မလေးက ခေါင်းမာမာရယ်… ပင်လယ်… ဝမှာနေတုန်းက ရေကူးနေကျဆို ငါ့အလစ် ထွက်ရော… တင်… ပြောမရ နှစ်ခါပြောမရနဲ့… သူ့ကြောင့် တင်မောင်ဦးလည်း ဒုက္ခရော… ရော…"

" ပြန်မယ် "

" ဦးလေးစော "

" ဘာလဲ ပြော "

" အဘသြဆီ ကျွန်တော်လာလည်လို့ ရပြီလား "

" မင်းက အဘသြဆီ တကယ်လာချင်တာရော ဟုတ်… လား…"

ညီ့ကိုလည်း တွေ့ချင်ပါတယ်။

" ညီ့ကို…"



" တော်တော့ လပြည့်… ငါ အေးအေးနေပါရစေ… …ားပြီ "

မိုးတွေထဲ ထွက်သွားပါရောလား…။

သက်ပြင်းရှိုက်ရတာ လပြည့် အလှည့်ပါလား။ ညီ့… …ချင်တယ်။ မိုးကလည်း တိတ်မယ့်ပုံမရှိလို့ လပြည့်လည်း …က်လာခဲ့ပါရော…။

ညီ့နဲ့ တွေ့ချင်လို့ဆို ဟိုဘက်ကမ်းကို ကူးဖို့ကျတော့လည်း… …ကောင်းပါဘူးလေ။

✽ ✽

www.burmeseclassic.com

www.burmeseclassic.com

ကြီးမြချက်တဲ့ မုန့်ဟင်းခါးကတော့ ဘယ်နှစ်ခါချက်ချက် မရိုးနိုင်ပါဘူးလေ...။ လပြည့်နဲ့ ဖိုးဝင်းမောင်အတွက်ဆို ငါးသလောက်ဥ တွေရော... ငါးဖယ်တွေရော ကြော်သေးတာ။

" ဟဲ့... သားတို့ကို ပြောရဦးမယ်... ကြီးမြ ဈေးက ကြားခဲ့တာ... စောမင်းဆုံးပြီတဲ့ "

" ဗျာ... ဦးစောမင်းကြီး ဆုံးပြီ "

" အေး... ညက သုံးနာရီလောက် အရက်မူးပြီး သတိလစ် သွားလို့ဆို စောဝင်းက ဒီဘက်ကမ်း ဆေးရုံကို ထမ်းခေါ်လာသတဲ့... ဒီမနက် ခြောက်နာရီလောက်ဆုံးတယ် ပြောတာပဲ... အဲဒါ ချက်ချင်းပဲ အသုဘချလိုက်သတဲ့... ဆရာဝန်ကြီးတို့ ဆရာမလေးတွေရော ဆေးရုံက ဝန်ထမ်းတချို့ရော မနေနိုင်လို့ လိုက်ပို့လိုက်ရသတဲ့..."

ကြီးမြပြောသလိုဆို... ခုချိန် ဦးလေးစော ဟိုဘက်ကမ်း ပြန်ရောပေါ့...။

ညို...။

ဖခင်တစ်ယောက် ဆုံးပါးရခြင်းအပေါ် ညိုခံစား နေရလေ မလား...။

" ငါကညို့ကို ခုလိုဖူးမြှက်ထားရတာ... အကြောင်းရှိတယ်... စောမင်းက သိပ်ဆိုးခဲ့ဖူးတော့ လူမုန်းများတယ်... စောမင်းကို



မုန်းတဲ့လူ ကလဲ့စားချေချင်တဲ့လူတွေက ရှိကိုရှိမှာ... ညိုကလည်း သိပ်လှပြန်တော့... စောမင်းသမီးဆိုရင် အန္တရာယ်က တွေကို တွေ့မှာ... ငါလည်း ဒီကောင်မလေးကို ခုလို မထားချင်ပါဘူး... ဘဝမှာ ပျော်ရွှင်ချမ်းမြေ့စွာ တခြားလူတွေလို ပျော်ပျော်ရွှင်ရွှင် နေစေချင်တာ ပေါ့... သူ့ခမျာ ဆယ်တန်းလည်း အောင်ပြီး... တက္ကသိုလ်ကောလိပ် တက်ချင်ရှာမှာပေါ့..."

ဦးလေးစော ပြောသွားတာလည်း သတိရပါတယ်။

" ရက်လည်ဆွမ်းအတွက် မုန့်လေး ကော်ဖီမစ်စ်လေး ယ်ပြီးပေးချင်တယ်... ဦးလေးစော ဒီဘက်ကမ်း လာဦးမလား သိဘူး..."

" စောမင်းမှ မရှိတာ... မင်းတို့ သွားပို့ချင် ပို့ပါလား "

ကြီးမြဆီက ခွင့်ပြုစကားကြောင့် ဝမ်းသာသွားရသလိုပါပဲ...။ ါပေမယ့် ဖိုးဝင်းမောင်ပါ ပါရင် ညိုနဲ့တွေ့ဖို့မလွယ်...။

" မင်းသွားမလား "

" အေး..."

" ငါ တံတားထိ လှေနဲ့ ပို့မယ်... မင်းဘာသာ ကမ်းပေါ် တက်ရင်ကော ဖြစ်မလား "

" ဘာလို့လဲ ဖိုးဝင်းမောင် "

" ငါ သရဲကြောက်တယ် "

" ဖိုးဝင်းမောင်ကလည်းကွာ... ဦးစောမင်း သေတာ ကြောက်လို့လား "

" ကြောက်တယ်... ဦးစောမင်းလို 'လူက ကျူးအိမ်ယ့်ပုံ ရှိဘူး..."

www.burmeseclassic.com



ကြီးမြကတော့ ငါ့တူလေးက သတ္တိအရမ်းကောင်းပါလား
ရယ်တယ်။

" ဒါဖြင့် ဒီလိုလုပ်... လပြည့်ကို တံတားထိ ပို့ပေး
သားက မညွန့်ခင်တို့ မီးသွေးတဲမှာ မီးသွေးသွားသယ်ပေးလိုက်
ပြီးတော့မှ လပြည့်ကို ပြန်ခေါ်..."

" ဒါလည်း ကောင်းပါတယ်..."

ဦးစောမင်း သေဆုံးရတာကို စိတ်မကောင်းဖြစ်ပေမယ့်
ကြီးမြက အခုမှ ဟိုဘက်ကမ်းသွားခွင့်ပေးတာ ဝမ်းသာရတာပေါ့
ဖိုးဝင်းမောင်က မလိုက်တာလည်း သဘောကျသွားတယ်။

" လပြည့် ဖြစ်ရဲ့လား "

" ဘာမဖြစ်စရာရှိလဲ... ငါ အဘညြတဲထိ ရောက်ဖူး
ပြီလေ... ဦးလေးစောအိမ်က ကမ်းပေါ်တက်ပြီး ခဏဆို ရော
တာ..."

" ငါမင်းကို လိုက်ပို့ချင်ပါတယ် "

" ရတယ်... ငါသွားရဲပါတယ်..."

" ဦးစောမင်းနဲ့ ငါရန်ဖြစ်ဖူးတော့ အဲဒီအိမ် လိုက်
မလိုက်ချင်တာ..."

ဖိုးဝင်းမောင် ဆယ်တန်းလောက်က ဟိုဘက်ကမ်း
ကွမ်းသီးခြံမှာ ငွေပေးဖို့ သွားရင်း ဦးစောမင်းနဲ့ စကားအကြီးအကျ
များဖူးသတဲ့လေ...။ အခုမှ ပြောပြတယ်။ ဒါကြောင့် ဟိုဘက်ကမ်း
လုံးဝ မကူးတော့တာတဲ့...။

" ငါ အဘညြနဲ့ မအူပင်ထိ ပွဲတောင်ဆော်မှာဆုံတဲ
လပြည့်... ငါတို့တွေ့တဲ့ ရေသူမဆိုတာ... အဘညြအပြောအ



တစ်ခါမှ မတွေ့ဖူးဘူးတဲ့... လူမဟုတ်နိုင်ဘူးလို့ အဘညြက ပြောတယ်"

" လှေနားထိ ခုန်ချလာတာ... လူမဟုတ်လို့ ရေသူမလား
လူပါ..."

" လူဆို ဘယ်ရောက်သွားလဲ "

ဖိုးဝင်းမောင်ရယ်... မင်းကို အဲဒီအဖြေ ငါပြောပြချင်ပေမယ့်...
ဦးလေးစောကို ကတိပေးထားမိလို့ပါ...။ လှေကလေးရပ်ပေးတော့
မုန့်အိတ်ကိုဆွဲပြီး ထွက်ခဲ့တယ်...။

" နာရီဝက်လောက်ကျ ပြန်ဆင်းခဲ့ "

" အေးပါ..."

တစ်ယောက်တည်း လျှောက်လာခဲ့တဲ့အခါ... ညီး... မရရ
အောင်ကို တွေ့မယ်...။

ဦးလေးစောက မတွေ့ရဘူးဆိုလည်း ရအောင် ပြောပြီး
တွေ့မယ်...။

" ဦးလေးစော... ဦးလေးစော..."

အတော်ကြာခေါ်မှ အိမ်ထဲက ထွက်လာတာ။

" မင်း ဘာလာလုပ်ပြန်တာလဲ "

" ရက်လည်အတွက် ကော်ဖီမစ်တို့ မုန့်တို့လာပို့တာပါ"

" ဆွမ်းကပ်လိုက်မှာကို အပိုတွေ..."

အိမ်ထဲဝင်လို့တောင် မခေါ်ဘူး။

လက်ထဲက အထုပ်ကို လှမ်းပေးတယ်... မယူချင်သလို
ဖြစ်နေလို့ လက်ထဲ အသေအချာထည့်ပေးပြီးတော့။

" ညီနဲ့ တွေ့ချင်ပါတယ် "

ဦးလေးစောဆီမှာ... အုပ်ထိန်းသူ တစ်ယောက်အနေနဲ့...

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းတယ်လေ...

" မင်းတို့ လူငယ်တွေ ခက်တယ်..."

" ကျွန်တော် ခွင့်တောင်းတာပါ "

" အိမ်ပေါ်တက်..."

ခုမှ ခေါ်ဖော်ရတော့တယ်။ အိမ်ကလေးက ရှင်းလင်းပြောင်လက်နေပါလား။ ပစ္စည်းအဖိုးတန် ဘာမှမရှိပေမယ့် သန့်ရှင်းနေတာပါပဲ...။

" လာ... မီးဖိုထဲ လိုက်ခဲ့ "

အိမ်ရှေ့တံခါးကို ပိတ်ပစ်လိုက်တယ်။

" မပိတ်ကောင်းဘူးလေ ဦးလေးစော "

" ခဏတော့ ပိတ်ရမှာပဲ... အဘသြကြီးက ရုတ်တရက် ရောက်ချင်ရောက်လာတတ်... ဟိုကောင်မလေးကို တွေ့သွားမယ်..."

မီးဖိုထဲ စားပွဲဝိုင်းလေးမှာ ထိုင်နေတယ်။ လပြည့်တို့ ဝင်လာတော့ မော့ကြည့်ပြီး လပြည့်ကိုမြင်လို့ အံ့သြသွားပုံပါ။

" ညို... လပြည့်တဲ့... လပြည့်... ငါ့တူမ ညို... စားစရာ ဘာရှိလဲ "

" သာကူကျိုထားတယ် "

" လပြည့်အတွက် ထည့်ပေးလိုက်..."

ညိုက ဆံပင်တွေကို ဘီးနှင့် ဖတ်ထားပါတယ်။ အဝတ်အစား ဝတ်ထားတာလည်း ပါတိတ်လုံချည်လေးပေါ်မှာ ရှပ်အင်္ကျီလေးနဲ့ပါပဲ...။ ရိုးရိုးအေးအေးဝတ်ထားပေမယ့် မျက်နှာလေးက အရမ်းလှတာပါလား...။

" စား... လပြည့် စားပြီးရင် ပြန် "



" အဘကလည်း "

" ဘာ အဘကလည်းလဲ... နင့်ကြောင့် ငါ့ အိမ်တံခါးကြီး ပိတ်ထားရတာ... ဒီလောက်ပြောနေတဲ့ကြားက ရေသွားသွားကူး... နင့်အဖေလည်း မရှိဘူး... နင့်အမေအမျိုးတွေဆီ ပြန်တော့ "

" မပြန်ပါဘူး "

" ဘာ..."

" အဘရှိတာပဲ "

" ဘာ... အဘရှိတာလဲ..."

" အဘရှိတာပဲ... အဘက ညို့ဘကြီးပဲဟာ... အဘနဲ့ပဲ နေမှာပေါ့... အဖေမရှိလည်း ရပါတယ်... အဘရှိတယ် "

ညိုနှင့် ဦးလေးစော အချေအတင် ပြောနေတာကို သာကူ သောက်ရင်း နားထောင်နေရတယ်။ ညို့ကိုကြည့်ရင်း ဖိုးဝင်းမောင်နဲ့ တွေ့ပေးချင်မိတယ်... ချစ်စရာ အရမ်းကောင်းပါလား... ညို...။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဝင်းမောင်နှင့် စကားပြောရတိုင်း... အပြစ်ရှိသလို ခံစားရပါလား။ အချစ်ဆုံး သူငယ်ချင်း လပြည့်အပေါ်လည်း သိပ်ကောင်းတယ်... ဒါပေမယ့် လပြည့်ကကျတော့ ညို့အကြောင်း ဖုံးကွယ် လျှို့ဝှက်ထားရပါလား...။

" စောဝင်းလည်း သနားပါတယ်... ခုတော့ တစ်ယောက်တည်း အင်းလေ... တစ်ခုတော့လည်း အေးတာပါပဲ... စောမင်း ရှိတုန်းက ညီအတွက် စိတ်မောနေရတာပါ... အမြဲလို အကိုကို အနိုင်ကျင့်နေတာ... ကွမ်းသီးခြံလေးက ရသမျှ ညီ့အရက်ဖိုး ကုန်ရှာ တာပါ..."

ကြီးမြကတော့ ဦးလေးစောတစ်ယောက်တည်း မှတ်နေရှာ တယ်။

အဲဒီအခါ... အဘရှိတာပဲဆို မျက်စောင်းလေးချိတ်ပြောတဲ့ လုပသော ညို့ကို အမှတ်ရရတယ်...။

ပြန်တော့မယ်ဆိုတော့... ခေါင်းညိတ်ပြတယ်။

လာလည်ရဦးမလားဆိုတော့...

မသိဘူး... အဘမေးတဲ့...။

အဘခွင့်ပြုရင်ကောဆို

ဒါဆို လာလည်ပေါ့တဲ့။



လပြည့်ကို ပြန်ပို့ရင်း ဦးလေးစောက ပြောပါတယ်။

ညိုကြ ဆယ်တန်းအောင်ထိ စာသင်ခဲ့ဖူးပါတယ်... လူမှုဆက်ဆံရေး နားလည်ပါတယ် ဒါပေမယ့်... ပတ်ဝန်းကျင်မှာ စောမင်း သမီးလို့ မသိစေချင်တာ... သူ့အတွက်ပါတဲ့...။

" ဦးစောမင်းရဲ့ သမီးအနေနဲ့ မဟုတ်ပဲ... တခြားဆွေမျိုးပါ... အဖော်မရှိလို့ ခေါ်လာတာပါ ဆိုရင်ကော... သူ့ခမျာ လွတ်လွတ် လပ်လပ်နေလို့ ရသွားတာပေါ့ ဦးလေးစောရယ် "

" အဲလိုမျိုး ထားရအောင်ကလည်း... ညို့ရုပ်ရည် ကင်းမြင်သားနဲ့... ငါက စီးပွားအတွက် ဟိုဘက်ကမ်းကူးရတယ်... တစ်ခါတလေ မအူပင်ဘက် တက်ချင်တက်ရမယ်... ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို ငါဘယ်လို ထိန်းရမလဲ... ထားခဲ့ရမလဲ..."

ဦးလေးစော ပြောတာလည်း မှန်ပါတယ်...

ညို့ကို ဘယ်လိုထားခဲ့မလဲတဲ့...။

ညို့အလှကို လပြည့်လည်း တွေ့နေရပြီ မဟုတ်လား...။

" ငါပြောနေတယ်လေ လပြည့် "

" ဟင် ဟင်... ဘာပြောတာလဲ..."

" မင်းတော့ မဟုတ်တော့ပါဘူး... အဘညြနဲ့ရော တွေ့လား မေးတာ "

" မတွေ့ပါဘူး... အဘညြတဲက သိတဲ့အတိုင်း သန့်ရှင်းပျက် မီထိ ဝေးတယ်... ဦးလေးစောက ဒီနားလေး ထင်နေတာ..."

" မနက်ဖြန် လပြည့်ညဆိုတာ မင်းအမှတ်ရလား "

" ရှုပါတယ်..."

" ရေသူမကို မင်းစောင့်ဦးမလား "

www.burmeseclassic.com

www.burmeseclassic.com



" စောင့်ရမှာပေါ့ "

မစောင့်ဘူးဆိုရင် ဖိုးဝင်းမောင်စိတ်မှာ တစ်မျိုးဖြစ်တော့မှာ။ အရင်က ဒီလောက်စွဲလန်းတဲ့ ရေသူမ… ဘယ်လိုဖြစ်ပြီး အေးစက်စက် ဖြစ်သွားပါလိမ့် ထင်စရာပေါ့…။

ညို…

ဒီညတော့ မင်းရေမကူးပါနဲ့လား…

ရေကူးရင်လည်း မြောင်းထဲမှာပဲ နေသင့်တယ်…

ချောင်းကျယ်ကြီးထဲ ထွက်လာရင် အန္တရာယ်ရှိသလို— ဦးလေးစော အိပ်မှ အလစ်ထွက်တာက ရှိသေးတာ…။ စိတ်ပူရတယ် ညို…။ဟိုးအရင် မင်းကို မတွေ့ဖူးခင်က စိတ်တစ်မျိုး… အခု တွေ့ဖူးပြန်တော့ မင်းကို ချစ်ရတဲ့ စိတ်ကြောင့် ပူပန်မှုတွေ ပါလာပါရောလား…။

ညို့ကိုချစ်တယ်…

ဦးလေးစောကို ပွင့်ပွင့်လင်းလင်း ပြောပြီး လက်ထပ်လိုက် ရမလား။

လပြည့်တော့ ကိုယ်အတွေးနှင့်ကိုယ် ပြုံးရပါပြီ…

ညို့ကို လပြည့် လက်ထပ်ချင်ရအောင် ညို့နှင့် သူက ချစ်သူတွေမို့လား…။

ပြီးတော့ ညိုကရော လပြည့်ကို ချစ်မှာမို့လား…။ လပြည့် ဘဝမှာ မိဘမရှိဘူး… ဖေဖေနဲ့ မေမေ ထားခဲ့တဲ့ ငွေအတော်များများ ရှိတယ်ဆိုစေဦးတော့… ဦးလေးကို ပြောမပြပဲလည်း လက်မထပ် သင့်ပြန်ပါဘူး…။

ညို… ညို့ကို တွေ့ချင်တယ်…

ပြီးတော့ ချစ်တယ်လို့လည်း ပြောချင်တယ်။

" လပြည့် "

" ဟင် "

" ဦးလေးစောအိမ်ကို ငါတို့က ခုလို အသက်ကြီးမှ မရောက်ဖူးကြဘူး… မင်းရောက်တော့ ဘာထူးခြားလဲ "

" အိမ်ကလေးရဲ့ ဧည့်ခန်းမှာ သူတို့ညီအစ်ကို ဖက်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံကြီး အကြီးကြီး ချိတ်ထားတာတော့ ထူးခြားတယ်"

" ညီအစ်ကိုနှစ်ယောက်ရဲ့ ဓာတ်ပုံဟုတ်လား "

" အေး… ဦးလေးစောနဲ့ ဦးစောမင်း ခပ်ငယ်ငယ်ကပုံပါ… ဦးလေးစောပြောတာက ညီအစ်ကိုနှစ်ယောက် တွေ့ရခဲ့တော့ အမှတ်တရ မအုပင်သွားတုန်း ရိုက်ထားတာတဲ့လေ… "

" နောက်ရော "

" နောက်တော့ ဟုတ်လား… ဟင့်အင်း… ကျန်တာ ဘာမှမရှိပါဘူး… "

ဖိုးဝင်းမောင်ကို ညာရပြန်ပါရောလား။

မညာချင်ဘူး သူငယ်ချင်းရယ်…

အဲဒီမှာ ညိုဆိုတဲ့ ကောင်မလေးရှိတယ်… သိပ်ချစ်စရာ ကောင်းသလို လပြည့်သိပ်ချစ်မိနေပြီ… သူ့ဓမ္မ ဦးလေးစောနဲ့ ရှေ့ရှည်နေရင် ဘဝမှာ လွတ်လပ်ပျော်ရွှင်စွာ နေရမှာ မဟုတ်ဘူး။

လပြည့်ရဲ့ ဇနီးဘဝမှာဆိုရင်တော့…။

လပြည့်က ပညာပြည့်စုံပြီ ဆိုပေမယ့်… စီးပွားရေးကတော့ ဘာမှ အခြေတကျ မရှိပြန်ပါဘူး…။

နောက်တော့လည်း… ညိုက ချစ်ချင်မှ ချစ်မှာပေါ့လေ…။

www.burmeseclassic.com



အဲဒီအတွေးရပြန်တော့ ရင်ထဲ ထိခိုက်ရတယ် ညို…။

အခုမှ ကိန္နရာချောင်းခြားတာကို ခံစားလို့ရတော့တာ…

လပြည့်ကတော့ ညှံ့ပါတယ်… အဲဒီချောင်းကို ဖြတ်ပြီး ချစ်သူရှိရာ မသွားနိုင်ပါလား…။ တစ်ခုခုအကြောင်းပြပြီး သွားရအောင်လည်း… ဖိုးဝင်းမောင်ကိုပါ ဝှက်ထားရတဲ့ အခြေအနေ မဟုတ်လား…။

တွေ့ချင်တာပါ ညို…။

ဆ ဆ

အဘကလည်း နေ့ခင်းတည်းက ပစ္စည်းဝယ်သွားမယ် နင်ဘာမှမလုပ်ပဲ အိမ်ထဲပဲ နေတဲ့…။ ဒါပေမယ့် တဖြည်းဖြည်း အချိန်သာကုန်တယ် ပြန်မလာ… အဘပြန်လာရင် ထမင်းဟင်းလေး အဆင်သင့် စားစေချင်တော့… မီးဖိုလေးထဲ ထမင်းဟင်းချက်ဖို့ ပြင်ရတယ်…

ဒီဘက်ကမ်းမှာက လူနေအိမ်ခြေများတာလည်း မဟုတ်ပဲ အဘက အစိုးရိမ်လွန်နေတာပါ…

ပြီးတော့ ညို့ကို စိတ်မချလွန်းတာ ဆိုးပါတယ်…။

ညိုလည်း ပုသိမ်မှာ ဆယ်တန်းအောင်တဲ့အထိ ကျောင်းနေလာတာပါ…

လူတွေအကြောင်း လုံးဝမသိတဲ့ ကောင်မလေးမှ မဟုတ်ပဲ…

ထမင်းအိုးတော့ ကျက်ပြီ…

ပဲနီလေး ချက်လိုက်မယ်… ဆိတ်သားခြောက်ဖုတ်ပြီး ဆီဆမ်းစားတာနဲ့ဆို အတော်ပဲ…။

ပဲနီလေးဟင်းအိုး တည်ရုံရှိသေး…။

“ မောင်စောဝင်း…”

“ မောင်စောဝင်း…”

အိမ်ရှေ့က ခေါ်သံ…

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အသံလဲ...

ညီသိတာပေါ့...။ ဆေးဆရာ အဘကြီးရဲ့ အသံပါ... ဒုက္ခပဲ။ ညီငြိမ်ရင်း နားထောင်နေရတယ်...

" ဒီမောင်စောဝင်းဟာ... မီးဖိုထဲကတော့ အငွေ့တလူလူ ဟင်းချက်နေပြီး နားများလေးနေသလား... မောင်စောဝင်း "

ထူးကလည်း မထူးရဲ...။

" မောင်စောဝင်း..."

" အဘကြီး..."

" ဟော... မင်းက ဘာလာလုပ်လဲ "

နောက်ထပ် လူတစ်ယောက်အသံ။ အိမ်ရှေ့မှာ ညှော့်သည် အော်သံကြားရင် ညီချောင်းကြည့်နေကျ အပေါက်ကလေးကနေ ချောင်းကြည့်မိပါပြီ...။

ဟင်... လပြည့်ဆိုတဲ့ ကောင်လေး...

ရင်ထဲမှာတော့...

အဲဒီ့ လပြည့်ဟာ ဘာလို့များ ညီ့စိတ်တွေကို ဖမ်းစားထား နိုင်ပါလိမ့်။ အဘကိုယ်တိုင် အိမ်ခေါ်လာပြီး ညီနဲ့မိတ်ဆက်ပေး ထားတာဆိုတော့ ခင်မင်လို့ ရနိုင်တာပေါ့...။

" ဦးလေးစော မှာထားလို့ မဂ္ဂဇင်းစာအုပ်လာပို့တာ "

" မဂ္ဂဇင်းစာအုပ်ကို စောဝင်းက ဘာလုပ်မှာလဲ..."

" ဘုရားစာ ဖတ်မလို့ နေမှာပါ... ဘာသာရေး မဂ္ဂဇင်းပါ... "

" မီးဖိုမှာ မီးခိုးက တလူလူ... စောဝင်းက ခေါ်တော့ အော်မကြား ခေါ်မကြားနဲ့..."

" အဘကြီး ဘာကိစ္စရှိလို့လဲ..."



" ညဘက် ငါ့တဲလျှောက်ခဲ့စမ်းပါ ပြောမလို့..."

" ကျွန်တော် ပြောလိုက်မယ်... အဘကြီး "

" အေး... ပြောလိုက်စမ်းပါ..."

အဘကြီးကတော့ လျှောက်သွားပါပြီ။ လပြည့်ကတော့ ရပ်နေရာက အိမ်ဆီ လျှောက်လာနေပြီ။

တံခါးဝ ရောက်တဲ့အခါမှာ အသံတိုးတိုးနဲ့။

" ညီ... ရှိနေလား "

" နောက်ဘက်တံခါးက ဝင်ခဲ့ပါ လပြည့်..."

ဒီတော့မှ မီးဖိုဘက် တံခါးကို သွားဖွင့်ပေးရတယ်...။ မီးဖိုထဲမှာတော့ ပဲဟင်းအိုးက ပွက်စပြုနေပါပြီ။ ဟင်းအိုးဘေးမှာ ထိုင်ရင်း စကားပြောကြရတယ်။

" အဘသိရင် ဆူမှာ... သူမရှိရင် ထမင်းဟင်း မချက်ရဘူး တဲ့... မီးခိုးငွေ့ကြောင့် လူလာမယ်ဆိုတာ... ညီက အဘပြန်အလာ စားပါစေဆို ချက်တာပါ..."

" ညီ ခုလိုနေနေရတာ စိတ်မညစ်ဘူးလား "

" ညစ်တာပေါ့... ဒါပေမယ့် ဘယ်လိုလုပ်မလဲ... အမေ့ အမျိုးတွေက လက်မခံချင်ဘူး... အဖေရှိတယ်ဆို စုံစမ်းပြီး လာရတာ... ခုချိန် အဘကလွဲလို့ ဘယ်သူနဲ့ သွားနေမလဲ..."

" လပြည့်ညတွေ ချောင်းထဲထိ ရေမကူးပါနဲ့လား ညီ..."

" ဘာဖြစ်လို့လဲ "

" စိတ်ပူလို့ပါ... ညီ့အန္တရာယ်ရှိမှာ စိတ်ပူတယ်..."

" ညီက ပင်လယ်ဝမှာ နေလာတာပါ... မြစ်ထဲ ချောင်းထဲ နေလာတာ... ရေကူးကျွမ်းကျင်ပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



" ရေကူးတာထက် လူအွန္တရာယ်ကြောတာ... အားလုံး လိုလိုက ညို့ကို စိတ်ဝင်စားကြတယ်..."

" ဟင်... ဘာလို့လဲ "

" သိပ်လှတဲ့ ရေသူမဆိုပြီးတော့ပေါ့ "

" ဟုတ်လား "

လပြည့်အပြောကြောင့် ညိုရယ်ရပါတယ်...

ညိုက သိပ်လှတဲ့ ရေသူမတဲ့လား...။

လပြည့်ပြောမှ သိရတာပါလား။ ညို့မှာဖြင့် အဘက လူတွေမြင်မှာစိုးလို့ အပြင်မထွက်ရဘူးဆို အိမ်ထဲထားတော့ ညဘက်မှ လွတ်လွတ်လပ်လပ်ထွက်ရတာ။ ရေကူးနေကျဆိုတော့ ရေလည်း ကူးချင်တယ်လေ...

ရေဆင်းတံတားလေးပေါ်ထိုင်ပြီး ရှုခင်းတွေကြည့်ရတာ ပင်လယ်ဝမှာ အမြဲနေခဲ့ရတာလည်း အလွမ်းပြေပေါ့...။

" ညို "

" ဟင် "

" ညို့ကို လပြည့်ချစ်တယ် "

" ရှင်..."

ရတ်တရက်ဆိုတော့ အံ့သြပြီး ကြည့်မိပါပြီ။

လပြည့်ဆိုတာ ချောမောလှပတဲ့ ကောင်လေးတစ်ယောက်ပါ...

ညိုဟာ ယောကျ်ားလေးဆို မတွေ့ဖူးတဲ့ ကောင်မလေး မဟုတ်ပါဘူး။ ပုသိမ်မှာ ကျောင်းတက်တုန်းက သူငယ်ချင်း ကောင်လေးတွေ ရှိပါတယ်။ ညို့အလှမှာ ခံစားရင်ခုန်တဲ့ ကောင်လေး တွေလည်း တွေ့ဖူးတာပါပဲ...

ဒါပေမယ့် လပြည့်နဲ့ တွေ့ရတဲ့အခါမှာတော့။

သူ့ကို ညို ကြောက်လန့်ပြီး တုတ်နဲ့ ရိုက်လိုက်တုန်းက ဝိုးတဝါး မြင်ရတဲ့ ပုံရိပ်မှာတည်းက ညို ခံစားချက်ရှိခဲ့တာလည်း။

" ဖြေပါညို... ညို့ကို ခုလိုမျိုး မထားချင်ပါဘူး... လပြည့်တို့ လက်ထပ်ကြမယ်လေ ညို... ညိုလည်း လပြည့်ဇနီးဘဝမှာ လွတ်လပ်ပျော်ရွှင်စွာ နေလို့ရတာပဲ..."

" နင်တို့ နင်တို့... ငါမရှိတုန်း ဘာကိစ္စ တွေကြတာလဲ"

ရုတ်တရက် တံခါးဝက ပေါ်လာတဲ့အသံကြောင့် ကြောက် လန့်သွားရပါပြီ... အဘပါလား။ အဘပြန်လာပါပြီ။ လပြည့်ကတော့ အဘကို ပုံမှန်စကားသံလေးနဲ့ပဲ ကျွန်တော် ဦးလေးစောကို စကား ပြောစရာရှိလို့ လာတာပါတဲ့။

" မင်းက ဘာပြောမှာလဲ... ငါမရှိရင် မလာနဲ့... ညို... နင်လည်း ငါမရှိရင် ဘယ်သူ့မှ တံခါးမဖွင့်နဲ့ဆို မေ့ပြီလား "

" ဦးလေးစောကို ကျွန်တော် ခွင့်တောင်းမလို့ပါ... ညို့ကို ကျွန်တော် လက်ထပ်ချင်ပါတယ် "

" ဘာ... မင်း... မင်း..."

" အဘ... မလုပ်ပါနဲ့... အဘ မလုပ်ပါနဲ့..."

အဘက လပြည့်ရဲ့ အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ပြီး ဒေါသ တကြီး ရိုက်နက်ဖို့ ပြင်နေပြီ...

ညို ကြည့်မနေနိုင်ပါဘူး...

သူ့ကို ညိုစိတ်ပူတယ်လေ...။ ဒါကြောင့် အဘကို နောက်မှ သိမ်းကြုံးဖက်ထားရတယ်...

" ဦးလေးစော ရိုက်လည်း ခံရုံပါပဲ... ညို ခုလို ပုန်းကွယ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတာ ကျွန်တော် မမြင်ရက်ဘူး... ကျွန်တော့် ဇနီးဘဝလေးမှာ စိတ်ချမ်းသာ လွတ်လပ်ပျော်ရွှင်အောင် ထားပါမယ်..."

" မင်းပြန်စမ်းကွာ..."

အဘက သူ့ကို ဆွဲခေါ်ပြီး အိမ်ပြင်ထုတ်ပစ်လိုက်ပါပြီ။ ညို့ရင်မှာတော့ ထိနိုက်ကြေကွဲရသလိုပါပဲ။ ညိုလည်း ဒီလို မနေချင်ပါဘူး လပြည့်ရယ်...

❀ ❀

" မင်းဟိုဘက်ကမ်းကို သွားတယ်မဟုတ်လား "

ဖိုးဝင်းမောင်မေးပြီ...

မညာရက်ဘူး...။ ဒါကြောင့် သက်ပြင်းတရှိုက်ရှိုက်ရတယ်... ဦးလေးစော စိတ်ဆိုးသမျှ ခံရလည်း ခံရုံပါပဲ... အခုပဲကြည့် ဖိုးဝင်းမောင်ကို မပြောရတော့... ဟိုဘက်ကမ်းသွားတာကို နိုးဇုက်သွားနေရတယ်။

" ဖိုးဝင်းမောင် ငါ့ကိုစိတ်မဆိုးပါနဲ့ကွာ... ငါလေ..."

ညို...

ညိုဟာ အခုတော့ ကျွန်တော့်ရဲ့ ရေသူမလေးဖြစ်ခဲ့ပြီ...

နှလုံးသားရေပြင်မှာ လူးလာကူးခပ် ပျော်ရွှင်နေတဲ့ ရေသူမလေးပေါ့...။

ဖိုးဝင်းမောင်ကို ညိုနှင့်တွေ့တာကအစ... ညို့အကြောင်း ညို့အပေါ် ခံစားချက်တွေ ပြောပြမိပါရော။

" ငါ့ကို မင်းစိတ်ဆိုးလည်း ခံရတော့မှာပါ... ဦးလေးစောကို ကတိတည်ချင်ပါတယ်... ဒါပေမယ့် ငါအခုတစ်ယောက်တည်း ကိန္နရာ ချောင်းခြားသလို ဖြစ်ခဲ့ပြီလေ..."

" ဒါဆို ညိုဟာ မိန်းကလေးတစ်ယောက်ပေါ့... သိပ်လှတဲ့ ကောင်မလေးဟုတ်လား... ကိုတင်မောင်ဦး ရှူးမယ်ဆို ရှူးလောက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့..."

" ငါ့ကို ကူညီပါ ဖိုးဝင်းမောင် "

" မင်းက ညို့ကို တကယ်လက်ထပ်မှာလား "

" အင်း... ညို့ကို ငါ ချစ်လည်းချစ်တယ်... သနားလည်း သနားတယ်... ဦးလေးစောကလည်းကွာ... အိမ်ထဲမိတ်ထားတယ် လို့ပဲ..."

ဖိုးဝင်းမောင် ပြောတာလည်း မှန်ပါတယ်... ဦးလေးစော စိုးရိမ်သလို ဦးစောမင်းကို မုန်းတဲ့လူတွေမှ အများကြီးတဲ့...။

" မင်း ပွဲတောင်ဆိပ်မရောက်ခင် သံဇကာအဖြူလေးတွေနဲ့ အိမ်လေး သတိထားမိလား "

" အင်း... ငါတောင် အိမ်လေးက သဘောကျစရာလေးလို့ ထင်ခဲ့တာ "

" အဲဒီအိမ်က ဦးနီတွတ်ကို ဦးစောမင်းက ရိုက်လို့ ဦးနီတွတ်က ခေါင်းထိပြီး သေသွားတာ... ဦးစောမင်းကလည်း အမှုဆိုတာ အများကြီး... ပြီးတော့ အချုပ်နဲ့ ထောင်ကလည်း သူ့အိမ်ပဲ... ဦးနီတွတ် သေတဲ့အမှုနဲ့လည်း ထောင်ကျသေးတာ... နှစ်တွေကြာလို့ လွတ်လာရင် ပြန်ဆိုးနဲ့ မသေခင် တစ်နှစ်လောက်က မှ အရက်ဒဏ်ပိလို့ လုံးဝ မလျှောက်နိုင်သလောက်ဖြစ်မှ ဒီဘက်မလာ တာ... ဦးနီတွတ်သားတွေက ဦးစောမင်းကို သေလောက်အောင် မုန်းတာ... ဦးလေးစော အိမ်ရှေ့က ဖြတ်ရင်တောင် ခွေးနဲ့ရှူးတိုက်လို တိုက်... ဆဲချင်ဆဲတာ "

" ဟုတ်လား "

" ညိုဆိုတဲ့ ကောင်မလေးဟာ လှလည်းသိပ်လှတယ်...



ပြီးတော့ ဦးစောမင်း သမီးသာဆို အန္တရာယ်ရှိတာပေါ့..."

ဦးလေးစော အတွေးအတိုင်းပါလား...။

လပြည့် သက်ပြင်းရှိုက်ရပေါ့...။

" ညို့ကို ငါလက်ထပ်ချင်တယ် "

" ဒါဆို ဦးလေးစော ခွင့်ပြုရင်တောင် မင်း သူ့ကို ရန်ကုန်ခေါ်သွားပေါ့... ဒီမှာဆိုရင်တော့ ဦးစောမင်း သမီးဆို... မင်းရဲ့ ဇနီးပေမယ့်... မုန်းတဲ့လူတွေ ရှိနိုင်တယ် "

" ဥပဒေရှိတဲ့ နေရာတွေပါ... ဦးစောမင်းတောင်မှ ဥပဒေအရ ထောင်ကျသေးတာ..."

" ဘယ်လိုပဲရှိရှိ... မင်းက အလုပ်မလုပ်တော့ဘူးလား... မိန်းမကို အိမ်မှာထား အလုပ်လုပ်ရင်း မင်း စိတ်ပူနေရတာဆို ဘယ်လိုအလုပ်ဖြစ်မလဲ... မိန်းမကို အမြဲခေါ်သွားနိုင်မလား... ငါ တစ်ခုတော့ မင်းကို ချစ်လို့ အကြံပေးမယ်... ညိုကလည်း မင်းကိုချစ်လို့ လက်ထပ်မယ်ဆို... ပြီးရင် ရန်ကုန်မှာ သွားနေကြပါ..."

" အင်းလေ... ဒါတွေက နောက်ထား... အခု ဦးလေးစော ကလည်း ခါးခါးသီးသီးပါ... ငါ့မှာ ညိုနဲ့ တွေ့ရတာက ခက်ပါဘိ တော့..."

" မင်းရဲ့ညိုကို ငါနဲ့ရော တွေ့ပေးချင်ရဲ့လား "

" ဖိုးဝင်းမောင်ကလည်း... ငါက တွေ့ပေးချင်ပါတယ်... ငါ့စိတ်မှာ ညို့ကို ငါ့သူငယ်ချင်းတွေနဲ့ ငါ့လိုပဲ ပျော်ရွှင်လွတ်လပ်စွာ နေစေချင်တာပါ..."

" အမိကက ဦးလေးစော သဘောတူဖို့လည်း လိုတယ် နော်..."

www.burmeseclassic.com



" ဟုတ်တယ်… ငါပြောတော့ ခါးခါးသီးသီးပါပဲ… "

ဖိုးဝင်းမောင်ကတော့ ကျော်ထွန်းသိရင် အရမ်းအံ့ဩမှာပဲလို့ ပြောပါတယ်။ သူငယ်ချင်းတွေကို ဝုက်ထားသလို ဖြစ်နေတာ တောင်းပန်ရတယ်…။ တကယ်ဆို အချစ်ဆုံး သူငယ်ချင်းတွေနဲ့ ပြောပြချင်တာပေါ့။

" မှုးစာရှိလို့ မင်းတို့ ကြဲဖန်တောင်ဆုံရသေးတာ… ပေါင်းရမယ်ဆို ဘယ်သူမှ မခွဲနိုင်ပါဘူး… ကိုတင်မောင်ဦးဆို ဖွဲ့လန်းသလောက် ဆုံမှမဆုံရတာပဲ "

လပြည့်အတွက်ကတော့ ညီနဲ့ ဆုံရမယ်လို့ ပြောနိုင်သလား

❋ ❋

" လပြည့်… ဩော် ဖိုးဝင်းမောင်ရောပါလား "

သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်သောက်နေတုန်း အဘဩရောက်လာပါတယ်။ သူ့ရဲ့ ဆေးတောင်းကြီး ဆေးချပြီး ဝင်ထိုင်လိုက်ပါတယ်။ လက်ဖက်ရည် သောက်ပါဆိုတော့ ကွမ်းဝါးနေတယ် မသောက်ချင်ဘူးတဲ့…။

" မင်းတို့ ငါ့တဲကို လာလည်လို့ရပါပြီ… စောမင်းသေပြီဆိုမှ ငါတို့ ဟိုဘက်ကမ်းက အေးချမ်းသွားပါပြီ… "

" ကျွန်တော်တို့ လာခဲ့ပါဦးမယ် အဘဩ "

" အေး… လာခဲ့ ငါ့တဲမှာ ထမင်းလာချက်စား… မင်းတို့ လာမယ်ဆို ကြိုပြော… ငါ ကောင်းမယ့်ဆိုတဲ့ သက်သတ်လွတ်ဟင်းတွေ ချက်ပေးမယ် "

" ကျွန်တော်က ဟင်းရွက်တွေ မကြိုက်ဘူး… အသားငါးပဲ ကြိုက်တယ် "

" ငါ့တဲက သချိုင်းဘေးမှာ နေရတာ… မင်း အသားတွေ ချက်လို့ကတော့ကွာ… အဲဒီကောင်တွေ အကြိုက်ပေါ့ "

" ဗျာ… ဘာကောင်လဲ အဘဩ "

" ပြိတ္တာတွေပေါ့… သချိုင်းပျက်မှာ နေတဲ့ တစ္ဆေသရဲ ပြိတ္တာတွေက အသားမမြင်ဖူးတာ ကြာရောပေါ့… "

www.burmeseclassic.com

www.burmeseclassic.com



" ဟာ... ရှိလို့လား.. အဘကြီးကလည်း "

" သူတို့မရှိတဲ့နေရာ မရှိပါဘူး ကောင်လေးရယ်... လူတွေက ကံမြင့်လို့ မမြင်နိုင်ကြတာပါ..."

ကြောက်စရာပါလား။

အဘကြီးကတော့ ကြောက်ပုံမရ... နေနေကျလည်း ဖြစ်နေလို့ ထင်ပါရဲ့။

" ကျော်ထွန်း... လာ ငါတို့ ဒီမှာ "

ဖိုးဝင်းမောင်ခေါ်တော့မှ ကျော်ထွန်းကို မြင်ရတယ်။ ခုံယူပြီး ဝိုင်းထဲမှာ ဝင်ထိုင်ရင်း မင်းတို့ ကြားပြီးပြီလား... ဘာကြားရမှာလဲ ဆိုတော့။

" ကိုတင်မောင်ဦး ဆေးရုံရောက်နေတယ်..."

" ဟုတ်လား... ဘာလို့လဲ..."

" မပြောတတ်ဘူး... ဒဏ်ရာကြီးနဲ့ လှေပေါ် မျှောပါလာတယ်တဲ့.. ဒဏ်ရာက ကိုက်လိုက်တာလား... သူ့ဘာသာ ခိုက်မိတာလားလည်း မပြောနိုင်ဘူးတဲ့..."

ဒုက္ခပဲ...

ညိုနဲ့များတွေ့တာလား...။

ညို လန့်ပြီး ကိုက်လိုက်တဲ့ဒဏ်ရာက အနာရွတ်အဖြစ် လပြည့် ချိုစောင်းမှာ ရှိနေဆဲလေ...။ ညို့အတွက် စိတ်ပူရပြီ။ ကိုတင်မောင်ဦးကလည်း ရေသူမကို ဖွဲ့လန်းပြီး အမြဲလိုလို အဲဒီ ဘက်ကမ်းကို ချောင်းနေတာ... ညို ရေချိုးရေကူးနေတုန်း တွေ့သွားလို့ ကိုက်လိုက်ပြီထင်တယ်...

ကိုတင်မောင်ဦးသာ သေသွားရင် ညိုတော့...



ရင်တွေပူလာတာ မနေနိုင်အောင်ပါပဲလား။

" ဒဏ်ရာက များသလား... သေသွားနိုင်သလား "

" ငါလည်း သူများပြောတာ ကြားလာတာ... အတိအကျ ဘယ်သိမလဲ လပြည့်ရဲ့..."

" ဦးစောမင်းကြီးက လက်ယဉ်နေလို့ ကိုက်တယ်ပြောရအောင် သူက သေပြီပဲ "

" ငါပြန်မယ်... မင်းတို့လာလည်ကြဦး "

အဘကြီးက နှုတ်ဆက်ထွက်သွားပါပြီ။ လပြည့် မျက်နှာ ပျက်ပြီး စိတ်ပူနေတာ ဖိုးဝင်းမောင်ကသိတော့ မင်းအဘကြီးနဲ့ လိုက်သွားလိုက်ပါလားတဲ့... ငါ ကျော်ထွန်းနဲ့ ဆက်ထိုင်နေခဲ့မယ်တဲ့... အဘကြီးနောက်ကို ဟန်မဆောင်နိုင်အောင် ပြေးလိုက်ခဲ့ရပြီ။

" အဘ... ကျွန်တော်လိုက်ပို့မယ် "

" မင်းက လှေလှော်တတ်လို့လား... ငါက ငါ့လှေ ယူလာတယ်... အပြန် မင်းဘယ်လိုပြန်မလဲ..."

" အဆင်ပြေသလိုပေါ့... ဦးလေးစောဆီလည်း ဝင်မှာပါ..."

အဘကြီးခေါ်လို့ တော်သေးရဲ့...။

လှေကို အဘကြီးလှော်လာတယ်...။

" မင်းရော... သူတို့ပြောတဲ့ ရေသူမတို့ သရဲမတို့ ယုံသလား..."

" ဗျာ "

" နားများလေးနေသလား လပြည့်ရယ်... ငါလို အဖိုးကြီး နားလေးဖို့များ ထားစမ်းပါဦး..."

" ကျွန်တော်မှ မတွေ့ဖူးတာ..."

www.burmeseclassic.com

www.burmeseclassic.com



" သေချာလို့လား "

" ဗျာ "

" ဒီကောင်လေးနဲ့ စကားပြောရတာ မဟုတ်တော့ဘူး--"

အဘသြလည်း လပြည့်ကို စိတ်ရှုပ်သွားလို့ ထင်ပါရဲ့--

ဘာမှ ဆက်မမေးတော့ပါဘူး။

ရင်ထဲပူရပြီ ညို--

အဝေးကချစ်ရတာ ပိုရင်မောရတယ် ထင်ပါရဲ့။

❋ ❋

" မင်း ဘာလာလုပ်ပြန်တာလဲ လပြည့် "

ကန့်စွန်းရွက်ကြော်ဖို့ ပြင်နေတုန်း အပြင်က အသံကြောင့် ရင်ထဲထိတ်သွားရပါပြီ။ လပြည့်ဆိုပါလား... အဲဒီအသံလေးနှင့်ပင် ညို ကြည်နူးချမ်းမြေ့တတ်နေပါရော...။

" ကျွန်တော် ညို့ကိုစိတ်ပူလို့ လာတာပါ "

" နေပါဦး... ညို့ကို မင်းက ဘာစိတ်ပူစရာရှိလဲ "

" ဦးလေးစောကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောထားပြီး ပြီပဲလေ... ညို့ကိုချစ်တယ်... လက်ထပ်ချင်ပါတယ်လို့ "

" တော်စမ်း... လျှာအရိုးမရှိတိုင်း "

" တကယ်ပါ ဦးလေးစောရဲ့ "

ညို့ကိုချစ်တယ်တဲ့...

ကြည်နူးစွာ ပြုံးရပါပေါ့လား...။

ညို့ကို ချစ်တယ်ဆိုတဲ့ စကားမျိုးတွေ မကြားဖူးတာလည်း မဟုတ်ပါပဲ... သူကပြောတဲ့အခါ ကြည်နူးစိတ်နဲ့ ခံစားရတာပါလား။

" ညို့ကိုစိတ်ပူလို့ အဘသြကြီး လှေနဲ့လိုက်လာခဲ့တာ... ကိုတင်မောင်ဦး ဆေးရုံရောက်နေတယ်... ဒဏ်ရာကြောင့် သေသွားရင် ညိုများ ရိုက်လိုက်တာလားလို့..."

" ဘာ..."

www.burmeseclassic.com



အဲဒီစကားကြားရပြန်တော့ ညိုရင်ထိတ်ရပြန်ပါရော...

သေသွားရင်

သေသွားရင်တဲ့။

“ ညို ”

အဘခေါ်နေပါရော။

လပြည့်ကို လှမ်းကြည့်တော့ ညို့ကို ကြည့်နေတယ်...

“ နင်... နင် ရေကူးပြီး ပြဿနာရှာလာပြန်ပြီလား... နင်တို့ သားအဖဟာ အတူတူပဲ... ငါ့ကို တစ်ခုပြီးတစ်ခု ဒုက္ခပေးတယ်”

“ ညို... ညို လုပ်တာ မဟုတ်ပါဘူး ”

“ ငါဒါလေးပြောတာနဲ့ နင်ပြန်ပြောလိုက်ရင်... နင်ဘာဖြစ်ခဲ့ ပဲ ပြော...”

“ ဟို... ဟို ”

ညိုရယ်...

ရေမကူးပါနဲ့လို့လည်း ပြောပိုင်ခွင့်ကမရှိ... အမြဲလို အရိပ်ကြည့် စောင့်ရှောက်ရအောင်က အနားမနေနိုင်...။ ရင်မောရလွန်းပါလား။

ညို ရေကူးသတဲ့...။

ရုတ်တရက်ကြီး ကိုတင်မောင်ဦးကို တွေ့လိုက်ရတော့ ဘယ်လိုမှ မရှောင်နိုင်တော့ဘူး ဆိုပါတယ်... ညို့ကို အတင်းဆွဲ တော့တဲ့အခါမှာတော့... ညို အားကုန်ရုန်းပြီး ထွက်ပြေးလာခဲ့တာပဲ ကျန်တာ မသိပါဘူးတဲ့လေ...။

“ နင်တွန်းထိုး ထွက်ပြေးတော့ ချော်လဲပြီး တံတားဘောင် တွေ ဘာတွေနဲ့ ရိုက်မိသွားလားမှ မသိပဲ... ခက်တာပါလား...



တင်မောင်ဦးသေရင် နင့် အမှုပတ်မခံနိုင်ဘူး... ငါတော့ စောမင်း သေလို့များ အေးပြီမှတ်နေတာ... ညို... ညို... လပြည့်...”

ညို... ညိုလို့ ဆွဲဆွဲငင်ငင်လေး ညည်းနေရာက...

လပြည့်လို့ ခပ်ပြတ်ပြတ်ခေါ်လိုက်တယ်...။

“ ဗျာ...”

“ မင်းမှာ မိဘမရှိဘူး... အုပ်ထိန်းသူ ဦးလေးမသိပဲ လက်ထပ်လို့ရမှာလား...”

“ ကျွန်တော် မအူပင်ကနေ ဖုန်းဆက်ပြောရင် ရပါတယ်”

“ ဒါဆို ပြောလိုက်တော့... ညိုနဲ့ မင်းကို ငါလက်ထပ်ပေးမယ် ညို... တင်မောင်ဦးများ မတော်တဆသေရင်... ငါ့တူမကို ခုလို ဆွဲလားရမ်းလားလုပ်လို့ ငါတွန်းချလိုက်တာလို့ ပြော...”

“ ဟင့်အင်း ဟင့်အင်း... ဒါဆို အဘကို ရဲတွေဖမ်းမှာပေါ့”

“ ဖြစ်လာပြီပဲ... ငါကမထူးပါဘူး... နင်က ဘယ်လိုလုပ် မလဲ... လပြည့်လက်ထဲ နင့်ကို ငါအပ်ခဲ့မယ်... လပြည့်ကို သစ္စာရှိရှိ ချစ်ချစ်ခင်ခင် ပေါင်းပါ... ကြားလား ”

ညိုငိုနေပြီ...

ဒီလိုမြင်ရတော့ စိတ်မကောင်းပါဘူး...။

ဦးလေးစောခများလည်း... မဖြစ်တော့တဲ့အဆုံး လပြည့် အကြောင်းလည်း စုံစမ်းပုံရပါတယ်... ညို့ကို လပြည့်လက်ထဲ အပ်လိုက်တော့မယ့်ပုံပါပဲ...။

“ မင်း အမြန်စီစဉ်... အချိန်မရှိဘူး... မမြတို့ကိုတော့ ငါ့တူမလို့မပြောနဲ့... ရန်ကုန်က မင်းရည်းစားလို့ပြော ”

“ ဟုတ်ကဲ့...”

www.burmeseclassic.com

www.burmeseclassic.com



" မင်းပြန်တော့... အမြန်စီစဉ်နော် ကြားလား "

အပြန်လမ်းမှာ ရင်တွေ ပိုတောင်တုန်လာသလိုပါပဲ...။ ချစ်ရသူကို အမြန်ဆုံး ပိုင်ဆိုင်ရမယ်တဲ့...။ ဘယ်လိုမှ မထင်မှတ်ခဲ့ပါဘူး...။

ဖိုးဝင်းမောင်ကို ဘယ်လိုပြောပြရမှန်းမသိသလို ကြီးမြကိုဆိုပိုလို့ပြောရခက်ပါလား။ လက်ထပ်ပြီးတော့... နေစရာကအစ ရုတ်တရက် ဘယ်လိုစီစဉ်ရပါ့...။

※ ※

ညို့ရင်ထဲ ပျော်ရွှင်တာနဲ့ ကြေကွဲဝမ်းနည်းရတာဟာ... ကိုတပြန် ဒီတပြန် ပြေးလွှားနေတာပါလား...။

လပြည့်နဲ့ အမြန်ဆုံး လက်ထပ်ရမတဲ့...

ကြည်နူးရပါတယ်... လပြည့်ကို ညိုချစ်တယ်လေ...

ဒါပေမယ့် ညို့ကြောင့် အဘ ထောင်ကျသွားမှာလား...။ ညို့ကို တစ်ယောက်တည်း ရေမကူးနဲ့ ရေမကူးနဲ့လို့... အဘ တဖွဖွ ပြောပေမယ့် ညိုကိုက မနေနိုင်တာပါ...။ ဒါကြောင့်လည်း လိုဒုက္ခရောက်ရတာ။

" ညို... ငိုမနေနဲ့ "

" ညို့ကြောင့် အဘ ထောင်ကျနိုင်တယ် "

" နင့်ကို ငါပြောတာ နားမှမထောင်ပဲ... ရေသူမ ရေသူမနဲ့ တွေက စိတ်ဝင်စားနေတာ... အိမ်ရှေ့မှာ ရေကူးဆို ပြောမရဘူး... ချောင်းထဲသွားတယ်... အခု ဘယ်လိုလုပ်မလဲ..."

" ညို ဘာမှမလုပ်ပါဘူး... ထွက်ပြေးလာရုံပါ..."

" ဒါပေမယ့် နင်က တွန်းခဲ့တာ... ဟိုက လဲကျပြီး ခိုက်သွားတာလားမှ မသိတာပဲ..."

" ညိုက လပြည့်ကို တကယ်လက်ထပ်ရမှာလား "

" လပြည့်အကြောင်း အဘာစုံစမ်းပြီးပြီ... ကောင်လေးက

www.burmeseclassic.com



မိဘမရှိဘူး... ချန်ခဲ့တဲ့အမွေ အသင့်အတင့်ရှိတယ်... ဦးလေး မွေးစားပေမယ့် အဒေါ်က မကြည်ဖြူဘူး... ရိုးသားတယ် ညို့အတွက် ဒီထက်ကောင်းတဲ့ အိမ်ထောင်ဖက်ရဖို့ဆိုတာ... ဒီမှာသာ နေရင် မလွယ်ဘူး... တကယ်လို့ လပြည့်ကို လက်မထပ်ချင်ဘူးဆို ပုသိမ်ပြန်မလား... ပုသိမ်က အဒေါ်အငယ်က ကောင်းတယ်ဆို"

" ဒေါ်လေးငယ်က ကောင်းပါတယ်... ဒေါ်လေးငယ် စက်ပုပ္ပသွား အလုပ်လုပ်နေတုန်း အိမ်က ဝမ်းကွဲအဒေါ်တွေ ညို့ကို မလိုလားလို့ အဖေ့ကိုစုံစမ်းပြီး ထွက်လာရတာပါ... အဘ ပြောပြီးပြီပဲ... ဒေါ်လေးငယ် မရှိရင် နေလို့မဖြစ်ဘူးလို..."

" ဒါဆိုလည်း လပြည့်နဲ့ပဲ ယူလိုက်ပါ... ခင်ပွန်းသည်လည် ရှိတော့ ညို့ဘဝလုံခြုံတာပေါ့... မင်းမှာရှိတဲ့ အလှရယ်... မင်းရဲ့ စာမင်းသမီးဆိုတဲ့ ဘဝရယ် မင်းကို ဒုက္ခပေးမှာ အသေအချာပဲ လပြည့်က မင်းရှေ့က ရပ်ပေးတော့ လုံခြုံတာပေါ့..."

" အဘကရော "

" ငါက ထောင်ကျချင်ကျမှာ... ထွက်လာတော့လည်း လပြည့်ကိုလည်း ခင်နေတာ... အတူပြန်လာနေလည်း ရပါတယ်

ညိုမကောင်းတာပါ...

ညိုမကောင်းတာပါ အဘရယ်...

အဘစကားကိုသာ နားထောင်ရင် ခုလိုဖြစ်မှာ မဟုတ်ဘူး ညို့ကြောင့်လည်း... အဘ ဒုက္ခမရောက်ရဘူးပေါ့...။

" နင် အိမ်ထဲကမထွက်နဲ့... ငါ ဟိုဘက်ကမ်းကူး တင်မောင်ဦးအကြောင်း သွားနားထောင်ဦးမယ်..."

" ဟုတ်ကဲ့..."



ညိုတစ်ယောက်တည်း ကျန်နေရစ်ပြီ။

ဘာအလုပ်မှလည်း မလုပ်နိုင်တော့။

အိပ်ရာထဲ ခွေခွေလေး လှဲရင်း... ညို့ဘဝညို စိတ်ပျက်နေမိတာလား။

အမေဆုံးကတည်းက ပျော်ရွှင်မှုအားလုံးလိုလို ပျောက်ဆုံးသွားတာ... ဒေါ်လေးငယ်က ချစ်ပေမယ့် စီးပွားရေးအရ အဝေးထွက်သွားပြန်တဲ့အခါ...။

အဖေကရော...

အဖေ့ဆီ မရောက်ရောက်အောင် မနည်းစုံစမ်းလာရတာ... တွေ့ပြန်တော့လည်း အဖေက အရက်တစ်ခုပဲ သတိရ တမ်းတတော့တယ်... သမီးတစ်ယောက်ရယ်လို့ ချစ်ချစ်ခင်ခင်မှ မရှိတော့တာ...။

လပြည့်နှင့် လက်ထပ်ရမတဲ့...

ပျော်ရွှင်တယ်လို့ ခံစားရပေမယ့်...

လပြည့်ကရော ညို့ကို တကယ်ချစ်ရဲ့လား...

ဘဝတစ်သက်လုံး လပြည့်နှင့် အတူနေပြီး... ညို့အပေါ် ချစ်ခင်ကြင်နာနိုင်ရင် ကောင်းပါရဲ့။

အဘခမျာ ညို့ကြောင့် ထောင်ကျရရင်...

အဘဟာ... အသက်ကြီးနေရှာပြီ... ညို့ကြောင့် ဒုက္ခ ရောက်ရတော့မှာ...။

ညိုငိုရပြန်ပါပေါ့။

ဟုတ်တယ်... ဒေါ်လေးငယ်ဆီ လှမ်းအကြောင်းကြားရင် ကောင်းမလား။ ဒါလည်းမဖြစ်နိုင်ပါဘူး။

www.burmeseclassic.com



လပြည့်နဲ့... စကား အေးအေးဆေးဆေး ပြောချင်မိတယ်။ ညို့ကို ထာဝရအတွက် သစ္စာရှိစွာ ချစ်မှာတဲ့သား။

ဒီလို အခြေအနေတွေသာဆို အဖေ့ဆီ ပြန်မလာပဲ ပုသိမ်မှာပဲ အလုပ်ရှာပြီး မျက်နှာအငယ်ခံနေရမှာပေါ့...။ အဖေကလည်း ညို့ကို မချစ်ပါဘူး...။ အဘခများမှာသာ တူမအတွက် ပင်ပန်းနေရရှာတယ်။

မဟုတ်သေးပါဘူးလေ... ဒီကိုလာခဲ့လို့သာ လပြည့်နှင့် တွေ့ရတာပေါ့... လပြည့်နှင့် ဝေးချင်လို့လား...

ဒီလိုလည်း မဟုတ်ပြန်... လပြည့်နှင့် မဝေးချင်ပါဘူး။

❀ ❀

" ငါမအူပင်သွားပြီး ဦးလေးဆီ ဖုန်းဆက်ရမယ် ဖိုးဝင်းမောင်... အခြေအနေက ဒီလိုဖြစ်နေတယ်... ငါတို့နှစ်ယောက် အမြန်ဆုံး လက်ထပ်ရလိမ့်မယ်... "

ဖိုးဝင်းမောင်ကို အကျိုးအကြောင်း ရှင်းပြရတယ်...

ဦးလေးစော ပြောခိုင်းသလို... ကိုတင်မောင်ဦးက ညို့ကို အတင်းဆွဲလို့ ဦးလေးစောက တွန်းထည့်လိုက်တာလို့ပဲ ပြောပြရတယ်... ကိုတင်မောင်ဦး တစ်ခုခုဖြစ်ရင် ဦးလေးစော အပြစ်ဒဏ် ခံရလိမ့်မယ်... ညိုတစ်ယောက်တည်း နေလို့မဖြစ်လို့ လက်ထပ်ရတော့မှာလို့ ပြောပြရတာပေါ့...။

" ငါ့ရင်ထဲ တစ်မျိုးကြီးပဲ လပြည့် "

" ဟုတ်တယ်... ငါလည်း အဲလိုပဲ... ခံစားရတယ်... ညို့ကိုချစ်တယ်... ဒါပေမယ့် ရုတ်တရက် အမြန်လက်ထပ်ရတော့မယ် ဆိုတော့ နေရေးထိုင်ရေးကအစ ဘာမှမပြင်မဆင်ရသေးဘူး... ငါ့မှာ ငွေတော်တော်ရှိပေမယ့်... ရန်ကုန်မှာ... ဦးလေးစော ဖြစ်စေချင်ပုံအရဆို ဦးလေးကို ငါလက်ထပ်မယ့်အကြောင်း ဖွင့်ပြောပြီးရင် ညို့ကို ရန်ကုန်ပြန် လက်ထပ်ရမှာ... ကြီးမြကိုလည်း ငါချစ်သူက ဆေးသို့ ပြန်သွားတာဆို မင်းပြောပေးရမှာ... "

ခုချိန်ထိ... အိပ်မက်တစ်ခု မက်နေသလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေက ဝင်လာလို့ ကြည့်တော့ ကျော်ထွန်း။

" မင်းတို့များ လာမလားဆို လက်ဖက်ရည်ဆိုင်ကစောင်စောင့်ဦးမလို့ "

" ကိုတင်မောင်ဦး ဘယ်လိုနေလဲ ကျော်ထွန်း "

" သတိရပြီလို့ အမေ ပြောတာပဲ..."

ကျော်ထွန်းအမေက ဆေးရုံရှေ့ကဆိုင်မှာ ပစ္စည်းသွားဝယ်ရင်း စကားပြောတတ်တာကို...။

" မင်းတို့ကို ထူးဆန်းတာ ပြောရမယ်... ကိုတင်မောင်ဦးက သတိရတော့ အရမ်းကြောက်နေတယ်တဲ့... သူက အခု ရေသူမ မဟုတ်ပြန်ဘူး... ဥစ္စာစောင့်မလေးလို့ ပြောတယ်... ဥစ္စာစောင့်မလေး အရမ်းလှတော့ သူဆွဲလိုက်ချိန်မှာ ဥစ္စာစောင့်မလေးကို စောင့်ရှောက်သရဲကြီးက တင်းပုတ်နဲ့ ထုလိုက်တာလို့ ပြောတယ်..."

" ကိုတင်မောင်ဦးဟာ... စိတ်မှမမှန်တော့တာ... ပြောချင်ရာ ပြောမှာပေါ့..."

" စိတ်မမှန်ဘူးလည်း မဟုတ်ပါဘူးကွာ... ရေသူမ ရေသူမ ဖြစ်နေလို့ လူတွေက စိတ်မမှန်ဘူး ပြောတာပါ... သူတကယ်ပဲ ရေသူမနဲ့ တွေ့ချင်တွေ့မှာ..."

" ကျော်ထွန်း ကိုတင်မောင်ဦး အခြေအနေက စိုးရိမ်ရသလားဟင်..."

" ဆရာဝန်က မစိုးရိမ်ရဘူးတော့ ပြောပါတယ်... ပြီးတော့ သူက လေ့တစ်စင်းနဲ့ ပျောက်သွားနေတော့ ဘယ်လိုဒဏ်ရာရလာလဲ ဘယ်လိုပြောမလဲ... မသေတာပဲ ကံကောင်း..."

ဟုတ်ပါတယ်။



ကိုတင်မောင်ဦး မသေတာပဲ ကံကောင်းလှပါပြီ...။

အများကြီး စိတ်အေးရတာပေါ့...။ ကျန်တာ ဘာပဲဖြစ်ဖြစ် မသေရင် ရှင်းရတာ သက်သာတာပေါ့...။

" ကိုတင်မောင်ဦးရဲ့ စကားကို ယုံကြည်တဲ့လူ... ဟုတ်တယ်လို့ ပြောတဲ့လူ ရှိတယ် ဖိုးဝင်းမောင်..."

" ဘယ်သူလဲ "

" ဦးစံပကြီးလေ... သူလည်း ရေသူမကို မြင်ဖူးတယ်... ရေသူမက ချောင်းထဲမှာ ကူးလိုက်... တံတားလေးပေါ် ခုန်တက်လိုက်... ချောင်းထဲပြန် ခုန်ကူးလိုက် ပျော်နေတာကို သူရပ်ကြည့်နေတုန်း... နောက်က လူကြီးတစ်ယောက် ထွက်လာပြီး သူ့ကို ရိုက်လို့ ပြေးခဲ့ရတယ်တဲ့... ကိုတင်မောင်ဦးပြောတာ ဖြစ်နိုင်တယ်တဲ့..."

" ဟုတ်လား..."

ညို့ကို လိုက်စောင့်ရှောက်နေတယ်ဆိုတော့ ဦးလေးစောမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။ ဦးလေးစောနှင့် ညို့အပြောအရဆို ဦးလေးစော အိပ်မှ ညို နိုးထွက်တာလို့လည်း ပြောပါတယ်။

" ကျော်ထွန်း... ငါနဲ့လပြည့် မအူပင် ခဏသွားမယ်..."

" ဘာကိစ္စလဲ "

" လပြည့်က သူ့ဦးလေးဆီ ဖုန်းဆက်မလို့ "

" ဖုန်းဆက်တာများ ဆေးရုံက တဆင့် ဆက်ပါလား... ဒေါက်တာစိုးသန်းကို ပြောပေးမယ်လေ... မအူပင်ထိ သွားမနေနဲ့... ဆေးရုံကပဲ ဆက်လိုက်..."

" ဆေးရုံကဆို အားနာတယ် "

" ဒါဆို ဆေးရုံဆားက ဦးသိန်းစိုး အိမ်က ဆက်..."

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဝင်းမောင်နှင့်လည်း ခင်တယ်ဆို ဦးသိန်းစိုးအိမ်မှာပဲ သွားဆက်ရတော့မှာပေါ့…။ မအူပင်ထိ သွားဖို့နေနေသာသာ… ညို့အနားက တဖဝါးမခွာချင်တော့ဘူးလေ…။

ဖိုးဝင်းမောင်နဲ့ နှစ်ယောက် ဖုန်းဆက်မယ်ဆို ထွက်ခဲ့ကြပြန်ပါပြီ…။

" မင်းရဲ့ညို့ကို ပြောထားပေါ့… ချောင်းထဲရေလာ မကူးပါနဲ့လို့… နှချိန်မှာ အဆော်များများက ရေသူမကို စိတ်ဝင်စားကြတယ်ဆိုတာ… ပြောထား… ဦးလေးစောကလည်း ညို့ကိုလာထိရင် ရိုက်များလွှတ်နေတာလားကွာ…"

" ဦးလေးစောနဲ့ ညိုပြောတာ နားထောင်ရတာကတော့… ဦးလေးစောအိပ်မှ ညိုက လစ်လစ်ထွက်ပြီး ရေကူးတာတဲ့ "

" ဒါဆိုလည်း… ညို့ကို နှောက်ယှက်ရင် ရိုက်မယ်ဆိုတဲ့လူ ဘယ်သူလဲ "

" ညိုကပြောတာတော့… သူ ရန်းထွက်ပြေးတာပဲ ပြောပါတယ်… ဘယ်သူအနားရှိတယ်… မပြောပါဘူး… ကိုတင်မောင်ဦးနဲ့ ကိစ္စတောင်မှ သေချာမသိပါဘူး… သူက ပြေးခဲ့တာလေ "

" ဦးလေးစောပဲ ဖြစ်မှာပါ "

ဖိုးဝင်းမောင်ကတော့ ဦးလေးစောပဲလို့ တစ်ထစ်ချ စွပ်စွဲပါတယ်… ဦးလေးစောက ညို့ကို သိပ်ချစ်တာတော့ လပြည့်လည်း သိတာပေါ့…။

" ဦးစောမင်းနဲ့ ဦးလေးစောဟာ ညီအစ်ကိုတွေပဲ… လူရိုက်တာလောက်ကတော့ တူချင်တူမှာ "

ဖိုးဝင်းမောင် ပြောသလိုတော့ လပြည့်မထင်ပါဘူး။ ညီအစ်ကို



ဆိုပေမယ့် စရိုက်တူချင်မှ တူမှာ…။ ကိုတင်မောင်ဦးနဲ့ တွေ့ချင်တဲ့စိတ်ဖြစ်ရတယ်။

ကိုတင်မောင်ဦး စိတ်မမှန်တော့တူးဆိုတာလည်း ဟုတ်ချင်မှ ဟုတ်မှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com

"တင်မောင်ဦးတော့ မသေတော့ဘူး… တော်ပါသေးရဲ့… ဒါပေမယ့်… တင်မောင်ဦးအစ်မတွေက အရမ်းစိတ်ဆိုးနေတယ်… သူတို့မောင်ကို ဘယ်သူရိုက်လွှတ်သလဲပေါ့… စုံစမ်းလိမ့်မယ်… ဒီတော့… သူတို့ ပထမ စိတ်ဝင်စားမှာက ရေသူမတဲ့… ရေသူမကြောင့် သူတို့မောင် ခုလိုမျိုးဖြစ်နေတယ်ဆိုပြီးတော့ စုံစမ်းမယ်တဲ့… ညို့… လပြည့်နဲ့ လက်တပ်ပြီးရင် ရန်ကုန်သွားရမှာမို့ ခုရက် အပြင်လုံးဝ မထွက်ပါနဲ့… ဒီတစ်ခါ… အဘစကားနားထောင်ပါ…"

"ဟုတ်ကဲ့ အဘ… ညို ဘယ်မှ မသွားပါဘူး…"

ညို့ကြောင့် အဘ ဒုက္ခရောက်ရမယ်ဆိုတော့မှ နောင်တတော့ ရရပါပြီ… ညိုလည်း အိမ်ထဲမှာ နေရလွန်းတော့ စိတ်ညစ်လာလို့ပါ… ပြီးတော့ မေမေတို့နှင့် ပင်လယ်ဝမှာတုန်းက သောင်ပြင်တစ်လျှောက် လသာသာ ညတွေ ပြေးလွှားရေကူးရတာတွေကို လွမ်းလို့လည်း ပါပါတယ်။

"ညို"

"ရှင်"

"နင်တကယ်ပဲ ရိုက်တော့ ရိုက်လွှတ်လိုက်တာ မဟုတ်ပါ ဘူးနော် "

"မဟုတ်ပါဘူး အဘရဲ့… ညို ကြောက်လို့ တွန်းလွှတ်ခဲ့



တာပါ…"

"လပြည့်တုန်းကတော့ နင် ရိုက်တယ်လေ"

"လပြည့်တုန်းက အနီးကပ်တွေ့လိုက်တော့ လန့်ပြီး ဆားမှာလည်း တုတ်တွေတာနဲ့ ရိုက်မိတာပါ… အခု အဲဒီလူကိုတော့ တကယ် မရိုက်ခဲ့ပါဘူး အဘရယ်…"

"သူက သတိရတော့ ပြောသတဲ့… ဥစ္စာစောင့်မလေးကို စောင့်နေတဲ့ သရဲကြီးက ရိုက်တာတဲ့… ငါတော့ စဉ်းစားလို့ကို မရဘူး… တကယ်ရိုက်တာဟုတ်ရင်… သူတို့ အမှုဖွင့်လို့ကတော့ အဖမ်းခံရမှာ… ငါကတော့ ငါရိုက်တယ်ပဲ ပြောရမှာ"

"ညို တကယ်ပြောတာပါ… ညို မရိုက်ပါဘူး… ထွက်ပြေးခဲ့တာပါ… အဘ"

"နင်က မရိုက်ဘူးသာပြော… ဟိုက ဆေးရုံတောင် ရောက်သွားပြီ… ကံကောင်းလို့ မသေတာ…"

အဘခမျာ ခုရက်ပိုင်း ဟိုဘက်ကမ်းလည်း မသွားရဲ… ညို့ကိုလည်း စိတ်မချနဲ့… ။ ညိုလည်း ခုလိုနေရတာ စိတ်ရှုပ်လှပါပြီ… ပုသိမ်ကိုပဲ ပြန်ပြီး မကြည်လင်တဲ့ ဆွေမျိုးနီးစပ်တွေနဲ့ သွားနေရမလား…။ ဒါမှမဟုတ် လပြည့်နှင့်ပဲ လက်ထပ်ပြီး လိုက်သွားရမှာလား…။

"လပြည့်ကို သမီးလက်ထပ်နိုင်တယ် မဟုတ်လား…"

"လပြည့်က ညို့ကို တစ်သက်လုံး ချစ်ခင်နိုင်ပါ့မလား… ညိုကြောက်တယ် "

"လပြည့်အကြောင်း အဘ စုံစမ်းရသလောက် ကောင်းသေး က မဆိုးပါဘူး… ညို့ဘဝ လွတ်လပ်စွာ နေရဖို့က… ဒီတစ်နည်းပဲ

www.burmeseclassic.com



ရှိတယ်… လပြည့်က ညို့ရှေ့ကနေ ကာကွယ် စောင့်ရှောက်ပေး လိမ့်မယ်…"

အဘက ညို့အပေါ် သိပ်ကောင်းပါတယ်။ အဖေ့ထက်တောင် ဂရုစိုက်ခဲ့သေးတာ… ခုတော့လည်း ခွဲခွာကြဖို့ ပြင်ဆင်နေပါရော။

" ဦးလေးစော… ဦးလေးစော…"

" အိမ်ရှေ့ကခေါ်တယ်… ညို့… နင်အထဲမှာပဲနေ ထွက်မလာခဲ့နဲ့…"

လပြည့်အသံလို့ သိရတယ်။

လပြည့်နှင့်အတူနေရမှာ ညိုဘယ်လိုခံစားရသလဲလို့ ညို့ဘာသာ ခဏခဏ ပြန်မေးနေမိတယ်။

ညို့နှလုံးသားက လပြည့်နှင့် ပတ်သက်ပြီး ကြည်နူးရင်ခုန်ရတာတော့ အမှန်ပါ။ ဒါပေမယ့် ချစ်သူအဖြစ် အတော်ကြာ… တွယ်တာ သံယောဇဉ်ရှိကြပြီးလို့ လက်ထပ်ကြရတာက တစ်မျိုးပေါ့…။ အခုတော့ ညိုတို့ တွေ့ရတာ ခဏလေး။ ဘဝတစ်သက်တာလုံးကျတော့ လပြည့်က ညို့ကို စွဲစွဲမြဲမြဲချစ်နိုင်မှာတဲ့လား။

" လပြည့်… ဘာလဲ "

" ကျွန်တော် ဖုန်းဆက်ပြီးပြီ ဦးလေးစော… ဦးလေးကတော့ မင်းသဘောပေါ့တဲ့ ဒါပေမယ့် အိမ်ထောင်ပြုပြီးရင်တော့ ကိုယ့်ဘဝကိုယ်ထူထောင်လို့ပဲ ပြောပါတယ်… အမှန်အတိုင်း ဝန်ခံရရင် ညို့ကို လက်ထပ်ပြီး ဘယ်မှာနေရမှန်းကို ခုထိ မသိသေးတာ "

" ရန်ကုန်သွားနေကြပေါ့ "

" ညို့သဘောကရော…"



" သူကဘာသိမှာလဲ… မင်းမိန်းမ ဖြစ်သွားရင် မင်းထားရာနေရမှာ… တစ်ခုပဲ ရှိတယ်… ငါ့တူမလေးကို မင်းတစ်သက်တာ ကြင်နာနိုင်ပါ့မလား "

" ဦးလေးစော… ကျွန်တော် ညို့ကို-တကယ်ချစ်တာပါ… တစ်သက်လုံးအတွက် ညို့ရှေ့က ရပ်ပါမယ်… သစ္စာရှိရှိ ချစ်ချစ်ခင်ခင် သေတစ်ပန် သက်တစ်ဆုံး ပေါင်းပါမယ်…"

သူက အဘကို ပြောပြီး ညို့ဆီ လှမ်းကြည့်တယ်။ သူ့အကြည့်မှာ ညို ရင်ထိတ်ခုန်သွားရပါလား…။

တကယ်ဆို သူ့ကို ညိုချစ်တာပဲ… သူနှင့်နေရရင် ညို ပျော်ရွှင်ချမ်းမြေ့မှာပါလို့လည်း… စိတ်ကို ဖြေလျှော့တွေးနေမိသလား။

ညို့စိတ်မှာ ရုတ်တရက် ပြောင်းလဲရမယ့် အပြောင်းအလဲကိုလည်း ကြောက်နေမိပါတယ်။

" ညို့ကို ရန်ကုန်ခေါ်မသွားခင် ကြီးမြကို ဖွင့်ပြောသင့်တယ်ထင်တယ်… ဦးလေးစော… ရန်ကုန်က ကျွန်တော် ချစ်သူလိုက်လာလို့ ဆိုတဲ့ပုံနဲ့ မအူပင်လောက်ထိ သွားလက်ထပ်ရင်ကောင်းမယ်ထင်တယ်… ပြီးမှ ညို့ကို ရန်ကုန်က ဆိုတဲ့ပုံနဲ့ ပြန်ခေါ်လာရင်ကော…"

" စောမင်းရဲ့ သမီးအဖြစ်နဲ့တော့ ဒီကို ခေါ်မလာချင်ဘူး လပြည့်… မင်းကရော… ဘာလို့ ဒီကို အရမ်းပြန်လာချင်နေရတာလဲ… ရန်ကုန်မှာ မနေချင်လို့လား "

" ရန်ကုန်မှာနေရင်… ဦးလေးစောနဲ့ ဝေးသွားမှာပေါ့… ဒီတူမနဲ့ ဒီဦးကြီး နှစ်ယောက်တည်းရှိတာ ဦးလေးစောနဲ့ ညို့ကိုလည်း ဝေးဝေး မနေစေချင်လို့ပါ… ဖိုးဝင်းမောင်တို့ရဲ့ ခြံလုပ်ငန်းတွေထဲလည်း ကျွန်တော် ရှယ်ယာလေးထည့်ပြီး ဝင်လုပ်နေရင် ဒီမှာ နေလို့ရမယ်

www.burmeseclassic.com



လေ..."

" ငါလည်း ငါ့တူမလေးကို မခွဲချင်ပါဘူး "

အဘ ဒီလိုပြောတော့ ညို့ငိုချင်ပါတယ်။ ညို့ကို ချစ်ရုံတင် မဟုတ်ပဲ အဘကိုပါ ဝင်စားနာပေးရှာတဲ့ လပြည့်ကိုလည်း ကျေးဇူးတင် ရပါတယ်။

လပြည့်လို နားလည်ပေးနိုင်တဲ့ ခင်ပွန်းဖော်ဆိုမှတော့... ညို့အဖ သာယာချမ်းမြေ့ရလေမလား...။

❀ ❀

" လပြည့်... ကြီးမြနိုင်းလို့ ဆေးရုံခဏသွားမယ်... ကြီးမြ ငယ်ချင်းရဲ့ သမီး မနန်းကျော့က အဲဒီမှာ သူနာပြုဆရာမလေ... ကြသွားပေးပေးဆိုလို့... ကိုတင်မောင်ဦးကို မင်းတွေ့ချင်တယ်ဆို"

ဖိုးဝင်းမောင်က တကယ်ကောင်းတဲ့ သူငယ်ချင်းပါ... ပြည့်ဖြစ်ချင်တာဆို ကြိုးစားဖြစ်စေတဲ့သူပါပဲ...။ ဆေးရုံရောက်တော့ နန်းကျော့ကို ပစ္စည်းဝင်ပေးရင်း အမှတ်မထင် တွေ့ရသလိုနဲ့ ကိုတင်မောင်ဦးကုတင်ဆို ဝင်လိုက်တာ။

" ဝင်းမောင်လေ... ကြီးမြရော နေကောင်းလား "

" ကောင်းပါတယ်... ကြီးမြက မနန်းကျော့ဆီ ခိုင်းလိုက်လို့ တာ... ကိုတင်မောင်ဦးကိုလည်း တွေ့တော့ မေးချင်လို့ "

" အစ်ကိုနေကောင်းနေပါပြီ... မနက်ဖြန်ဆို ဆင်းရတော့မှာ"

ကိုတင်မောင်ဦးကို ဒီတစ်ခါပဲ လပြည့်မြင်ဖူးတာ။ ရုပ်ရည်က နဲ့ပြန့်သား...။ သူ့ခမျာ စိတ်မမှန်တော့ဘူးလို့သာ ပြောတယ်။ ပြည့်အမြင်မှာတော့ ဟန်အမူအယာကအစ ပုံမှန်ပါတယ်...။

" အစ်ကို့ကို လူရိုက်ခံရတာဆို... မတိုင်ဘူးလား "

" ငါမှမှ ဘာမှမဖြစ်တာပဲ... ပြီးတော့... ငါ့အပြစ်ပါ... က ရေသူမလေးကို လွှတ်ထွက်သွားမှာစိုးလို့ အတင်းဆွဲခဲ့မိတာကိုး..."

" မင်း အဲလိုတွေ လျှောက်လျှောက်ပြောလို့ မင်းကို... တွေက ရူးတယ် ပြောကြတာ... လျှောက်ပြောမနေနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော် တကယ်ပြောတာ အစ်မ... ရေသူမလေး
အရမ်းလှတယ်... ကျွန်တော်ကတော့ တွေ့ချင်နေတုန်းပါပဲ..." လူမို့

" အဲဒါကြည့် မောင်ဝင်းမောင်... လပြည့်ညဆို လာသာ
ခေါက်တုံ့ခေါက်ပြန် လှေလှော်... တစ်ညလုံးမအိပ်နိုင်... ရေသူ
ရေသူမ ပြောလွန်းလို့ လူတွေက သူ့ကို စိတ်မမှန်ဘူးပြောကုန်ကြတာ

ကိုတင်မောင်ဦးကို ကြည့်ပြီး... လပြည့် စိတ်မကောင်းပါဘူ

ညို့ကို တွေ့စကတည်းက လပြည့်တို့လည်း သိချင်စိတ်
သိပ်ကိုစိတ်ဝင်စားခဲ့တာ မဟုတ်လား။ ညို့ရဲ့ လှပတဲ့ မျက်နှာလေး
ကိုတင်မောင်ဦးဟာ နှစ်ခါသုံးခါ တွေ့တော့လည်း စွဲလန်းနိုင်ပါတယ်

ညိုဆိုတာ သိပ်လှပလွန်းသော ကောင်မလေးအဖြစ် ရှိနေ
တယ်ဆို ဘယ်လောက် အံ့ဩလိုက်မလဲ။

" အစ်ကို့ကို လူရိုက်တာ သေချာလား "

" သေချာတယ်... ဖိုးဝင်းမောင်... ငါက ရေသူမ
ထင်ခဲ့တာ... သူ့မှာ ခြေထောက်တွေရှိတယ်... သူဟာ လှပလွန်း
ဥစ္စာစောင့်မလေးပဲနေမှာ... သင်္ချိုင်းပျက်ရဲ့ တစ်ဘက်မှာလည်
ဘုရားအိုဘုရားပျက်တွေ ရှိတယ်လေ... အဲဒီက ဥစ္စာရတနာ
စောင့်နေတာနေမှာ... ငါကတော့ ရေသူမလေး ဒီတစ်ခါဆို မိပြီ
အတင်းဆွဲထားတာ... သူက တအားရုန်းပြီး ငါ့ကို တွန်းထည့်လို
တာ.. ငါယိုင်သွားတာပေါ့... ငါလည်း သူထွက်ပြေးတဲ့ဆီ အတ
လိုက်ဖို့ အပြေးမှာမှ အဲဒီ အဝတ်မည်းကြီး ခြုံထားတဲ့ လူထွက်လာ
ရိုက်တာ... ငါကတော့ အဝတ်မည်း ခြုံတယ်ထင်တာ... သရဲ
မဖြစ်နိုင်ဘူးလား "

" တင်မောင်ဦးရယ်... နင့်မလည်း ခက်တယ်... သရဲ

င့်ကို တုတ်နဲ့ ရိုက်မလား... လည်ပင်းညှစ် ဝှတ်ချိုးသတ်မှာပေါ့...
ရိုက်တာနေမှာ..."

ကိုတင်မောင်ဦးအစ်မကတော့ ဒီလိုတွေးဆပါတယ်... ရေသူမ
လေးက တွန်းပစ်ခဲ့တယ်တဲ့... ညိုကလည်း ဒီလိုပဲပြောတာပါ...
ဆိုရင် ရိုက်တဲ့လူက နောက်မှပေါ်လာတာ... ဦးလေးစောကတော့
သို့အတွက် အပြစ်ကို သူပဲခံမယ်လို့ပြောတယ်။ ဦးလေးစောများ
ကပ်ပြီးတော့မှ ပြောတာလား။

" အစ်မတို့ ရိုက်တဲ့လူကို ခွင့်လွှတ်နိုင်ရဲ့လား "

" တင်မောင်ဦး ပြောချင်ရာပြောနေတော့ ခက်တယ်
ဝင်းမောင်ရယ်... အစ်မကတော့ သွားချင်ရာ လျှောက်သွားပြီး
ဖြစ်ချင်ရာ ဖြစ်လာတာ... မသေတာပဲ တော်လှပြီ... သူ့အစ်ကိုတွေ
တော့... မကျေနပ်ဘူး... ရအောင် စုံစမ်းမယ်... ရိုက်တဲ့လူမိအောင်
မ်းမယ်ပေါ့..."

" ဘယ်လို မိအောင် ဖမ်းမှာလဲ..."

" အခုက ကတော့ သူပြောပြောနေတဲ့ ရေသူမဆိုတာ
ရင်ရာရမှာ... တွေ့ရင် ရိုက်တဲ့လူ တွေ့နိုင်တာပဲ "

ညိုတော့ အပြင်ထွက်ဖို့တောင် မလွယ်တော့ပါဘူး။
ဒါကြောင့်လည်း ညိုနဲ့ အမြန်လက်ထပ်ဖို့ ဦးလေးစော
ပြောနေတာ နေမှာ။

" ရိုက်မှုဖြစ်ရင်တော့ တာဝန်ရှိတဲ့ လူတွေကလည်း စုံစမ်းမှာ
သေအချာပါပဲ..."

" အင်းလေ... အစ်မကတော့ တင်မောင်ဦး ဘယ်မှ
သွားအောင် ကြည့်နေရမှာပါပဲ... ဟိုဘက်ကမ်းဆိုက နှစ်ရှည်လ

www.burmeseclassic.com

www.burmeseclassic.com



များတည်းက ငါတို့ ငယ်ငယ်က သွားလာနေကြတာ... ဘာမှမရှိပါ ဘူး... အခုမှ ရေသူမတွေရ လူမည်းကြီးတွေရနဲ့... အဲဒီဘက်နေ ဦးစောမင်းလည်း သေပါပြီ... အဘသြတို့လို လူကောင်းတွေလည်း ရှိနေတာ..."

"ဦးစံပကြီးလို အရက်သောက်ရင်း ငါးဖမ်းတဲ့လူ ရှိသေး တယ်လေ"

"ဦးစံပကြီးက မူးပေမယ့် သဘောကောင်းတယ်... ဦးစောမင်းလို လူဆိုးမှ မဟုတ်တာ..."

ကိုတင်မောင်ဦးတို့ကို နှုတ်ဆက်ပြီး ပြန်လာတဲ့အခါ... ဖိုးဝင်းမောင်ကတောင်... ညိုနဲ့မင်း လက်ထပ်ပြီး ခဏတဖြုတ် ရန်ကုန်ပြန်သင့်တယ်... ဒီမှာ မနေသင့်ဘူးတဲ့...။

"ဦးလေးစောကို ယုံသင့်သလား... မင်းနဲ့ လက်ထပ်ပေးမယ် ဆိုတာကရော တကယ်မှ ဟုတ်ရဲ့လား..."

ညိုနှင့်ချစ်ရတာ မရေရာ မသေချာတွေလိုပါပဲလား။ ညို့ နှုတ်ဖျားမှလည်း လပြည့်ကိုချစ်တယ်ဆိုသော ရင်တွင်းစကား မကြားရ...။

"ညို့ကို ငါကတော့ သိပ်ချစ်ပါတယ်... ညိုကတော့ ငါ့ကို ဦးလေးစောကြောင့် လက်ထပ်ရတာနေမှာ... ချစ်တယ်လို့ မထင်ပါဘူး... ငါ့ရင်ထဲ ခံစားရတာ ပျော်သလိုလိုနဲ့ တစ်ခုခုကိုလည်း စိုးရွံ့သလိုပါပဲ..."

တကယ်ပဲ ဒီလိုခံစားရတာပါ။

ညို့ကိုတော့ သိပ်ချစ်မိပါတယ်ညို။

ဖိုးဝင်းမောင် မအူပင်သွားမယ်... ကြီးမြိုင်းတဲ့ အလုပ်ကိစ္စတွေ စီစဉ်ရင်း လပြည့်နဲ့ ညိုလက်ထပ်ဖို့ရယ်... လက်ထပ်ပြီး ခဏတဖြုတ် အတူနေစရာ နေရာရယ်ကို သူငယ်ချင်းနဲ့ တိုင်ပင် စီစဉ်ခဲ့မယ်လို့ ပြောပါတယ်။

"ကျေးဇူးတင်တယ် ဖိုးဝင်းမောင် တကယ်လိုက်လိုက် လှဲလှဲတင်တာပါ... ငါကတော့ မင်းကို မဖြစ်တဲ့ အဆုံးမှ ဖွင့်ပြောခဲ့တယ်... မင်းကတော့ ငါ့ကို အစစကူညီ..."

"ဒါတွေ ပြောနေစရာ မလိုပါဘူး လပြည့်ရာ ငါတို့က သူငယ်ချင်းသာဆိုတာ... ညီအစ်ကိုတွေလိုပါ ကျော်ထွန်းကိုတောင် ငါဖွင့်မပြောထားဘူး... ငါညနေ ပြန်လာမှာ... အဆင်ပြေအောင်နေ... ဘယ်မှလျှောက်သွားမနေနဲ့ဦး..."

ဖိုးဝင်းမောင်ကို ပဲ့တောင်ဆိပ်ထိ လိုက်ပို့ပြီး ပြန်လာခဲ့တဲ့ အခါ... ကျော်ထွန်းနဲ့ ဈေးထိပ်မှာတွေ့တယ်။ လက်ဖက်ရည် သောက်ကြရအောင်ကွာဆိုပြီး ဆိုင်ထဲအဝင်မှာ အဘသြကို တွေ့ရပါပြီ။

"အဘသြ မတွေ့ရတာ ကြာပြီ... ထိုင်ပါဦး..."

ထိုင်ပါဆို ဝင်ထိုင်တယ်...

တကယ်ဆို အဘသြက လက်ဖက်ရည် သောက်လေ့မရှိပဲ ကွမ်းပဲစားတာပါ...။

www.burmeseclassic.com

www.burmeseclassic.com



" ငါ့တဲကိုတောင် မင်းလိုက်လည်မယ့် မပြောတော့ပါလား လပြည့် "

" ကျွန်တော် ရန်ကုန်ပြန်မှာမို့ပါ..."

" ဘာ... မင်း ရန်ကုန်ပြန်မယ် ဟုတ်လား... မင်း... မင်း ဒီမှာ အပြီးနေမှာ မဟုတ်ဘူးလား "

အဘသြရဲ့ မေးခွန်းက အံ့သြတုန်လှုပ်လွန်းပုံရပါတယ်...။

" ဘာဖြစ်လို့လဲ အဘသြရဲ့... လပြည့်ကြီး ဒီမှာ အမြဲ ဘယ်နေပါ့မလဲ... သူ့အုပ်ထိန်းသူတွေက ရန်ကုန်မှာ... ပြီးတော့... သူ အလုပ်လုပ်ရဦးမယ်... ဒီကို ခဏလာလည်တာ..."

အဘသြက ဘာမှမပြောတော့ပါဘူး...

ဟုတ်လားဆိုပြီး ပေါင်မုန့်တစ်ချပ် ပါဆယ်ထုပ်ခိုင်းပြီး ပြန်မယ်ဆို ထွက်သွားပါပြီ။

" ဟိုဘက်ကမ်းမှာနေတဲ့လူတွေက တစ္ဆယ့် တစ်ယောက် တစ်မျိုးချည်းပါပဲလား... ဦးလေးစောတို့ ညီအစ်ကိုက တစ်မျိုး... အဘသြကတစ်မျိုး... ဦးစံပကြီးက တစ်မျိုး... ပြီးတော့ ဟိုးအထက်နား မှာနေတဲ့ ဦးတင်ထူးတို့ကလည်း တစ်မျိုး..."

" ဟိုဘက်ကမ်းမှာနေမှ မဟုတ်ပါဘူး... ဒီဘက်ကမ်းက လူတွေဆိုလည်း စိတ်ဓာတ်အမျိုးမျိုး ရှိနိုင်ပါတယ်ကွာ..."

ကျော်ထွန်းကတော့ ကိုတင်မောင်ဦး ဆေးရုံကဆင်းသွားပြီ မနေ့ညက လှေတစ်စင်းနဲ့ ထွက်လို့ အစ်ကိုတွေက အတင်းဆွဲ ဆွဲခေါ်ထားရတာတဲ့...။ အဲလိုစကားတွေ ကြားလေ ညို့ကို သနား လေပါ... ညို့ခမျာ အခုဆို ပိုတောင် အိမ်တွင်းပုန်းရှာမှာပါလား...

" ညို ခုလို အမြဲနေရတာ မွန်းကျပ်နေသလိုပါပဲ...



အိမ်ကလေးက သေးသေး တံခါးတွေပိတ်ထားရတယ်... ပြီးတော့ နေ့ရော ညရော အိမ်ထဲမှာ... နေ့ဆိုထား... ညဘက်တော့ အသက် ထွက်ရှူရတာပါ... ပြီးတော့ ဟိုတုန်းက လွတ်လပ်ပျော်ရွှင်စွာ ရေကူးခဲ့ရတာဆိုတော့... ညို ရေကူးချင်လွန်းလို့ပါ..."

ညို ပြောဖူးတဲ့ စကားသံလေးကိုလည်း အမှတ်ရတယ်။

ဟုတ်တာပေါ့...

အိမ်ထဲမှာ ဘယ်သူ နေချင်မှာတဲ့လဲ...။ ပတ်ဝန်းကျင်နဲ့လည်း အဆက်အသွယ်မရှိ။ အလုံပိတ်ထားတဲ့ အိမ်ကလေးထဲမှာ နေ့ဘက် နေရတာတောင် လွန်လှပြီ... ညဘက်တော့ အပြင်ထွက်ချင်ရှာ မှာပေါ့လေ...။ ပြီးတော့ သူ့ခမျာ ပုသိမ်မှာ ကျောင်းတက်တုန်းက ပျော်ရွှင်လွတ်လပ်စွာ နေခဲ့ရှာမှာပေါ့...။

ညို့နဲ့ တွေ့ချင်တယ်။

စကားတွေလည်း အများကြီး ပြောချင်မိတယ်။

ညို့ဆီ နေ့ခင်းဘက်သွားဖို့ မလွယ်...

ညဘက်ကျတော့လည်း... ဦးလေးစောက လက်မထပ်ရ ခင်မှာ ဘယ်လိုကြည်ဖြူမှာတဲ့လဲ...။

ကျော်ထွန်းဆိုလည်း အခင်မင်ဆုံးသူငယ်ချင်း ဖြစ်ပါလျက်... ညို့နှင့်အကြောင်းတွေ ပြောမပြနိုင်...။

" ဟိုမှာ... ဟိုမှာ ကိုတင်မောင်ဦးပါလား... ခေါင်းမှာဖြင့် ပလာစတာ မခွာရသေးဘူး... ဘယ်သွားဦးမလို့လဲ... တကယ်တော့ မစွဲလန်းသင့်တာကို စွဲလန်းတယ်ဆိုတာ ကြောက်စရာကောင်းပါတယ်... အချစ်ရူးရူးရတာ ဆိုးတယ်... ရှိမှန်းမသိ မရှိမှန်းမသိ... ရေသူမကိုများ စွဲလန်းလို့..."

www.burmeseclassic.com

www.burmeseclassic.com



ညို့ကို သူ တကယ်တွေ့ခဲ့တယ်...

တကယ်စွဲလန်းခဲ့တယ်...

ဒါပေမယ့်... ညို့ကို ပိုင်ဆိုင်ဖို့ဆိုတာကျတော့...။ လပြည့်တောင်မှ မြားနတ်မောင် ဘယ်သို့ကျီစယ်တယ်မသိ... ဒါတောင်မှ ချစ်တဲ့ညိုနှင့် စကားအေးအေးဆေး ပြောခွင့်ရတာမှ မဟုတ်တာ— အခုပဲကြည့်... တွေ့ချင်စိတ် ရင်မှာပြင်းပျနေစောအမှု သွားတွေ့နိုင်သည်မှ မဟုတ်တာ...။

" ချစ်ရတာက ရင်မောစရာပါပဲ..."

" အံမယ်... လပြည့်ရဲ့ လေသံလေးက သနားစရာ— မင်းက ရင်မောနေလို့လား... ဘာလဲ... မင်းရော ရွှေသူမကို စွဲနေပြီလား... ငါတော့ အဲဒါ ရွှေသူမလို့ကို ခံစားမရပါဘူး... အဲဒီဘက်ကမ်းမှာ မိန်းမ ငယ်ငယ်လှလှ မရှိတာ သေချာနေလို့... ကြီးမြပြောတဲ့ သချိုင်းပျက်က နာနာဘာဝဆိုတာကမှ ဟုတ်တုတ်တုတ်ရှိသေး"

ကျော်ထွန်းစကားကြောင့် ရယ်ရပါပြီ။

သချိုင်းပျက်က သရဲမက ချောင်းထဲရေလာကူးသတဲ့လား...။

ချောင်းထဲမှာနေတဲ့ သရဲမဆိုမှ ဟုတ်ဦးမယ်။

" ဖိုးဝင်းမောင် ပြောတော့ မင်းဦးလေးခေါ်လို့ ရန်ကုန်ပြန်မယ်ဆို... ကြီးမြကတောင် အနေကြာလို့ သတိတရ ဖြစ်နေတော့မယ်တဲ့ "

" ခဏပေါ့... ခေါ်နေတုန်း မပြန်ရင် မကောင်းဘူး... ငါပြန်လာမှာပါ..."

ဖိုးဝင်းမောင်နဲ့ တိုင်ပင်ထားတယ်... ဦးလေးခေါ်လို့ ရန်ကုန်သွားတယ်ဆို ညို့ကိုခေါ် မအူပင်မှာ လက်ထပ်ပြီး တစ်ပတ်ဆယ်ရက်



နေမှ ရန်ကုန်မှာ ဦးလေးလက်ထပ်ပေးတဲ့ မိန်းမပါဆို့ ပြန်ခေါ်လာခဲ့ရမယ်...။

ပြီးတော့ ဖိုးဝင်းမောင်တို့နားမှာနေပြီး ကိုယ်ပိုင်စီးပွားရေးတစ်ခုခု လုပ်ကိုင်နေရင်... ဦးလေးစောနဲ့လည်း အဝေးကြီး မနေရဘူးပေါ့။ လပြည့်အတွေးနှင့် လပြည့်တော့ ဟုတ်နေပါပြီကော။

❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဝင်းမောင်ကို ပွဲတောင်ဆိပ်မှာ သွားကြိုနေမိပါပြီ…။ ညောင်မုတ်ဆိတ်ပင်ရဲ့ အမြစ်ကြီးပေါ်မှာ ထိုင်ရင်း မအူပင်ဘက်မှ လာမယ့် ပွဲတောင်ကို မျှော်နေရတာပေါ့…။ ပွဲတောင်တစ်စီး ဝင်လာတော့… ဖိုးဝင်းမောင်ကို လှမ်းမြင်ရပြီ…။ လက်ဇွေရမ်းပြပြီး ဆင်းကြိုရတယ်…။ သူတို့နှစ်ယောက် နောက်မှာတော့ တခြား ခရီးသည် သုံးလေးယောက်လည်း လိုက်လာပါတယ်။

"ဒီမှာ ကလေးတို့… ဒီမှာ"

ခေါ်သံကြောင့် လှည့်ကြည့်တော့ အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက်။

"ကလေးတို့ကို မေးစရာရှိလို့ပါ… ဒီလိပ်စာအရဆို… ဒီကနေ ဟိုဘက်ကမ်းကို ကူးရဦးမလား… ဘယ်လိုကူးရင် ရမလဲ"

ဖိုးဝင်းမောင်က လူခံဆိုတော့ ပိုသိတာရှိ့ လပြည့်ကတော့ နားထောင်နေလိုက်ရုံပါပဲ။

"ဦးစောမင်း… ဦးစောမင်း ဟုတ်လား… ဦးစောမင်းက ဦးစောဝင်း ညီလား"

"သူ့အစ်ကိုတော့ အန်တီလည်း မသိဘူးကွဲ… ဦးစောမင်းရဲ့ အဲဒီလိပ်စာပဲသိတာ"

"ဦးစောမင်းက ဟိုဘက်ကမ်း လိပ်စာအရဆို… ဆုံးသွားပြီ"



"ဟင် ဆုံးသွားပြီ ဟုတ်လား… ဆုံးသွားပြီ… ဒါဆို ဒါဆို သူ့သမီးလေးရော သူ့သမီးလေးလေ…"

ဖိုးဝင်းမောင်နဲ့ လပြည့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရပါပေါ့။

"သူ့သမီးနာမည်က ဘယ်သူလဲ အန်တီ…"

"ညို့တဲ့… ညို"

"ဗျာ…"

ဒါဆို ဒီအန်တီဟာ ညို့ကိုရှာတာ သေချာပြီပေါ့။ ဒီမှာက ညို့အကြောင်း ဘယ်သူမှသိတာမဟုတ်။ ဒါကြောင့် အန်တီသိချင်တာ ကျွန်တော်တို့ ရှင်းပြပါမယ်… အန်တီမေးတဲ့လူလည်း သိပါတယ်… ခဏလောက် လက်ဖက်ရည်သောက်ရင်း ထိုင်ပါ… ရှင်းပြပြီးရင် လိုက်ပို့ပေးပါမယ် ပြောရတယ်…

မိုးပေါက်လေးတွေလည်း ရှိလို့ထင်ပါရဲ့ လပြည့်တို့ စကားကို သဘောတူလိုက်ပါတယ်။

"အန်တီ့ကို စပ်စုတာ မဟုတ်ပါဘူး… တကယ် သိချင်လို့ပါ… ညို့နဲ့ ဘယ်လိုတော်တာလဲဟင်…"

"ညို့ကို မင်းသိလို့လား…"

"ဟုတ်ကဲ့ သိပါတယ်… ညို့ဆီ အန်တီ့ကို ကျွန်တော်တို့ လိုက်ပို့ပေးပါမယ်… ဘယ်လိုတော်စပ်တယ်ဆိုတာသာ…"

"အန်တီက သူ့အမေဘက်က တော်တာပါ… သူ့အဒေါ်ပါ… သူ့အမေ ညီအစ်မဝမ်းကွဲ… အရင်က ပုသိမ်မှာ ညို့နဲ့ အတူနေတာ… အန်တီက အလုပ်အရ စင်္ကာပူထွက်သွားတာမှာ သူက ဆယ်တန်းဖြေနေတုန်းမို့ ထားခဲ့တာ… နောက်နှစ်နှစ် သုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အခြေကျရင် ပြန်လာခေါ်မယ်ပေါ့... အခု ပြန်လာတော့ အိမ်မှာရှိတဲ့ အစ်မဝမ်းကွဲတွေနဲ့ အဆင်မပြေလို့ သူ့အဖေဆီ ပြန်သွားတယ်ဆိုတာနဲ့ လိပ်စာရလို့ လိုက်လာတာပါ..."

" ဒါဆို ညို့ကို အန်တီခေါ်သွားမှာပေါ့ "

" သူ့အဖေဆုံးပြီဆိုတော့ ပိုခေါ်သွားသင့်ပြီပေါ့..."

ဖိုးဝင်းမောင်က လပြည့်ကို ဖျတ်ခနဲဆို လှမ်းကြည့်ပါတယ်။ ညို... လပြည့်တို့ ဝေးကြတော့မှာလား... ဒီအန်တီ့အပြောအရဆို အမှန်တွေမို့ သေချာတယ်...။

" သူ့အမေသေတော့ သူဘယ်သူနဲ့ နေလဲ "

" သူ့အဖေအစ်ကို ဘကြီးနဲ့ နေတာပါ... လပြည့် အန်တီ့ကို မင်း ဦးလေးစောဆီ ပို့ပေးလိုက်... ငါလှေနဲ့ လိုက်ပို့ပေးမယ် "

ဖိုးဝင်းမောင်ခများ ညိုဆိုတာ တစ်ခါမှ နီးနီးကပ်ကပ် မမြင်ဖူးရာတာတောင် လပြည့်အတွက်မို့သာ လိုက်လုပ်ပေး နေရရှာပါရောလား။ ဖိုးဝင်းမောင်တို့ အိမ်ကို ကျော်ထွန်းသွားပြောခိုင်းပြီး လှေပါယူလို့ ထွက်ခဲ့ကြတယ်။

ညိုရေ...

လပြည့်တို့နှစ်ယောက် ချစ်သူတွေလို မဖြစ်လေတော့... အခေါ်လာခေါ်တဲ့ဆီ ညို လိုက်သွားလေမလား...။

" မင်းစိတ်ပူနေလား "

ဖိုးဝင်းမောင်က တိုးတိုးမေးပါတယ်...

ဟင့်အင်း... မပူပါဘူး။ သူစိတ်ချမ်းသာဖို့ အဓိကပါ... ညို ပျော်ရွှင်ရင် ပြီးတာပါပဲ... ညို့ကို အခုလို ပုန်းကွယ်ပြီး နေနေရတဲ့ ဘဝမှာသာ မနေစေချင်တာ... ပျော်ရွှင်စွာ သွားတော့



မယ်ဆို... ရင်ထဲထိခိုက်ကြေကွဲလည်း လွှတ်လိုက်ရမှာပါပဲ။

" အဲဒီအန်တီကို မင်းခေါ်လာတာ... ဦးလေးစောက ကြိုက်ပါ့မလား "

" မကြိုက်လည်း မတတ်နိုင်ဘူး... အဲဒီ အန်တီက တိုက်တိုက်ဆိုင်ဆိုင် ငါတို့ကို လာမေးတာကိုပဲ သူကျေနပ်ရမယ်... တခြားလူတစ်ယောက်ကိုသာ ဦးစောမင်းနဲ့ သူ့သမီး ညိုလို့ မေးကြည့်... ဓာတ်လမ်းက ပိုတောင်ရှုပ်လာဦးမယ်..."

ဖိုးဝင်းမောင်က တံတားမှာ နေခဲ့ပါတယ်။ အဲဒီ အန်တီကို လပြည့်ခေါ်လာတော့... နေတဲ့နေရာကလည်း ခေါင်လိုက်တာ... ဘာလို့ ဒီဘက်ကမ်းမြို့ထဲမှာ မနေတာလဲတဲ့...။ ကွမ်းသီးခြံတွေလည်း ရှိသလို ဦးစောမင်းက ဆိုးလို့လည်းပါတယ်ပြောတာပဲဆိုတော့။

" အစ်ကိုစောမင်းက ဆိုးတယ်... မင်းနှယ်... လူတစ်ဘက်သားကို ဒီလောက်ကူညီတဲ့လူ ဘယ့်နှယ် ဆိုးတယ်လဲ "

" ဦးစောမင်းက အရက် အမြဲမူးနေတဲ့ လူဆိုးဆို ပြောကြတာ "

" အရက်... ကြံကြံဖန်ဖန် အစ်ကိုစောမင်းမှ အရက်မသောက် ဆေးလိပ်မသောက် အင်မတန် ရိုးသားတာ "

" ဗျာ "

လပြည့် နားမလည်နိုင်သလို အံ့သြစွာ ကြည့်မိပါပြီ။ အားလုံးက ပြောကြတဲ့ ဦးစောမင်းနဲ့ ဒီအန်တီပြောတဲ့ ဦးစောမင်း တခြားစီပါလား။ ဒါဖြင့် ညို့ကို ဘာလို့သိလဲ...။

" ဦးလေးစော ဦးလေးစော..."

" လပြည့်... မင်းဘာလာလုပ်..."

www.burmeseclassic.com

www.burmeseclassic.com



" ညွှဲသည်ပါလာတယ်... ဦးလေးစော... ပြီးတော့ ဒီအန်တီက..."

" ကျွန်မ ညို့အဒေါ်ပါ..."

" ဟင်... ခင်ဗျား... ခင်ဗျားက ညို့အဒေါ် "

ဦးလေးစော အံ့သြစွာ ကြည့်နေပါတယ်... ပြီးတော့မှ... လပြည့် မင်းပြန်တော့တဲ့...။

" ညိုနဲ့ တွေ့ပါရစေ... ခေါ်ပေးပါလား..."

ဦးလေးစော နှင်ထုတ်လည်း မသွားနိုင်သေး။ ညိုဟာ တကယ်ပဲ ဒီအန်တီရဲ့ တူမ ဟုတ်မဟုတ် လပြည့်သိချင်တယ်... ဟုတ်ခဲ့ရင် ဒီအန်တီနှင့် လိုက်သွားမလား... လပြည့်ကို ခွဲခွာသွားမလား ဆိုတာလည်း သိချင်တယ်။

" မင်းပြန်ပါတော့ "

" ကျွန်တော်... ညို့စကားကြားချင်ပါတယ် "

ဒါဟာ အမှန်ပဲ မဟုတ်လား...

လပြည့်ကိုပဲ လက်ထပ်မယ်... ဘယ်မှမလိုက်ဘူး...

လပြည့်ကို လက်မထပ်ဘူး... လိုက်သွားမယ်... ညို့ပြော စကားဟာ ဘာဖြစ်ဖြစ် ညိုပြောတာကိုသာ ကြားချင်ပါတယ်... အိမ်ရှေ့တံခါးကို ပိတ်လိုက်တဲ့အခါ... အန်တီက အံ့သြပြီး ကြည့်နေတော့တာ။

" ညို..."

" ဒေါ်လေးငယ်..."

တကယ်ပဲ ညို့အဒေါ်ပါလား။ ညိုကတော့... သူ့အဒေါ်ကို ဖက်ပြီး ငိုနေပါပြီ...။ အဒေါ်ကို ချစ်ခင်ပုံရပါတယ်... ဒီလိုသာဆို



ညိုလိုက်သွားတော့မှာပါလား...။ စိတ်မှာထိခိုက်ရပါပြီ...။

ညို့ကိုချစ်တယ်...

မဝေးချင်ပါဘူး...။ ဒါပေမယ့်... ညိုပျော်ရွှင်နေတာပဲ မြင်ချင်တဲ့ လပြည့်ပါ ညို...။ လပြည့်သဘောပေါက်ပါပြီ...။ ဒါကြောင့်လည်း ဘယ်သူ့မှ နှုတ်မဆက်ပဲ ပြန်လာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးငယ်ကို တွေ့ရတာ ပျော်လည်း ပျော်... စိတ်မကောင်းလည်း ဖြစ်ရတယ်... မေမေ မရှိတည်းက ညို့အပေါ် ကောင်းတဲ့လူဟာ ဒေါ်လေးငယ်ပဲ ရှိပါတယ်... ဒေါ်လေးငယ်လည်း မရှိရော... ညို့ဘဝဟာ အိမ်ကလေးထဲမှာ ပုန်းခိုနေရတဲ့ဘဝ ရောက်သွားတော့တာပါလား။

" ညို... အဒေါ်နဲ့ အိမ်ထဲမှာပဲ နေ... အဘ ဈေးသွား ဝယ်မယ်... အိမ်ထဲမှာပဲ နေ..."

အဘပြောတော့မှ ကြည့်မိတဲ့အခါ... လပြည့်လည်း မရှိတော့ပါလား။

" လပြည့်... လပြည့်ပြန်သွားပြီလား "

" လပြည့်ဆိုတာ... ဒေါ်လေးငယ်ကို လိုက်ပို့တဲ့ ကောင်လေးလား "

" ဟုတ်တယ်... သူနဲ့ ညိုလက်ထပ်ရတော့မှာ..."

" လက်ထပ်မယ်... ဒါဆို ညို့ချစ်သူလား..."

" သူ့ကို ညို... ညို... ချစ်တယ် "

ဒေါ်လေးငယ်ကတော့ လပြည့်ကို ခဏအတွေ့အရတော့ ကောင်လေးက မဆိုးပါဘူး... ဒါပေမယ့် လူဆိုတာ ကြာကြာ လေ့လာမှတဲ့...။



" ဟယ်... အိမ်ကလည်း လှောင်ပိတ်မှန်းနေတာပါလား တံခါးဖွင့်စမ်း..."

" တံခါး... တံခါးဖွင့်လို့ မရဘူး ဒေါ်လေးငယ် "

" ဘာ..."

" ညိုက အိမ်ထဲမှာ ပုန်းခိုနေရတာ "

" ဘာ... ဘယ်လို ဘာကြောင့် ဘာကြောင့် ပုန်းခိုနေရမှာလဲ... ဘာပြစ်မှုရှိလို့ ပုန်းနေရတာလဲ အံ့သြပါရဲ့... ညို... ငါလေ... ကိုမှာသာ သွားနေရတာ... နင့်ကို တစ်ရက်မှ စိတ်မချဘူး... ခုလည်း ဖြစ်ရပြန်ပြီ..."

" အဖေက သိပ်ဆိုးခဲ့တဲ့ လူဆိုးလို့ အဘကပြောတယ်... ခုဒီအဘက ညို့ကို အဖေမုန်းတဲ့လူတွေ လက်စားချေမှာကြောက်လို့..."

" လူဆိုး... အစ်ကိုစောမင်းက လူဆိုး... နေစမ်းပါဦး... ဓာတ်ပုံက ဘယ်သူတွေလဲ "

" ခုနက အဘနဲ့ အဖေပုံ..."

" အဖေပုံ... အဖေပုံ... ဟုတ်လား... အဲဒါ နင့်အဖေ "

" ဟုတ်တယ်... ဒေါ်လေးငယ်... အဲဒါ အဖေပုံပေါ့... အဖေက အမြဲအရက်မူးနေတာ "

" ဘုရား... ဘုရား... အစ်ကိုစောမင်းကို ငါ လေးငါးခါက တွေ့ဖူးတာ... ဒီလိုလူမဟုတ်ဘူး "

" နင်တော့ အဖေမှားနေပြီ "

" ရှင် "

ဒေါ်လေးငယ် စကားကြောင့် ညို အံ့သြတုန်လှုပ်ရပါပြီ။ ဦးစောမင်းက ညို့အဖေမဟုတ်ဘူးတဲ့လား။ ဒါဖြင့် ညို့အဖေ

www.burmeseclassic.com

www.burmeseclassic.com



ဦးစောမင်းက ဘယ်မှာလဲ… ညိုကရော… အဖေမှားပြီး ဒီအိမ်
ကလေးမှာ နှစ်ချီလို့ ပုန်းခိုနေခဲ့ရတယ်။

အဘနှင့်လည်း ဘာမှမတော်စပ်ဘူးပေါ့။

" ညို… ညို…"

ဈေးသွားမယ်ဆိုတဲ့ အဘက အိမ်ရှေ့မှ အော်ခေါ်နေပါလား
အဘဟာ ညို့ကို ဒီလို ဘယ်တော့မှ အော်မခေါ်… အိမ်မှာ ညို…
တာကိုတောင်… ဘယ်သူမှ မသိရအောင် နေတဲ့လူပါ။ အ…
ဘာဖြစ်ပါလိမ့်။

" ညို… ညို… လပြည့်… လပြည့် အရိုက်ခံရလို့ ရေထဲ…
ကျသွားပြီ… ငါလိုက်ဆယ်တာလည်း ရှာမတွေ့ဘူး… သေပြီ…
ထင်တယ် "

" လပြည့် သေပြီ ရေထဲကျသွားပြီ

ညို့နှလုံးသား တစ်ခုလုံး ပြင်းစွာ တုန်လှုပ်နာကျင်ရပြီ…
ညို ဘာကိုမှ မမြင်နိုင်တော့ပါပဲ… ချောင်းစပ်ဆီ ပြေးမိပါရော…
အဘက နောက်မှ ပြေးလိုက်လာပါပြီ။ တံတားလေးပေါ် ရောက်ခဲ့…

ဘယ်မှာလဲ ဘယ်မှာလဲ… လပြည့် ဘယ်မှ ကျသွားတာ…
ဆို… အဘ ညွှန်ပြရာကို ရေထဲခုန်ချလိုက်ပါပေါ့… ဒီချောင်း…
အကြောင်းကို ညိုသိတယ်… ခုချိန် ရေက မြစ်ထဲဆီ လိမ့်စီးနေတာ…

လပြည့်ရေကူးတတ်တယ်…

ဒါပေမယ့်… အရိုက်ခံရတယ်ဆိုတော့ ဒဏ်ရာ…
ဘယ်လောက်ပြင်းတယ်မသိနိုင်။ ရေစီးမှာ အဆော်မျောပြီ ထင်တယ်…
ကူးနေကျ ရေအလျဉ်ဆိုတော့ မှန်းဆလို့ ကူးလာခဲ့ပြီလေ…။

" တွေ့ပြီ… တွေ့ပြီ… လပြည့်ကို တွေ့ပြီ လပြည့်…



…တွေ့ပြီ…"

အသံတစ်သံနှင့် အတူ လူတစ်ယောက်ပါလား…။ သူနှင့်
…လပြည့်ကို တွေ့ရပါရော…။ အဲလိုမျိုးပြောရင်း ဒီလူလည်း… ရုတ်ခနဲ
…မြုပ်သွားပြန်ပါလေရော…။

လူနှစ်ယောက်ကို ဆွဲခေါ်ပြီး တံတားဆီ မကူးနိုင်လေတော့
…ဘားကမ်းဘက်ကို အရင် ဆွဲတင်ရတယ်…။

" ခင်ဗျား… ခင်ဗျား…"

" ရှင်က… ရှင်က ဘာလို့ မြုပ်သွားရပြန်လဲ "

" ကျွန်တော် ကျွန်တော်… အကြိမ်ကြိမ် ငုပ်ရတာ မောလှပြီ…
…ပြီးတော့ ခြေထောက်လည်း နာလာလို့ "

" လပြည့်… လပြည့်လေ…"

ဟိုလူက သတိရနေတော့ ဂရုမစိုက်နိုင်… လပြည့်ကိုသာ
…ပွေ့ယူလိုက်ပြီး ခေါ်နေမိပြီ။

" သွေးတွေ… သွေးတွေ အများကြီး… လပြည့် သေပြီ
…ထင်ပါတယ်… လပြည့် သေပြီ ထင်ပါတယ်…"

ညိုဖြင့် ငိုရပါပြီ။ လပြည့်ကို ပွေ့ဖက်ထားရင်း ငိုရတာ။
…ညို့ကို ခွဲမသွားပါနဲ့ လပြည့်…။ လပြည့်ကို ခွဲပြီး ညို မနေနိုင်
…တော့ပါဘူး…။

" ဒီလိုငိုနေလို့ ကြာရင် လပြည့် သွေးထွက်လွန် သေသွား
…လိမ့်မယ်… ဆေးရုံပို့မှ…"

" ရှင် လပြည့်ကို ထမ်းနိုင်ပါ့မလား… ဟိုမှာ ဟိုမှာ
…လှေ… လှေ…"

အဘကို လှေနဲ့ တွေ့ရပါပြီ။ ဝမ်းသာအားရ လပြည့်ကို

www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်တင်ပေးလိုက်ပြီးတဲ့အခါမှာ... ညို့ကို အဘက ဒေါ်လေးငယ်နဲ့ နေခဲ့ပါတဲ့။ ညို့မှာတော့ လပြည့်သေပါပြီဆို ငိုနေရတော့တာပါ...။

" လပြည့်ကို ညို့ချစ်တယ်... ဒေါ်လေးငယ် သူသေလို့ မဖြစ်ဘူး..."

ဒေါ်လေးငယ် ရင်ခွင်မှာ အကြိမ်ကြိမ်ငိုရတယ်...

ဘယ်လိုဖြစ်ရတာလဲ။ လပြည့်ကို ဘယ်သူက ရေထဲရိုက်ချလိုက်တာလဲ။ ဘယ်သူမြင်သလဲ။ ဘာကြောင့်လဲ။

" ညို့... နင် အခုနေရတဲ့ အခြေအနေက စိတ်ပျက်စရာချည်းပါလားဟယ်... ဟင်... အစ်ကိုစောမင်း အစ်ကိုစောမင်း..."

ဒေါ်လေးငယ်က ညို့ကို ဖက်ရင်း စိတ်ပျက်လက်ပျက် ညည်းနေရာက အတင်းအော်ခေါ်တော့တာပါ...။

ဒေါ်လေးငယ် အော်ခေါ်တဲ့လူကို ညို့လိုက်ကြည့်မိတဲ့အခါ...

" ညို့... ဒါ နင့်အဖေလေ... နင့်အဖေ ဦးစောမင်းပေါ့..."

" ဦးစောမင်း... ဒါ ညို့အဖေ... ညို့အဖေ ဦးစောမင်း ဟုတ်လား "

မယုံကြည်နိုင်စွာ ကြည့်မိပါပြီ...။ ညို့ မသိပဲရှိမလား။ အိမ်ထဲမှာ နေပေမယ့်... အကြိမ်ကြိမ်အခါခါ တွေ့ရတယ်။

" မိငယ်... နင်ရောက်လာတာ ငါအရမ်းဝမ်းသာတယ်... ငါဟာ ငါဟာ မရှက်သင့်တာတွေရှက်ပြီး ကိုယ့်သမီးလေးတောင် ကိုယ်ဖွင့်မပြောရဲ... မစောင့်ရှောက်နိုင်ခဲ့ပါဘူး... အခု နင်ရှိပြီဆိုတော့ ငါစိတ်ချပါပြီ... ငါအခုပဲ ငါ့အပြစ်တွေအတွက် သွားအဖမ်း ခံတော့မယ်..."

" အစ်ကိုစောမင်း အပြစ်..."



" ဟုတ်တယ်... လပြည့်ကို ရိုက်ခဲ့တာ ငါပါ... အဲလိုပါပဲ... ညို့ကို နှောက်ယှက်တဲ့လူ မှန်သမျှ ငါရိုက်ခဲ့တာ "

" ရှင် "

လပြည့်ကို ရိုက်ခဲ့သတဲ့... ပြီးတော့ ညို့ကို စောင့်ရှောက်ရင်း ညို့ကို နှောက်ယှက်တဲ့လူမှန်သမျှကို ရိုက်ခဲ့သတဲ့လား...။

ညို့အဖေတဲ့...

ညို့ကို အဖေမဟုတ်တဲ့လူတစ်ယောက်နဲ့ ဘကြီးမဟုတ်တဲ့လူတစ်ယောက်က ကျွေးမွေးစောင့်ရှောက်ထားရတာကို သိသိကြီးနဲ့ အဖေအရင်းက ဖွင့်မပြောခဲ့ပါလား။ ပြီးတော့ တိတ်တဆိတ် စောင့်ရှောက်သတဲ့... ညို့ဘဝလေးကို သာယာပျော်ရွှင်စေချင်တဲ့ ညို့ချစ်ရသူကိုလည်း ရိုက်သတဲ့... ဘာလို့ပါလဲ...။

ညို့တော့ အဖေဆိုတာ တွေတွေရခြင်း နားမလည်နိုင်သလို... ချစ်တယ်လို့ မခံစားရတော့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

" ဓာတ်ပုံမြင်တော့ ညီ့နဲ့ ဘာမှမတော်စပ်ဘူးဆိုတာ ကျွန်မ သိလိုက်ရပါတယ်… ကိုစောဝင်းကို ကျေးဇူးတင်ပါတယ်… ကျွန်မတူမလေးကို စောင့်ရှောက်ခဲ့လို့ပါ…"

အဘကတော့ ငူငူငိုင်ငိုင်ကြီးထိုင်လို့…။

ကျုပ်ဖြင့် ဘယ်လိုမှ မထင်ခဲ့ပါဘူး… ဦးသြက ဒီလိုလူလား… သူဟာ ဆေးဆရာတစ်ယောက်ပါ… လူတွေကို ဂရုဏာရှိတဲ့လူပါ…။ ဘယ်သူ့ကိုမဆို ကူညီစောင့်ရှောက်တဲ့လူက ဘယ်လိုဖြစ်ပြီး ကိုယ့်သမီးလေးကျတော့မှ သိသိကြီးနဲ့ ပစ်ထားရတာလဲတဲ့။

" အစ်ကိုစောမင်းက ရိုးသားလို့ဆို ကျွန်မတို့ အစ်မနဲ့ လူကြီးတွေက ပေးစားတာပါ… အစ်ကိုစောမင်းကတော့ ငြင်းခဲ့ပါတယ်… သူက အသက်အရမ်းကြီးနေပြီ… အစ်မက ညီ့လို အရမ်းလှတာ ငယ်လည်းငယ်တာမို့ မယူပါရစေနဲ့ ဆိုပေမယ့်… လူကြီးတွေက အတင်းပေးစားတော့ လက်ထပ်ဖြစ်သွားတယ်… အစ်မနဲ့ အတူနေရင်း ညီ့ကိုမွေးပြီး သိပ်မကြာပါဘူး… အစ်မကို အရွယ်တူ လူတစ်ယောက်က နှစ်သက်တာ မြင်တော့ သိပ်စိတ်ဆိုးသွားတာပေါ့…"

အမေကတော့ အဖေ့အပေါ် သစ္စာမပျက်ခဲ့ပါဘူး…

အဖေ စိတ်ဆိုးပြီး ပြန်သွားခဲ့ပေမယ့်… ညီ့နဲ့ပဲ သေသည်ထိ အမေ နေသွားခဲ့တာပါ…။



" အစ်ကိုစောမင်းက ရိုးသား သဘောကောင်းပေမယ့် သူထင်ရာ သူလုပ်တတ်တဲ့ သဘောရှိပါတယ်… ဒီအဖြစ်အားလုံးမှာ ကျေးဇူးတင်စရာ အကောင်းဆုံးလူက ကိုစောဝင်းပါ…"

" ကျုပ်တစ်ခုဝမ်းသာပါတယ်… ညီ့ဟာ ကျုပ်ညီ စောမင်းရဲ့ သမီးမဟုတ်ဘူးဆိုတော့… သူ့ကို အနှောက်အယှက်ပေးမယ့်လူ ကလဲ့စားချေချင်တဲ့သူ မရှိဘူးပေါ့… အဘသြကိုလည်း အံ့သြပါရဲ့ဗျာ… မိန်းမကို စိတ်နာလို့ နာမည်ပြောင်းလိုက်တာထားပါ… ကိုယ့်သမီးလေး တွေ့နေရပါလျက် ဖွင့်ပြောရောပေါ့…"

ညီ့ကို အမြဲလို ဂရုစိုက်ခဲ့တဲ့ အဘနဲ့ ဘာမှသွေးသား မတော်စပ်ဘူးတဲ့လား။

" ကောင်းပါတယ်… ခုလို အခေါ်နဲ့ ပြန်တွေ့ရတာ ညီ့အတွက် ဝမ်းသာတယ်… ငါ့မှာတော့ ငါ့ညီစောမင်းကို လက်စား ချေချင်သူတွေက ဒီလောက်လှတဲ့ တူမလေးကိုများ ဒုက္ခ[illegible] ပူရတာ… အခု မပူရတော့ဘူး… သူ့ခမျာလည်း ပုန်းခို[illegible] သနားလို့ လပြည့်လို ရိုးသားပြီး တကယ်ချစ်ခင်တဲ့သူ[illegible] လက်ထပ်ပေးဖို့ ရည်ရွယ်ခဲ့တာပါ… အခုတော့ မင်းသဘော[illegible] မင်းတူမ မင်းသဘောပေါ့…"

ဒေါ်လေးငယ်ကတော့ အဘကို ကျေးဇူးတင်[illegible] ပြောသလို ညီ့အဖေအရင်း ဦးစောမင်းကိုလည်း ဂရုစိုက်[illegible]

" အဘသြက ကိုစောမင်းဆိုတဲ့ နာမည်ကို[illegible] လိုက်တာကို… အားလုံးကတော့ ဒီမှာ ဆေးဆရာ [illegible] သိကြတာ… ကိုယ့်သမီးလေးကိုများ…"

" သူ့ခမျာလည်း သမီးလေးကို နောက်ကလို[illegible]

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ ”

“ အမှန်ဆို ဖွင့်ပြောရမှာ... ညီဟာ အဘကြီးသမီးလေးဆိုရင် အားလုံးက ချစ်ခင်သနားကြင်နာကြမှာပါ...”

“ အစ်မကို စိတ်နာသွားတာလည်း ပါမှာပါ... ညီ့ကို ကျွန်မ ခေါ်သွားခွင့်ပြုပါ...”

ဒေါ်လေးငယ်ကတော့ ညီ့ကို ပုသိမ်ပြန်ခေါ်သွားမယ်တဲ့။ ညီ့ရင်ထဲတော့ လပြည့်ဆီ သွားချင်နေပါတယ်။

“ ဘာလို့ ဘာလို့ လပြည့်ကို ရိုက်ရတာလဲ... ပြီးတော့ ညီ့ကို နောက်က အမြဲ လိုက်ကာကွယ်နေတာဆိုလည်း... သူများတွေကို ဒဏ်ရာရအောင် မပြုသင့်ပါဘူး...”

“ ငါလည်း အံ့ဩနေတာ... ရေသူမ ရေသူမနဲ့ ပြောနေကြတုန်းကတော့ ညီ့ကို အမှတ်မထင် တွေ့တဲ့လူတွေ ပြောနေမှန်းသိပါတယ်... ရေသူမကို တွေ့တဲ့လူတွေက နောက်ဘက်မှာ လူမည်းမည်းကြီးက လိုက်ရိုက်တတ်တယ် ဆိုတော့ အံ့ဩနေတာ... ညီ့နောက်မှာ အဘကြီး ရှိရှိနေတာပါလား...”

အဘကြီးကို ဖခင်တစ်ယောက်လို ချစ်ခင်တွယ်တာခြင်း ညီ့မှာ မရှိပါဘူး။ ပြီးတော့ လပြည့်ကို ဘာလို့ရိုက်ရတာလဲလို့ ရင်မှာ ထိနိုက်ခြင်း ဖြစ်ရပါတယ်။

“ အသက်ကြီးလာမှ အစ်ကိုစောမင်း ထောင်ကျမှာလား မသိ ”

“ သူရိုက်ခဲ့တာ... မောင်တင်မောင်ဦးနဲ့ လပြည့်ကိုပဲ မဟုတ်လား... သူတို့က ကျေအေးရင်တော့ ထောင်ကျမယ် မထင်ပါဘူး...”



လပြည့်အတွက် ညီ့ရင်ထဲက ပူပန်ရခြင်းဟာ အချစ်တဲ့လား။

“ လပြည့်ကို အဘကြီး ခင်မင်ပါတယ်... ဒီဘက်ကမ်းကိုတောင် အဘကြီးက ခေါ်ခေါ်လာတာပါ... ဘာလို့များ လပြည့်ကို ရိုက်ရပါလိမ့်...”

ဒေါ်လေးငယ်ကတော့ တစ်ဘက်ကမ်းကိုသွားပြီး အဘကြီးနဲ့ တွေ့ချင်သတဲ့... လပြည့်ကိုလည်း တွေ့ချင်သလို ကိုတင်မောင်ဦး မိသားစုကိုလည်း သွားတွေ့မယ်လို့ ပြောပါတယ်။ ဒေါ်လေးငယ်ကတော့ အဘကြီးရဲ့ မိသားစုအဖြစ်နေနဲ့ အပြစ်လွှတ်အောင် ကြိုးစားမယ်လို့ ပြောပါတယ်။

“ အဖေက အဖေပဲ ညီ... သူ့ အပြုအမူ မှားချင်လည်း မှားမယ်... ညီ့ဘက်က ခွင့်လွှတ်ချစ်ခင်ရလိမ့်မယ်... သမီးကို စိတ်မချလို့သာ နောက်ကလိုက် စောင့်ရှောက်နေခဲ့တာပေါ့...”

ဒေါ်လေးငယ်နဲ့ အဘကတော့ အပြစ်လွှတ်အောင် လိုက်စီစဉ်ကြမတဲ့လေ...။ လပြည့်ကို ဘာလို့ရိုက်ခဲ့ရတာပါလိမ့်။ လပြည့်သေပြီလားဆိုတဲ့ အချိန်မှာမှ လပြည့်ကို ညီဘယ်လောက်ချစ်တယ်ဆိုတာ ညီ့ရင်ထဲ ညီသိလိုက်ရတာပါလား...။

ဒေါ်လေးငယ်နှင့် ပုသိမ်ကို ပြန်လိုက်သွားရင်... လပြည့်နှင့် အပြီးတိုင် ဝေးရမလား။

မဖြစ်နိုင်ဘူး။

လပြည့်နှင့် မဝေးချင်။

ညီ အမှန်အတိုင်း ပြောရလိမ့်မည်။

“ လပြည့်ဆီ သွားကြည့်ကြရအောင် ”

“ ညီ့ကို ခေါ်သွားမှာလား...”

www.burmeseclassic.com

www.burmeseclassic.com



အဘရဲ့စိတ်မှာ ခုချိန်ထိ… ညီ့ကို အပြစ်တွေက်မှာ စိတ်မချနိုင်သလိုပါလား…။ အသံလေးလေးကြီးနှင့် ဟုတ်ပါတယ်လေ… ညီက အပြင်ကို ထွက်လို့ ရသင့်ပါပြီတဲ့…။ ညီ့ရင်ထဲမှာတော့ လပြည့်နှင့် တွေ့ချင်လှပါပြီ။

ပြီးတော့ ပြောပြရမယ်… လပြည့်နှင့် ညီ မခွဲခွာချင်ပါဘူး…။

✻ ✻

" လပြည့်… လပြည့်… သတိရတယ် မဟုတ်လား… လပြည့်…"

" အား…"

တစ်ကိုယ်လုံး နာကျင်နေသလိုပါလား…။ ခေါင်းကလည်း နာတယ်… ပြီးတော့ နည်းနည်းလေးမှ မလှုပ်နိုင်အောင်ကို နာကျင်နေတာ…။ ခေါ်နေတဲ့ အသံတော့ ကြားတယ်။ ဒါ ဘယ်သူ့အသံလဲ…။

" လပြည့် "

" ဟင်…"

" မင်းသတိရရဲ့လား "

" သူသတိရလာမှာပါ… အခု နားနေပါစေ… ဖျားတဲ့အရှိန်ကိုက မနည်းဘူးလေ… ကံကောင်းလို့ မသေခဲ့တာ မဟုတ်လား"

ဒီအသံလည်း သိတယ်။

ဒါပေမယ့် စဉ်းစားလို့ မရသလိုနဲ့… နာကျင်ခြင်းတွေ များနေသလိုပါပဲလေ…။ ခဏတော့ အားလုံးဟာ ပျောက်ပျက်သွားသလို ခံစားရပြန်ရော…။

လပြည့် ဘယ်ရောက်နေပါလိမ့်…

မျက်ဝန်းတွေကို အားယူ ဖွင့်ကြည့်မိတယ်…။

www.burmeseclassic.com

www.burmeseclassic.com



လပြည့်... လပြည့်လို့ ခေါ်နေတာလား...။

ဖိုးဝင်းမောင်... ဖိုးဝင်းမောင်လို့ တိုးတိုးလေးရွတ် နေမိပါတယ်...။ ဒါပေမယ့် အသံက ရင်ထဲမှာပဲ ရှိပြီး တိုးညင်းနေသလိုပါလား။

" ဖိုးဝင်းမောင် "

" ဝမ်းသာလိုက်တာ လပြည့်ရာ... မင်း သတိကောင်းကောင်းရပြီပဲ... ငါ့မှာဖြင့် မင်းအတိတ်မေ့သွားမလား... ရူးသွားမလားနဲ့ အမျိုးမျိုး စိတ်ပူလိုက်ရတာ..."

" ဖိုးဝင်းမောင်က ရုပ်ရှင်တွေကြည့် ဝတ္ထုတွေဖတ်ပြီး စိတ်ကူးကယဉ်ပါ... မင်းကိုခေါင်းရိုက်ခံရပြီး အတိတ်မေ့သွားရင်... ငါတို့ကို မေ့သွားမယ်ဆို စိတ်ပူနေတာ..."

ကျော်ထွန်းပါလား။

" ငါ့ကို ငါ့ကို ဘယ်သူရိုက်တာလဲ "

ဒီလိုလည်းမေးရော သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်ကြပြီလေ...။ လပြည့် အံ့သြရပါတယ်...။ ခုမှ ပြန်စဉ်းစားနိုင်လာတာ... ညို... ညိုရော... ညို့ကို သူ့အခေါ် ပြန်ခေါ်သွားပြီလား။

" ဟာ... ဟာ မထနဲ့လေ လပြည့် အိပ်နေမှပေါ့..."

ညို့ကို ဝေးရပြီ ဆုံးရှုံးရပြီဆိုတဲ့ အသိရတာနဲ့... ခန္ဓာကိုယ်က ဒဏ်ရာတွေ မေ့သွားသလိုပါ...။

" ညိုရော... သူ့အခေါ်ခေါ်သွားပြီလား... ညို့က ငါ့ကို ခွဲသွားပြီလား..."

" ညိုရှိပါသေးတယ်... သူ့အခေါ်နဲ့ အတူမပြန်သေးပါဘူး... မင်းကိုရိုက်တာ အဘသြရိုက်တာပါ "



" အဘသြ "

သူ့အရှိမ်းကို အံ့သြရပါပြီလေ။ အဘသြက ဘာကိစ္စရိုက်ရသလဲ... ဦးလေးစော ရိုက်တယ်ဆို ဟုတ်တုတ်တုတ် ရှိသေးရဲ့...။

" မင်းနားပါဦး... နေကောင်းလာရင် အားလုံး ပြောပြပါမယ်..."

" ငါနေကောင်းပါပြီ... ပြောပါ... ငါသိချင်တယ် "

" အဘသြကို ကိုတင်မောင်ဦးအိမ်က ရိုက်ရသလားဆို စိတ်ဆိုးပေမယ့်... သူတို့ညီမလေး ဝေဝေအသက်ကို အဘသြက ဆေးကုကယ်ထားတဲ့ အဖြစ်လည်းရှိလို့ ခွင့်လွှတ်ကျေအေး လိုက်တယ်... တစ်ခုပဲ ရှိတာ မင်းက သတိရလိုက်... မရလိုက်နဲ့ဆိုတော့ မင်းသေရင် သူထောင်ကျမှာပေါ့... မင်း အခုနေကောင်းလာပေမယ့်... မင်းက မကျေအေးပြန်ရင်လည်း အမှုကဖြစ်ဦးမှာ..."

" ငါက အဘသြကို အံ့သြတာပဲ ရှိတာပါ... အပြစ်တင်တယ်ဆိုတာ မရှိပါဘူး... ဘာမကျေအေးစရာရှိလဲ "

" ကျေအေးဆိုလည်း ကျေလိုက်ပါ... ဘာလို့ဆိုတော့ အဘသြကမှ ညို့အဖေအစစ်မို့ပါ "

" ဟင် "

ခဏလေး သတိလစ်ပေလို့ပေါ့... တစ်လ ကိုးသတင်းများ သတိလစ်နေရရင် ဘယ်လောက်များ အထူးအဆန်းတွေ ကြားရမှာပါလိမ့်။ အခုတောင် ကြားလိုက်ရသမျှ မထင်မှတ်တာချည်း။

ဦးလေးဦးစောမင်းသမီးဆိုလို့ မေးမိပြီ။

" တစ်ချိန်က အဘသြဟာ ဦးစောမင်းဆိုတဲ့ နာမည်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်အသက်အများကြီး ငယ်ပြီး အရမ်းလှတဲ့ ညို့အမေကို လက်ထပ်ခဲ့တာတဲ့ "

ဖိုးဝင်းမောင်ပြောနေတုန်းမှာ ဦးလေးစောဝင်လာပါတယ်။

" မင်းသတိရပြီကြားလို့ ဝမ်းသာလိုက်တာ..."

" ဦးလေးစော... ကျွန်တော့်ကို ခွင့်လွှတ်ပါ... ကျွန်တော် ထင်တာက ညို့ကို စောင့်ရှောက်ရင်း ကိုတင်မောင်ဦးကို ဦးလေးစော ရိုက်တာပဲထင်တာ "

" လပြည့်ရယ်... ငါလည်း... ညို့ကို တစ်ယောက်ယောက် ကများ စောမင်းကို ကလဲ့စားချေရင်း ဒုက္ခပေးမလား... စိတ်မောလူမော စောင့်ရှောက်ခဲ့ရတာ... ဒါကြောင့်လည်း မင်းလို ညို့ကိုလည်းချစ်... ညို့ကလည်း ချစ်တဲ့လူတွေတော့ လက်ထပ်ပေးလိုက်ဖို့ ရည်ရွယ်တာ... အဘကြံကြ ဘာဖြစ်ရတာလဲကွာ... မင်းကို ဘာလို့ရိုက်ရတာလဲ..."

" ကိုတင်မောင်ဦးကိုလည်း ရိုက်တာပဲဟာ..."

" တင်မောင်ဦးကထားပါ... ညို ရေကူးနေတုန်း ရေသူမ ရေသူမနဲ့ အတင်းဆွဲလို့ ရိုက်တာရိုက်... လပြည့်က သူ့ဘာသာ ပြန်တာ ရိုက်စရာလား..."

" ဦးလေးစော... ညိုရောဟင်... ညို..."

" လူက ဆေးရုံကုတင်ပေါ်မှာ ဖိုးဝင်းမောင်... စိတ်က ဆင်းချင်နေပြီ ထင်တယ် "

ဦးလေးစောက အရေးထဲ နောက်နေသေးတယ်။

ပြီးတော့... ညို့အဒေါ်က သူ့တူမကို သူသဘောတူတဲ့ လူနဲ့ပဲ ပေးစားမယ်တဲ့... ပုသိမ်ပြန်ခေါ်မယ် ပြောတာပဲ။

" ဦးလေးစော ကျွန်တော့်သူငယ်ချင်း... ဗုန်းဗုန်းလဲ



သွားအောင် မပြောပါနဲ့လား... တော်ကြာ ဆေးကုမရဖြစ်နေပါမယ်..."

သူတို့က နောက်နိုင်တယ်...

ဒီမှာဖြင့် ညို့ကို မတွေ့ရခြင်းနှင့်ပင် သေပြီလားဆိုတဲ့ ခံစားချက်က နေလို့မရချင်တော့ပါဘူး...။

" သတိုးသားဖြစ်တော့မယ်ဆို ပျော်နေတာ စိတ်ဓာတ်ကျသွားပါဦးမယ်... ဦးလေးစောရယ်..."

" ညိုက... အခု အဲဒီဘက်မှာ နေသေးလား "

" မနေတော့ဘူး "

" ဟင် ပုသိမ်ပြန်ပြီလား..."

" ကြီးမြက ခေါ်ထားတယ်..."

ခုမှ အသက်ရှူနိုင်ပါတော့တယ်...။

ညိုရယ်... လပြည့်ကို ခွဲမသွားပါနဲ့လား...။ အတူနီးရတော့မယ်ဆိုပြီးမှ ဝေးမသွားချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အဖေလို့ ရင်ထဲက ခေါ်ကြည့်မိပေမယ့်... ညို့အတွက် အဘကြီးလို့ပဲ သိထားတော့ စိမ်းလွန်းပါတယ်... ကြီးမြဆိုတဲ့ အခေါ်က ဖိုးဝင်းမောင်အသက်ကို ကယ်ခဲ့တာ ကျေးဇူးတင်လွန်းလို့ဆို ညိုတို့ ခေါ်လေးငယ်တို့ကို သူ့အိမ်မှာ လာနေစေတယ်လေ။ လပြည့် ခုတော့လည်း နေကောင်းနေပြီမို့ ဒီနေ့ပဲ အိမ်ပြန်ရောက်လာပါတယ်။

" လပြည့်နဲ့ တင်မောင်ဦးတို့က ခွင့်လွှတ်ကျေအေး လိုက်ဆေမယ့် ရှင်ခုလိုတော့ မဖြစ်သင့်တော့ဘူး အဘကြီး... ရှေ့လျှောက် ဘယ်လိုနေမယ် စဉ်းစားသလဲ..."

" ငါလည်း ငါ့သမီးလေးမှန်း စတွေ့တည်းက သိတာပါ မပြရယ်... သူ့အမေနဲ့ အရမ်းတူတာကို... ပြီးတော့ ဦးစောမင်း သမီးပါလို့ ပြောပြီး ရောက်လာတာ... လူမှားပြီဆိုတာလည်း ငါသိတယ်... စောမင်းကလည်း မိန်းမတွေ ယူတာ များခဲ့သမျှ သူ့သမီးပဲ မှတ်သွားရှာမှာပါ... ငါ မရှက်သင့်တာ ရှက်ခဲ့ပြီး... ငါ့သမီးလို့ မပြောခဲ့သလို စိတ်နာတာတွေကလည်း သူ့အမေအပေါ် ထားခဲ့တာ မပျက်နိုင်အောင်ပါ... အချစ်ကြီးသမျှ အမျက်ကြီးခဲ့တဲ့ ငါ့အမှားတွေပါ..."

လပြည့် ဆေးရုံက ဆင်းလာတဲ့ ဒီနေ့မှာပဲ... အဘကြီး အိမ်ရောက်လာတာပါ...။



" ကျွန်တော့်ကို ဘာလို့ သဘောမတူရတာလဲ "

လပြည့်မေးတဲ့ ပုံစံလေးကြောင့် ညို တစ်ဘက်လှည့် ပြုံးရပါတယ်။ တလေးလေးတစ်ယောက်လို သဘောမတူတာကို မကျေမနပ် ဖြစ်နေပုံပါပဲလေ။

" အစက မင်းနဲ့ ညိုကိစ္စ ငါသဘောတူပါတယ်... ဒါကြောင့်လည်း မင်းကို ငါပဲ ဟိုဘက်ကမ်း ခေါ်ခေါ်သွားခဲ့တာပါ... ဒါပေမယ့် မင်းက ရန်ကုန်ပြန်မယ် မြန်းစားကြီးပြောတော့ ငါ့သမီးလေး ကို လက်မထပ်ချင်လို့ ရှောင်ပြေးသွားတယ် ထင်တာပေါ့ကွာ..."

" ဒါနဲ့ပဲ ရိုက်ထည့်လိုက်ရောလား "

" အေး..."

" လပြည့်... ဒီယောက္ခမနဲ့တော့ မင်းလွယ်ပါ့မလား... သူ့သမီးကို မင်းရန်ဖြစ်လို့တောင် ရမယ် မထင်ဘူးနော်..."

ဖိုးဝင်းမောင်အပြောကြောင့် ခေါ်လေးငယ်ကတောင် အစ်ကိုစောမင်းတို့ သဘောကောင်းသမျှ သမီးထိ မကြည့်တော့ မဖြစ်နဲ့လေတဲ့။

" ငါ နောက်တယ်တော့မှ သတိလက်လွှတ် မပြုတော့ဘူး... လူတွေအသက်ကို ကယ်ချင်လို့ ဆေးဆရာလုပ်ပါတယ်... လူတွေကို ခုက္ခပေးမိတယ်... ငါ နောင်တရတယ်... သမီးအောကပ်သွားသလို အမုန်ကိုလည်း ရင်မဆိုင်ရဲခဲ့ပါဘူး "

" အစ်ကိုစောမင်း နောင်တရတာက တစ်ယောက်မှ မသေလို့နော်... သေများသေရင် တစ်သက်လုံး ဖြေမရဖြစ်မှာ..."

" ဟုတ်တယ်..."

" ကျွန်မလည်း ပုသိမ်ပြန်မယ်... စက်ဘူက ပြန်ခေါ်လည်း

www.burmeseclassic.com



မြန်ချင်မြန်မှာ… ဘာလို့ဆိုတော့ ညို့ကို စိတ်ချရပြီလေ… လပြည့်လို လူတော်လူကောင်းလေးနဲ့ တွေ့မှတော့…”

“ နေပါဦး ခေါ်လေးငယ်… ကျွန်တော်တို့ မင်္ဂလာပွဲလေးပြီးမှ ပြန်ပါ…”

“ မပြန်ရဘူးလို့ ပြောမှပေါ့ လပြည့်ရဲ့… ဘာလဲ… မင်းက နှစ်ယောက်တည်း ‘နေချင်တယ်လား ”

ဖိုးဝင်းမောင် အပြောကို အားလုံးသဘောကျကြတယ်။

“ နှစ်ယောက်တည်း မနေပါဘူး… ငါစဉ်းစားထားပါတယ်… ဒီဘက်မှာပဲ အိမ်ကလေးတစ်လုံးဝယ်ပြီး အဘသြနဲ့ ဦးလေးဓာကို ခေါ်ထားမယ်လေ…”

လပြည့်ကတော့ ကျေးဇူးရှင်တွေကို စောင့်ရှောက်ချင်သတဲ့…

ညိုကတော့ ချစ်ရတဲ့ လပြည့်လည်းရှိတယ်… ပြီးတော့ အိမ်ကလေးထဲ ပုန်းအောင်းမနေရတော့ဘူးဆိုတာနဲ့တင် ပျော်ရွှင်နေပါပြီ။

“ ဒါဆိုလည်း မင်္ဂလာပွဲကြီးကြီးကျယ်ကျယ် မလုပ်နဲ့တော့ ဆွမ်းကျွေးလိုက်… ခေါ်လေးငယ် အမြန်ပြန်ချင်တယ်… နေဖို့အိမ်တော့ မမြဲပဲ ရှာနိုင်းပေါ့…”

“ လောလောဆည်တော့ အိမ်ရှာမရခင်… ငါတို့နဲ့ပဲ နေပါ လပြည့်…”

“ ငါ့အိမ်လေးမှာ မင်းတို့နေ… ငါကတော့ အဘသြနဲ့ သွားနေမယ်… ဒီဘက်ကမ်း အိမ်ဝယ်ပြီးတော့လည်း… အတူ ပြန်နေကြတာပေါ့…”

ညို စိတ်ချမ်းသာရပါပြီ… ညို့အတွက် အသက်ရှူ



မွန်းကျပ်နေတဲ့ အိမ်ကလေးထဲ နေ့နေ့ညည နေစရာ မလိုတော့ပါဘူး။ ချစ်သူရှိတဲ့နေရာမှာ လွတ်လပ်ပျော်ရွှင်စွာနေရမှာ… ညို့အတွက် ပျော်စရာ တွေ့ရတော့မှာပဲ မဟုတ်လား။

“ လပြည့်တို့က ငါ့ကိုတောင် သတိရတော့မှာ မဟုတ်ဘူး”

“ ဘယ့်နှယ် သတိမရရမှာလည်း ဖိုးဝင်းမောင်ရာ… မင်းလို ငါ့ကိုအသက်ပေးချစ်တဲ့ သူငယ်ချင်းမှ သတိမရရင် ဖြစ်မလား…”

ဖိုးဝင်းမောင်ကြောင့်လည်း လပြည့်အသက်ရှင်ခဲ့တာ ဖြစ်သလို အဲဒီနေ့က လပြည့်အတွက် ညို ဘယ်လောက် စိတ်ပူခဲ့ရသလဲ။ အဲဒီလိုစိတ်ညစ်စရာတွေကို မလိုချင်တော့ပါဘူး…။

www.burmeseclassic.com

www.burmeseclassic.com

လကာတရိပ်ရိပ်မြင့်တက်လာပြီ…

အေးမြတဲ့ လေညင်းကိုလည်း ရတယ်…။ ရေဆင်းတံတားပေါ်မှာ ခုတော့ ရေသူမလေးကို ရင်ခွင်မှာ ထားနိုင်ခဲ့ပါပြီ။

" ညို… ရေကူးချင်သေးလား "

" မကူးတော့ပါဘူး… တော်ကြာ ရေသူမလို့ ပြောနေမယ်…"

" ရေသူမလေးကို လပြည့်ပိုင်ဆိုင်ရမယ် တစ်ခါမှ မတွေးခဲ့မိပါဘူး… စတွေ့တွေ့ချင်းနေ့ကလေ…"

ညို့ကိုကြည့်ဖို့ သူတို့ အိမ်ရှေ့မှာ အိပ်ပြီး စောင့်ကြည့်ရတာပြောတော့ ညိုရယ်တယ်။ ညို့မှာဖြင့် ညလယ်ခေါင် အဘလစ်မှ ရေလာကူးရတာ… ကိုတင်မောင်ဦးလို လူကိုတွေ့ပြီးတည်းက လန့်လည်းလန့်တယ်တဲ့လေ…။

" ညိုရေကူးတာကတော့ လပြည့်ရယ် လကွယ်ရယ် မရှိပါဘူး… အဘလစ်တဲ့နေ့ဆို မိုးကူးရတာ… လရောင်ရှိရင် မြင်ရတယ် မရှိရင် မမြင်ရဘူး… ဒါကြောင့်ပါ လပြည့်ရယ်…"

" အခုညလည်း လပြည့်ညလေ…"

" ညို့အတွက် နေ့စဉ်ရက်ဆက် လပြည့်ည ဖြစ်သွားပါပြီ… လပြည့်ရှိနေပြီပဲ လပြည့်ရယ်…"

" ညို… အပြောကောင်း…"



ညို့ခများလည်း အခုမှ လွတ်လပ်ပျော်ရွှင်စွာ နေရတာပါ…။ ညိုနဲ့ လပြည့်တို့ရဲ့ မင်္ဂလာဆွမ်းကျွေးနေ့မှာ ခင်မင်တဲ့ ဆွေမျိုးတွေ မိတ်ဆွေတွေက… ညို့ကို အဘသြသမီးအဖြစ် အုံသြစွာ လက်ခံကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ညို့က သတို့သမီးလေးလို ဆိုတော့... ဆံထုံးနဲ့ ပန်းနဲ့ အရမ်းကိုလှတာပါ...။ ဆံထုံးလေးဆိုတော့... ရေသူမလေးလို ဆံပင်ဖားလျားမဟုတ်တော့ဘူးလေ။ ကိုတင်မောင်ဦးကတော့ ညို့ကိုငေးကြည့်ရင်း... ငါ့ရဲ့ ရေသူမလေးဟာ အိပ်မက်တစ်ခုလို ပျောက်ကွယ်သွားပြီပေါ့တဲ့။

" ဖိုးဝင်းမောင် အိပ်နေပြီထင်တယ် "

ဖိုးဝင်းမောင်တို့အိမ်လေးက လရောင်အောက်မှာ မီးရောင်မရှိတော့ပါဘူး။ လပြည့်အိပ်ခဲ့တဲ့နေရာလေးကို အမှတ်ရမိပါတယ်...။

" ညို့... ရန်ကုန်မှာ နေချင်သလား ပုသိမ်မှာ နေချင်သလား... ညို့နေချင်တဲ့နေရာမှာနေဖို့ လပြည့်စဉ်းစားတယ်..."

" ညို့က လပြည့်ရှိတဲ့နေရာဖြစ်ဖို့ပဲ အရေးကြီးတာပါ... ဒါပေမယ့် အမေနဲ့ အဘကတော့ ဒီမှာနေနေကျ ဒီမှာပဲ ပျော်မှာပေါ့..."

" ဒါလည်း ဟုတ်တယ်..."

လေပြေကလေးတစ်ချက် ခပ်ပြင်းပြင်း အတိုက်မှာ ရေထဲကို ဝုန်းဆိုကျသွားသံနဲ့ ရေကူးသွားတဲ့အသံလို ကြားရတဲ့အခါ...။

" ရေသူမ ရေကူးနေပြီ ထင်တယ်..."

" လပြည့်ကလည်း... ရေသူမက ဒီမှာ ရေမှမကူးတာ..." သူတို့ရယ်မိကြတယ်...။



" လပြည့်ကို ရှာမရတော့ဘူးဆိုတော့ ညို့လေ ငိုလည်းငိုရ... ရှာလည်းရှာရ... စိတ်က ပင်ပန်းပြီး ယောက်ယက်ခပ်နေတာပါပဲ... အဲဒီကျတော့မှ လပြည့်ကို မခွဲနိုင်လောက်အောင်ချစ်တယ်လို့ ပိုသိရတယ်..."

ညို့ရဲ့အချစ်ကိုသိရလို့လည်း ကြည်နူးချမ်းမြေ့ရပါတယ်။ ဟိုတုန်းက လပြည့် အရမ်းရောက်ချင်တဲ့ တစ်ဘက်ကမ်းမှာ အခုတော့ ထိုင်နေလို့ရခဲ့ပြီ။ လပြည့်တွေချင်လွန်းလို့ စောင့်ကြည့်ရတဲ့ ရေသူမလေးက ရင်ခွင်ထဲမှာ...။

" တကယ်တော့ ကောင်းကင်ပေါ်မှာ လမင်းကြီးရှိတဲ့ရက်က ပြည့်ပြည့်ဝဝ တစ်ရက်တည်းပါ... မှောင်မိုက်တဲ့ရက်တွေလည်း ရှိပါတယ်... ရေသူမလေးအတွက်တော့ လပြည့်နဲ့ အတူနေရမှ နေ့စဉ်ရက်ဆက် လပြည့်ရက်ကြီးပါပဲ လပြည့်ရယ်..."

" ရေသူမလေးက ရေကူးကောင်းသလို အပြောလည်း ကောင်းတာပါလား..."

စိတ်ချပါ... ရေသူမလေးရယ်...

မင်းအတွက်တော့ လပြည့်ရဲ့ ရင်ခွင်ဟာ ထာဝရ လပြည့်ရက်တွေချည်းပဲ ဖြစ်စေရမယ်...။ လပြည့်အတွက်လည်း ရင်ခွင်မှာ ရေသူမလေးရှိနေမှတော့... ပျော်ရွှင်ဖွယ် လပြည့်ရက်တွေချည်းပါပဲလေ...။